ပဲခူးမြို့

သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်
ဆရာတော်ဘုရားကြီး

အရှင်ပညာဇောတ

၏

အိန္ဒိယ - သီရိလင်္ကာ
ဘုရားပုံးလမ်းသစ်

ဖြန့်ချိရေး

သစ္စာမဏ္ဍိုင် ပိဋကတ်စာအုပ်ဆိုင်

အမှတ် ၂၂ ရွှေတိဂုံဘုရားကြီးဈေး၊
ရန်ကုန်မြို့။

၁ ၅ ... ၇

သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်
ဆရာတော်ဘုရားကြီး

အရှင်ပညာဇေါတ

၏

အိန္ဒိယ - သီရိလင်္ကာ
ဘုရားဖူးလမ်းညွှန်

ဖြန့်ချိရေး

သစ္စာမဏ္ဍိုင် ပိဋကတ်စာအုပ်ဆိုင်
အမှတ် ၂၊ ရွှေတိဂုံဘုရားကြီးဈေး၊
ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၉၄၈)
ဘာသာရေးဆိုင်ရာ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၃၂) နောက်ဆက်တွဲ
မျက်နှာဖုံးပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၀၆၃)

၁၉၇၂-ခု — ဇွန်လ

အကြိမ် — ပထမအကြိမ်

အုပ်ရေ — ၂၀၀၀

တန်ဘိုး — ၁၀ ကျပ်

အဖုံးရိုက် — 'တိုး'

△ ထုတ်ဝေသူ △

ဒေါ်သိန်းတင် (မြ—၀၂၇၆)
ဇေယျဝတီစာအုပ်တိုက်
အမှတ် ၇၊ ရွှေတိုဘုရားစေ့း၊ ရန်ကုန်။

△ ပုံနှိပ်သူ △

ဒေါ်ရင်မြ (မြ—၀၄၀၉)
တိုး စာပုံနှိပ်တိုက်
အမှတ် ၂၅၃၊ ကရိုလမ်း၊ ရန်ကုန်။

အခြေခံနိဒါန်း

အိန္ဒိယသီဟိုဠ်များသို့ ဘုရားဖူးသွား မှတ်တမ်းပေါင်းများ စုဝေရိုတဲ့အကြောင်းကို၊ ဘုရားဖူးသွားသူတိုင်း အသိဖြစ်ကြပါလိမ့်မည်၊ သို့သော်လည်း ဘုရားဖူးသွားမှတ်တမ်းများမှာ အိန္ဒိယသီဟိုဠ်တပေါင်းတည်းမရှိ၊ တခြားစီသာ ရှိကြသည့်အပြင် ရောက်လိုရာဌာနများစုံစေ့အောင် မပါတတ်ကြပါ။

အသင့်အတင့် စုံစေ့သော်လည်း လက်တွေ့သွားရာ၌ ဒီဟာဘယ်ဌာန၊ ဘာအဆောက် အဦးဟူ၍ မမေးမြန်းရဘဲ သိဖို့ရန် အမှတ်အသားမပါသော့ကြောင့် များစွာခက်ခဲလှပါသည်။

စုံလည်းစုံ၊ အမှတ်အသားလည်း ပါသည်ဘဲ ထားဦးတော့ စကားဝါကျရှည်လျားလှသဖြင့် စာအုပ်ကို အားကိုးအားထားပြု၍ သွားကြရသော ဘုရားဖူးများမှာ လိုရာကိုလွယ်ကူစွာ မရောက်နိုင် မတွေ့ရှိနိုင်ကြဘဲ အချိန်သာကုန်လွန်စေခဲ့ကြရပါသည်။

ၜင်းအပြင်ရှေးဘုရားဖူးသွား သူတော်စဉ်များမှာ လိုက်ပို့သူ အဆင်သင့်ရှိကြသဖြင့် သွားရောက်လည်ပတ် ဖူးမြော်ကြရန် လွယ်ကူကြသော်လည်း ယခု ဗုဒ္ဓဇယန္တီပုံတော်အတွင်း သွားကြသည့် ဘုရားဖူးများမှာ အင်မတန်များပြားလှသည့်အတွက် လိုက်ပို့သူကို မရရှိကြသဖြင့် ကိုယ့်ဒုံးကိုယ်ချန်ဆိုတာလို စမ်းရမ်းပြီးသွားကြရခြင်းလည်း ဘယ်သင်းဘယ်ဟာဟူ၍ အတိအကျမသိရှိကြရ၊ စမ်းတဝါးဝါးနှင့် ဖူးမြော်ပြန်ခဲ့ကြရတာ ဇွဲကုန်ရကျိုးမနပ်၊ အားမလိုအားမရဖြစ်ခဲ့ကြရသည်မှာ စာရေးသူနှင့်တကွ ဗုဒ္ဓဇယန္တီပုံတော်ဘုရားဖူးသွားသူ ပေါင်းများစွာပင် သိကြပြီးဖြစ်၍ အဆူးခွဲထွင်ရေးသားဖို့ လိုတော့မည်မဟုတ်ပါ။

နိဒါန်း

သို့အတွက်နောင်အခါဘုရားဖူးသွားသူများ စမ်းတဝါးဝါး မဖြစ်ကြဘဲ စာအုပ်ကြည့်ရှုမျှဖြင့်ပင်၊ ဘယ်ဌာန ဘယ်အဆောက် အဦးဟူ၍ လွယ်ကူစွာသိရှိကြစေခြင်းငှာ၊ ဆိုင်ရာဌာနများကို အတိုင်း အတာ အမှတ်အသားနှင့်တကွ ခေါင်းစဉ်မာတိကာပါတပ်၍ မကျဉ်း မကျယ် သိသာပေါ်လွင်သော စကားများဖြင့် တန်းဆာဆင်ကာ အိန္ဒိယသီဟိုဠ် ဗုဒ္ဓဂယန္တီဘုရားဖူးလမ်းညွှန် ဟူသောစာအုပ်ကို ရေး ထုတ်တင်ဆက် လိုက်ရပါကြောင်း။ ။

မှာထားချက်။ ဤစာအုပ်ကို စာမူရေးပြီးစကပင် ပုံနှိပ် ရန် ရည်ရွယ်ချက် ရှိသော်လည်း အိန္ဒိယ သီဟိုဠ် ဘုရားဖူးသွားခွင့် ရပ်တန့်သွားသောကြောင့်အနှစ်(၂၀)ကျော်မျှ၊ စောင့်ဆိုင်းနေခဲ့ရာ၊ ယခုဘုရားဖူးသွားခွင့် ပြန်ရကာမှ အသက်ဝင်လာသည့်ပမာ ရိုက်နှိပ် ပူဇော်ဖြန့်ဝေလိုက်ရပါကြောင်း။ ။

အရှင်ပညာဇောတ(နာယက)
သာသနာ့မဏ္ဍိုင် (ပါဠိတက္ကသိုလ်)
ပဲခူးမြို့။

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်၊ အင်္ဂါနေ့၊
(၁၀. ၃. ဂ၁)။

မာတိကာ

ဦးရေ	ခေါင်းစဉ် မာတိကာ	စာမျက်နှာ
၁။	ဘုရားဖူးသွားရကျိုးနှင့် ဒဿနိယဌာနသံဝေဇနိယ ဌာနတို့ကိုပြခြင်း	၁။
၂။	ဘုရားဖူးသွားရကျိုးပြ လက်ဝ	၂။
၃။	၎င်းမြန်မာကဗျာကို အဓိပ္ပါယ်ရှင်းပြခြင်း	၂။
၄။	ဘုရားရှင်တိုင်း၏မစ္စန္ဒရာအဝိဇဟိတဌာနလေးပါး	၃။
၅။	ဗုဒ္ဓပဏာမဂါထာ ပါဠိအနက်	၃။
၆။	ဓမ္မသံဃပဏာမဂါထာပါဠိအနက်	၄။
၇။	ရန်ကုန်မြို့မှ ကာလကတ္တားမြို့သို့ (၇၀၇)မိုင်	၆။
၈။	ကာလကတ္တားမြို့၌ ကြည့်ရှုဘွယ်များ	၈။
၉။	မြို့စယံ ပြတိုက်ကြီး	၈။
၁၀။	ဝိတိုရိယ ပြတိုက်ကြီး	၈။
၁၁။	တီရစ္ဆာန်ရုံကြီး	၉။
၁၂။	ပိဋကတ်နှင့် စာကြည့်တိုက်ကြီး	၉။
၁၃။	နယူးမတ်ကပ် စျေးကြီး	၉။
၁၄။	မျှော်စင်ကြီး	၉။
၁၅။	ဟောင်းရှားတံတားကြီး	၉။
၁၆။	ဗေဒနိဂါနှင့် ဥယျာဉ်ကြီး	၉။
၁၇။	ကြာလင်ပန်း ရှက်ကြီးများ	၁၀။
၁၈။	ညောင်ပင်ကြီးသွားရန်ခရီးစဉ်	၁၀။
၁၉။	ဂျိန်းဘုရားကျောင်းကြီး	၁၀။
၂၀။	ကာလကတ္တားမှ ဂယာသို့ (၂၉၂)မိုင်	၁၁။
၂၁။	ဂယာမှ မဟာဗောဓိသို့	၁၁။
၂၂။	မြန်မာ ဘုန်းတော်ကြီး ကျောင်း	၁၁။

မာ တိ ကာ

ဦးရေ	ခေါ်င်းစဉ် မာတိကာ	စာမျက်နှာ
၂၃။	မဟာဗောဓိ စေတီတော်ကြီး	၁၁။
၂၄။	စေတီ၏ ကောင်းမှုရှင်	၁၁။
၂၅။	မဟာဗောဓိစေတီ၏ ဥာဏ်တော်	၁၁။
၂၆။	မဟာဗောဓိပင်	၁၂။
၂၇။	သတ္တဋ္ဌာနများနှင့် မြေပုံ အကျဉ်း	၁၃။
၂၈။	ပလ္လင်္ကသတ္တာဟ	၁၂။
၂၉။	အနိမိသ သတ္တာဟ	၁၂။
၃၀။	စင်္ကမသတ္တာဟ	၁၅။
၃၁။	ရတနာဃရ သတ္တာဟ	၁၅။
၃၂။	အဇပါလ သတ္တာဟ	၁၅။
၃၃။	မုစလိန္ဒ သတ္တာဟ	၁၅။
၃၄။	ရာဇာယတန သတ္တာဟ	၁၅။
၃၅။	တပုဿတို့ ညီနောင်	၁၆။
၃၆။	တခြားကြည်ရှုဘွယ်များ	၁၆။
၃၇။	နေရဟူရာမြစ်ခွဲ	၁၆။
၃၈။	ဘဲကွက်ရိုရှာ	၁၆။
၃၉။	ကုလားသင်္ဘော အိမ်ကုန်းပြင်	၁၆။
၄၀။	ဃနာနို့ဆွမ်း ကပ်လှူသောနေရာ	၁၆။
၄၁။	သုဇာတာ အိမ်ကုန်းနေရာ	၁၆။
၄၂။	ဃနာနို့ဆွမ်း ဘုဉ်းပေးတော် မူရာ	၁၇။
၄၃။	ရွှေခွက်မျှောသော နေရာ	၁၇။
၄၄။	နေရဟူရာမြစ်မကြီး	၁၇။
၄၅။	သုဇာတာရှာ သေနနိဂုံး	၁၇။
၄၆။	ဘုရားလောင်းနေ့သန့်စင်ရာနေရာဌာန	၁၇။
၄၇။	သုဒ္ဓိယမောင်စင်ရှာ	၁၇။

ဦးရေ	ခေါင်းစဉ် မာတိကာ	စာမျက်နှာ
၄၈။	မဟာနှံ့သင်္ဘေးဏိတ္ကိုက်အိမ်	၁၇။
၄၉။	ဘကြီးတော်မင်းကြီး၏ ကျောက်စာတိုက်	၁၈။
၅၀။	ဒုက္ခရစရိယာတောင်သို့	၁၈။
၅၁။	ဥရုဝေလ တောတန်း	၁၈။
၅၂။	ဂယာသီသတောင် (ဥပကဇတောင်)	၁၈။
၅၃။	နဒီကဿပ၏ နေရာ	၁၉။
၅၄။	ဘုရားနှင့် ဥပကဇတို့ဈာပနေ	၁၉။
၅၅။	ဗုဒ္ဓဂယာမှ ရာဇဂြိုဟ်ပြည်သို့ (၄၂)မိုင်	၁၉။
၅၆။	ရာဇဂြိုဟ်မြို့တွင်း ဖူးမြော်ဘွယ်များ	၂၀။
၅၇။	ရှေးလှည်းကြောင်း ရာများ	၂၁။
၅၈။	အလောင်းတော်ဆွမ်းဘုဉ်းပေးရာ(ပဏ္ဍာဝတောင်)	၂၀။
၅၉။	ဂိဇ္ဈကူဋ်တောင်	၂၀။
၆၀။	ဆေးရုံ ကျောင်းတော်ရာ	၂၀။
၆၁။	ဗိမ္ဗိသာရမင်းကြီး၏ ဝေါမှုဆင်းသက်ရာ	၂၀။
၆၂။	ရှင်အာနန္ဒာဘရားအားထုတ်သောလှိုဏ်ဂူနေရာ	၂၁။
၆၃။	ဘုရားရှင်နေထိုင်ခဲ့သော ကျောင်းတော်ရာ	၂၁။
၆၄။	ဇီဝကဏ် သရက်ဥယျာဉ်နေရာ	၂၁။
၆၅။	ဗိမ္ဗိသာရမင်းကြီး၏ အကျဉ်းထောင်နေရာ	၂၁။
၆၆။	ဒေဝဒတ် ကျောက်ဘုံးလှိမ့်ချရာ	၂၁။
၆၇။	မူလခါတ်တော်တိုက်ကြီး	၂၁။
၆၈။	ဗိမ္ဗိသာရမင်းကြီး၏ ဘဏ္ဍာဘုံက်	၂၁။
၆၉။	ရာဇဂြိုဟ်ပြည် တံခါးဝ	၂၂။
၇၀။	ရေပူ ရေအေး ကန်များ	၂၂။
၇၁။	မြန်မာဘုန်းတော်ကြီးကျောင်း	၂၂။
၇၂။	အဇာဘသတ်မင်း၏ နန်းတော်သစ်	၂၂။

ဦးရေ	ခေါင်းစဉ် မာတိကာ	စာမျက်နှာ
၇၃။	အဇာတသတ်မင်း၏ ဓါတ်တော်တိုက်	၂၂။
၇၄။	ဝေဠုဝန် ကျောင်းတော်ရာ	၂၃။
၇၅။	တဝေါဒါမြစ်	၂၃။
၇၆။	ပိပ္ပလိလိုဏ်ဂူ (ဝေဘာရတောင်)	၂၃။
၇၇။	ပဌမသံဂါယနာတင်ရာ စရီးဂင်လိုဏ်ဂူကြီး	၂၃။
၇၈။	ဝေပုလ္လတောင်	၂၄။
၇၉။	ဒေဝဒတ်လိုဏ်ဂူ	၂၄။
၈၀။	ဂျာသိဂိလိတောင်	၂၄။
၈၁။	ပုက္ကုသာကိမင်းကြီး၏ အရိုးဓါတ်စေတီ	၂၄။
၈၂။	ရာဇဂြိုဟ်မှ နာလန္ဒသို့ ၉ မိုင်	၂၄။
၈၃။	နာလန္ဒ ကျောင်းတော်နှင့် ရှင်သာရိပုတ္တရာ၏ မွေးဖွားရာ	၂၅။
၈၄။	ပြတိုက်ကြီးနှင့် ရှေးဟောင်း ပစ္စည်းများ	၂၅။
၈၅။	ရာဇဂြိုဟ်မှ ပါဋလိပုတ္တသို့ ၆၂-မိုင်	၂၅။
၈၆။	ဝိသာခါ၏ မွေးရာဇာတိ ဘတ္တိယပူမြို့	၂၅။
၈၇။	ပါဋလိပုတ္တမြို့၌ ဖူးမြော်ဘွယ်များ	၂၆။
၈၈။	အသောကာရုံ ကျောင်းတော်ရာ (တတိယသံဂါယနာတင်ရာ)	၂၆။
၈၉။	ပဟာဝေစေတီတော်နှင့် အသောကကျောက်တိုင်	၂၆။
၉၀။	ပြတိုက်နှင့် ရှေးဟောင်း ပစ္စည်းများ	၂၆။
၉၁။	ပါဋလိပုတ္တမြို့မှ ဝေသာလီပြည်သို့ ၇၀-မိုင်	၂၆။
၉၂။	ဝေသာလီပြည်၌ ဖူးမြော်ဘွယ်များ	၂၆။
၉၃။	ဝါသိကာရုံ ကျောင်းတော်ရာနှင့်ကူဋာဂါရစေတီ	၂၆။
၉၄။	ဝေသာလီမင်းတို့၏ နန်းတော်ရာ	၂၆။
၉၅။	ဒုတိယသံဂါယနာတင်ရာ ကျောက်တိုင်ကြီး	၂၆။
၉၆။	ပါဋလိပုတ္တမြို့မှ ပ ရာဏသီမြို့သို့ ၉၁ မိုင်	၂၇။

ဦးရေ	ခေါင်းစဉ် မာတိကာ	စာမျက်နှာ
၉၇။	မြန်မာဘုန်းတော်ကြီး ကျောင်း	၂၇။
၉၈။	မိဂဒါဝုန်တောသို့ ၆.မိုင်	၂၇။
၉၉။	မိဂဒါဝုန်တော၌ ဖူးမြော်ဘွယ်များနှင့် မြေပုံ	၂၉။
၁၀၀။	ဓမ္မစကြာစေတီတော် (ဓမ္မစကြာဟောရာ)	၂၇။
၁၀၁။	ကျောက်ကန္ဒီစေတီတော် (ပဉ္စဝဂ္ဂိတို့နှင့်တွေ့ရာ)	၂၈။
၁၀၂။	ဓမ္မရာဇိကစေတီတော် (အနတ္တလက္ခဏသုတ်ဟောရာ)	၂၈။
၁၀၃။	အသောက ကျောက်တိုင်နှင့် ကျောင်းတော်ရာများ	၂၈။
၁၀၄။	နန္ဒီယသူကြွယ် ကျောင်းတော်ရာ	၃၁။
၁၀၅။	ကုမာရဒေဝီ ကျောင်းတော်ရာ	၃၁။
၁၀၆။	ရေကန် ရေမြောင်းနှင့် သမင်များ	၃၁။
၁၀၇။	ဓါတ်တော်တိုက်ကြီး	၃၁။
၁၀၈။	ဗောဓိပင်နှင့် အာလိန်ငါးဆင့်	၃၁။
၁၀၉။	တရုပ်ဘုရားကျောင်း	၃၁။
၁၁၀။	ဟိန္ဒီ ဘုရားကျောင်း	၃၁။
၁၁၁။	ပြတိုက်ကြီးနှင့် ရှေးဟောင်း ပစ္စည်းများ	၃၂။
၁၁၂။	ရုပ်ပွားတော်နှင့် ဘုရားလောင်း ပုံတော်	၃၂။
၁၁၃။	ကျောက်ထီးကြီး	၃၂။
၁၁၄။	ယူနီဗာစိတီ ကျောင်းကြီး	၃၂။
၁၁၅။	ဂင်္ဂါမြစ်နှင့် နှစ်ထပ်တံတားကြီး	၃၂။
၁၁၆။	ဂင်္ဂါမြစ် ရေချိုးဆိပ်	၃၂။
၁၁၇။	ဗာရာဏသီမှ ကုသိနာရုံသို့ ၁၃၉-မိုင်	၃၂။
၁၁၈။	ကုသိနာရုံ၌ ဖူးမြော်ဘွယ်များ	၃၃။
၁၁၉။	ကုသိနာရုံ စေတီတော် (ပရိနိဗ္ဗာန်စံရာ)	၃၃။

ဦးရေ	ခေါင်းစဉ်နှင့် မာတိကာ	စာမျက်နှာ
၁၂၀။	ကုသိနာရုံ ရှေသာလျောင်း	၃၃။
၁၂၁။	ရဟန္တာ ကျောင်းတော်ရာများ	၃၃။
၁၂၂။	အင်ကြင်းဥယျာဉ်	၃၄။
၁၂၃။	ရေကြည်တော် သုံးဆောင်ရာဌာန	၃၄။
၁၂၄။	မကုဋ္ဌဗန္ဓစေတီတော် (တေဇောဓါတ်လောင်ရာ)	၃၄။
၁၂၅။	မြန်မာဘုန်းတော်ကြီး ကျောင်း	၃၄။
၁၂၆။	တခြားအဆောက်အဦးများ	၃၄။
၁၂၇။	ကုသိနာရုံမှ လုမ္ဗနီသို့ (၁၀၂)မိုင်	၃၄။
၁၂၈။	လုမ္ဗနီ၌ ဖူးမြော်ဘွယ်များ	၃၅။
၁၂၉။	မယ်တော်မာယာ၏ အုတ်လိုဏ်ဂူ	၃၅။
၁၃၀။	အသောက ကျောက်တိုင်	၃၅။
၁၃၁။	ရေသန့်ဇင်ရာ ရေကန်	၃၅။
၁၃၂။	မြေပုံကြီးများနှင့် ကျောက်တိုင်များ	၃၅။
၁၃၃။	သာသနာ (၂၅၁၀) ပြည့် အထိမ်းအမှတ်ကျောက်တိုင်သစ်	၃၅။
၁၃၄။	ကပိလဝတ်ပြည်သို့ ၁၂ မိုင်	၃၅။
၁၃၅။	ဒေဝဒဟပြည်သို့ ၁၂-မိုင်	၃၆။
၁၃၆။	ဟိမဝန္တာတောင်ဘုန်းကြီး	၃၆။
၁၃၇။	လုမ္ဗနီမှ သာဝတ္ထိပြည်သို့ (၇၇)မိုင်	၃၆။
၁၃၈။	ဘာလ်ရန်ပူမြို့နှင့် ဘုန်းတော်ကြီးကျောင်း	၃၆။
၁၃၉။	သာဝတ္ထိပြည်၌ ဖူးမြော်ဘွယ်များ	၃၆။
၁၄၀။	ကဏ္ဍမွှေစဉ်တော် (ဘိတ္ထိတို့နှင့် တန်ခိုးပြိုင်ရာ)	၃၇။
၁၄၁။	ဒေဝဒတ်မြေမျိုသော ရေကန်	၃၇။
၁၄၂။	စိဉ္စမာန မြေမျိုသောရေကန်	၃၇။
၁၄၃။	သာဝတ္ထိပြည် မြို့ရိုးတံတိုင်း	၃၇။
၁၄၄။	သောဘိနီစေတီ	၃၇။

ဦးရေ	ခေါင်းစဉ် မာတိကာ	စာမျက်နှာ
၁၄၅။	ကော်သလမင်းကြီး၏ နန်းတော်ရာ	၃၇။
၁၄၆။	ပဌာစာရီတို့ ကူးသောအစိရဝတီမြစ်	၃၈။
၁၄၇။	ပုဗ္ဗာရုံကျောင်းတော်ရာ (ဝိသာခါဆောက်ခဲ့သည်)	၃၈။
၁၄၈။	ဇေတမင်းသား၏ မုဒ်ဦးပြာသာဒ်နေရာ	၃၈။
၁၄၉။	အနွံ့ဝနခေါ်သော မိုက်ဘာဥယျာဉ်	၃၈။
၁၅၀။	စက္ခုပါလမထေရ် နေခဲ့သော တော	၄၁။
၁၅၁။	ဇေတဝန်ကျောင်းတော်ရာနှင့်အတွင်းအပြင်မြေပုံ	၃၉။
၁၅၂။	ဇေတဝန်ကျောင်းတော်အတွင်းဆယ်ဌာန	၄၁။
၁၅၃။	အာနန္ဒာဗောဓိပင်	၄၁။
၁၅၄။	ပုတိဂတ္တရဟန္တာ အရိုးစေတီ	၄၂။
၁၅၅။	ကောသမ္ဗက ကျောင်းဆောင်ရာ	၄၂။
၁၅၆။	သာမည ရဟန္တာအရိုးခါတ်စေတီ	၄၂။
၁၅၇။	ရှစ်ဒေါင့် ရေတွင်းကြီး	၄၂။
၁၅၈။	အင်္ဂုလိမာလ အရိုးခါတ်စေတီ	၄၂။
၁၅၉။	ဂန္ဓကုဋီဘိုက် ကျောင်းဆောင်ရာ	၄၂။
၁၆၀။	အသူရိန်နတ်မင်းကြီးအား တရားဟောချတ်ရာ ပလ္လင်	၄၃။
၁၆၁။	သလလကုဋီ ကျောင်းဆောင်ရာ	၄၃။
၁၆၂။	ကဇရရိကုဋီ ကျောင်းဆောင်နေရာ	၄၃။
၁၆၃။	ဓမ္မာရုံကြီး နေရာ	၄၄။
၁၆၄။	သာဝတ္ထိမှ သက်ဿနဂိုရ်ပြည်သို့ (၃၁၁)မိုင်	၄၄။
၁၆၅။	လက္ခဏနောင်းမြို့	၄၅။
၁၆၆။	သက်ဿနဂိုရ်ပြည်၌ ဖူးမြော်ဘွယ်မျှား	၄၅။

ဦးရေ ခေါင်းစဉ်နှင့် မာတိကာ စာမျက်နှာ

၁၆၇။ ကျေ့ဂက်ဆင်ရုပ်ကြီး(တာဝတိ သာမှ ဆင်းသက်ရာ) ၄၅။
၁၆၈။ ရှင်သာရိပုတ္တရာ၏ ကျောင်းတော်ရာ ၄၆။
၁၆၉။ နန်းတော်ဟောင်း ရာကြီး ၄၆။
၁၇၀။ သက်ဿနဂိုရ်ပြည်မှ အာဂရာမြို့သို့ (၁၂၀)ခန့် ၄၆။
၁၇၁။ အာဂရာမြို့၌ ကြည့်ရှုဘွယ်များ ၄၇။
၁၇၂။ တက်ရှမဟာ ကျောက်ဂူကြီး ၄၇။
၁၇၃။ တက်ရှ်မဟာ နန်းတော်ကြီးနှင့် စကျင်ကျောက် ပစ္စည်းစုံများ ၄၇။
၁၇၄။ အာဂရာမြို့မှ ဒေလီမြို့သို့ (၁၂၂) မိုင် ၄၈။
၁၇၅။ ဒေလီမြို့၌ ကြည့်ရှုဘွယ်များ ၄၈။
၁၇၆။ နန်းတော်မြို့ကြီးနှင့် ဂန္ဓီသမာဓိဂူ ၄၈။
၁၇၇။ သတိပဋ္ဌာန်တရားဟောရာ ကျောက်တိုင်နှင့် ကျောက်တိုင်ကြီး ၄၈။
၁၇၈။ မျှော်စင်ကြီးနှင့်ဗုဒ္ဓဘဲဘသာဘုရားကျောင်းစသည် ၄၉။
၁၇၉။ ဒေလီမှ စံချိအာဂျန္တာဘုံဘေမြို့များသို့ ၅၀။
၁၈၀။ ဝေဒိသာကဘောင်နှင့် စံချိစေတီတော်စသည်များ ၅၀။
၁၈၁။ ဂျလဂေါင်းမှ အာဂျန္တာသို့ သွားရန် ၅၀။
၁၈၂။ အာဂျန္တာ ကျောက်လိုဏ်ဂူကြီး များနှင့် ရုပ်လုံးပေါ် အနုပညာများ ၅၀။
၁၈၃။ ဘုံဘေမြို့၌ ကြည့်ရှုဘွယ်များ ၅၁။
၁၈၄။ မြို့စယ်ပြတိုက်ကြီးနှင့် တောင်ထိပ်ပန်းခြံ စသည်များ ၅၁။
၁၈၅။ ဘုံဘေမြို့မှ မဒရပ်စ်မြို့သို့ (၇၉၄)မိုင် ၅၁။
၁၈၆။ မဒရပ်စ်မြို့၌ ကြည့်ရှုဘွယ်များ ၅၁။
၁၈၇။ မဟာဗေဒေါ ဗုဒ္ဓဆိုရှယ်နီကျောင်းတိုက် ၅၁။

ဦးရေ ခေါင်းစဉ် မာတိကာ စာမျက်နှာ

၁၇၈။ မဒရပ်စ်မြို့မှ သီဟိုဠ်ကျွန်းသို့ (၄၂၂) မိုင် ၅၂။
၁၈၉။ ဟနုမံ ကျောက်တန်း ၅၂။
၁၉၀။ ဒန္ဒတ်ရှကိုဒီကျွန်းနှင့် ပင်လယ်ပြင် ၅၂။
၁၉၁။ တလိုင်းမင်းနှားမှ ကန္ဒီမြို့သို့ ၅၃။
၁၉၂။ ပဌမအကြိမ် စွယ်တော်ကို ဖူးမြော်ကြခြင်း ၅၃။
၁၉၃။ ဒုတိယအကြိမ် စွယ်တော်ကို ဖူးမြော်ကြခြင်း ၅၃။
၁၉၄။ စွယ်တော်ဖူး ပရိသတ် ၅၄။
၁၉၅။ မြန်မာဘုန်းတော်ကြီး ကျောင်း ၅၄။
၁၉၆။ ပေတာဝရနိယပန်းခြံ(ဗုဒ္ဓပြုတ်တို့ စစ်စာချုပ်ရာ) ၅၄။
၁၉၇။ အခြားကြည့်ရှုဘွယ်များနှင့်ကန္ဒီမြို့၏အနေအထား ၅၄။
၁၉၈။ ကန္ဒီမြို့မှ စေတီပါဒတောင်သို့ (၆၀)မိုင် ၅၄။
၁၉၉။ စေတီပါဒတောင်နှင့် စေတီပါဒတောင် ခေါ်ပုံ ၅၅။
၂၀၁။ စက်တော်ရာ အစစ် အတု ၅၅။
၂၀၁။ တက်သစ်စနေ၏ စက်တော်ရာအား ဦးတိုက်ပုံ ၅၆။
၂၀၂။ မြန်မာ့ဆေးပညာ ပြုပြင်ရေးနှင့် ဒီဝါဝိဟာရလှိုင် ၅၇။
၂၀၄။ လဘက်ပင်များနှင့် လဘက်ခြောက် ကြိတ်စက် ၅၇။
၂၀၅။ စေတီပါဒတောင်မှ ကိုလံဘိုမြို့သို့ (၆၀)မိုင် ၅၇။
၂၀၆။ ကလျာဏီမြစ် ၅၇။
၂၀၇။ မြန်မာဘုန်းတော်ကြီးကျောင်း ၅၇။
၂၀၈။ ကိုလံဘိုမှ်ပ်မှ အနုရာဓမြို့သို့ (၁၆၂)မိုင် ၅၈။
၂၀၉။ အနုရာဓမြို့၌ ဖူးစရာများ ၅၉။
၂၁၀။ သဃ်မိတ္တာ ဗောဓိပင် ၅၉။
၂၁၁။ မဟာစေတီတော်ကြီး ၅၉။
၂၁၂။ တူပါရာမစေတီနှင့် လက်ဝဲရာမ စေတီတော် ၅၉။
၂၁၃။ ဇေတဝန စေတီနှင့် အဘယဂိရိစေတီတော် ၆၀။

မာ တိ ကာ

ဦးရေ	ခေါင်းစဉ် မာတိကာ	စာမျက်နှာ
၂၁၄။	မရိမ်ဝဋ္ဌီစေတီနှင့် ဣဿရမုနိစေတီ	၆၀။
၂၁၅။	ဝေဿဂိရိ ကျောင်းတော်နှင့် လေဟပါသာဒ	၆၀။
၂၁၆။	မဟာဝိဟာရ ကျောင်းတိုက်နှင့် ပထမကစေတီ	၆၁။
၂၁၇။	မဟိန္ဒလေ တောင်စခန်းသို့ (၈)မိုင်	၆၁။
၂၁၈။	မဟိန္ဒလေ တောင်နှင့် အမွှထလမည်ပုံ	၆၁။
၂၁၉။	ဘုန်းတော်ကြီး ကျောင်းနှင့် အမွှထလစေတီ	၆၂။
၂၂၀။	သုမနကူဋနှင့် ရှင်မဟိန္ဒလိုဏ်ဂူ	၆၂။
၂၂၁။	သေလစေတီနှင့် ရှင်မဟိန္ဒတို့၏ ပုံတော်များ	၆၂။
၂၂၂။	ဘုဏ္ဍကစေတီနှင့် ကျောက်ခွက်ကြီးများ	၆၃။
၂၂၃။	အနုရာဓပြိုမှ ပေါလုနရုဝပြိုသို့ (၆၄) မိုင်	၆၃။
၂၂၄။	ပေါလုနရုဝပြိုဌ် ဖူးမြော်ကြည့်ရှုဘွယ်များ	၆၃။
၂၂၅။	စွယ်တော်ဘိုက်နှင့်ထူပါရာမဘုရားကျောင်းတော်	၆၃။
၂၂၆။	ဒမိလထူပစေတီနှင့် ပရက္ကမသမုဒ္ဒရာ စသည်များ	၆၄။
၂၂၇။	ပေါလုနရုဝပြိုမှ ဆိဂိရိယားနန်းတော်တောင်သို့ (၁၅)မိုင်	၆၄။
၂၂၈။	ကဿပဘုရင်၏ နန်းတော်နှင့် အမြင့်	၆၄။
၂၂၉။	အနှစ်တစ်ထောင်ကျော်က ပန်းချီကား စသည်	၆၅။
၂၂၀။	ဆိဂိရိယားမှ ဒမ္မုလလှိုဏ်သို့ (၁၀) မိုင်	၆၅။
၂၃၁။	သိကြားလှိုဏ်ဂူနှင့် ရာဇဝိဟာရ	၆၆။
၂၃၂။	ဒမ္မုလမှ အာလုဝိဟာရလှိုဏ်သို့ (၃၀) မိုင်	၆၆။
၂၃၃။	စတုတ္ထသံဂါယနာ(ပေထက်အကွာရာတင်ရာဌာန)	၆၇။
၂၃၄။	ရှင်ဗုဒ္ဓဃောသလိုဏ်ဂူနှင့် ဗောဓိပင်	၆၇။
၂၃၅။	စတုတ္ထသံဂါယနာတင်ယော ခုနှစ်နှင့်ဘုရင်မင်း	၆၇။
၂၃၆။	အာသောကလိုဏ်ဂူမှ ကန္ဒီပြို ကုံလံဘိုပြိုသို့ (၁၅.၈၇)မိုင်	၆၈။
၂၃၇။	ကုံလံဘိုမှ သာသနာ့ရိပ်သာသို့ (၁၈) မိုင်	၆၈။

ဦးရေ ခေါင်းစဉ် မာတိကာ စာမျက်နှာ

၂၃၈။ ရိပ်သာအခြေအနေနှင့် ကျောင်းအဆောက်အဦးများ ၆၈။
၂၃၉။ ကလျာဏီသိမ်တော်ကြီးနှင့် စေတီတော်ကြီး ၆၉။
၂၄၀။ ဓမ္မစေတီမင်းကြီးနှင့် သိမ်တော်အနေအထား စသည်များ ၆၉။
၂၄၁။ ကိုလံဘိုမြို့၌ ဖူးမြော်ဘွယ်များ ၇၀။
၂၄၂။ ယိုးဒယားကျောင်းနှင့် အသောကဝိဟာရ ၇၀။
၂၄၃။ ဣသိပတနာလယနှင့် မြူစယ်ပြတိုက်ကြီး ၇၀။
၂၄၄။ ဇူးခေါ် တိရစ္ဆာန်ရုံနှင့် ဆင်ဆပ်ကပ် အမျိုးမျိုး ၇၀။
၂၄၅။ ပင်လယ်ဆိပ်ကမ်းနှင့် ဝိသုဒ္ဓါရုံကျောင်းတိုက် ၇၁။
၂၄၆။ မဟာယက်ဏစေတီတော် ဖူးမြော်ရန်နှင့်ခရီးစဉ် ၇၁။
၂၄၇။ နာဂဒီပကျွန်း သွားရန်နှင့် လင်းလွန်းပင် စေတီတော်စသည် ၇၁။
၂၄၈။ သီဟိုဠ်ကျွန်းကိုလံဘိုမြို့မှ မဒရပ်စ်မြို့သို့(၄၂၂)မိုင် ၇၂။
၂၄၉။ မဒရပ်စ်မြို့မှ ကာလကတ္တားမြို့သို့ (၁၀၃၂)မိုင် ၇၃။
၂၅၀။ ကာလကတ္တားမြို့မှ မြန်မာပြည်ရန်ကုန်မြို့သို့ (၇၈၇)မိုင် ၇၃။
၂၅၁။ ဘုရားဖူးစထွက်သောနေ့နှင့် မြန်မာပြည် ပြန်ရောက်သော လ·ရက် များကို ပြခြင်း ၇၄။
၂၅၂။ ဌာနစုံ စေတီဘုရားများအား ရှိခိုးပူဇော် မြန်မာကဗျာများ ၇၆ ၇၄။

ဗုဒ္ဓဂယာ မဟာဗောဓိ စေတီတော်ပုံ



ဓမ္မေခ စေတီတော် ပုံတော်

အရေသာက ကျောက်စာတိုင်ထိပ်ရှိ ခြသေ့လေးစီး



သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ရာ ပုံတော်

သရက်ဖြူပင်ရင်းခ၌ တန်ခိုးပြာဋိဟာ ပြတော်မူရာ စေတီတော်



မင်းတုန်းမင်းဇရပ်



အသောက ကျောက်စာတိုင်

ပေါခိပင် နှင့် ရှေပလွင်



အနိမိသ စေတီတော်



မယ်တော်မာယာ သားဖွားခန်းပုံတော်



လုမ္မိနီ မယ်တော်မာယာ ကျောင်းဆောင်ပုံ

အသောက ကျောင်းတောရပို့



နာလန္ဒာတက္ကသိုလ် ကျောင်းတော်ပို့



ဘုရားအလောင်းတော် ဖွားတော်မူပြီးစ ခြေခုနစ်လှမ်း
ကြွသည့်အထိမ်းအမှတ်စေတီပုံများ



ကုသိနာရုံ မဟာပရိနိဗ္ဗာန် စေတီတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အိန္ဒိယ-သီရိလင်္ကာ

ဘုရားဖူးလမ်းညွှန်

ဘုရားဖူးသွားရကျိုးနှင့် ဒဿနိယ သံဝေဇနိယ ဌာနများ

(က) လုမ္ဗနီတဝ၊ ဗုဒ္ဓဂယာ၊ မိဂဒါကုသိန်၊ ဤလေးဝ၊ ဒဿနိယခေါ်။

(ခ) ဖွားသိ ဟော-သေ၊ ဤလေးထွေ၊ မှတ်လေဒဿနိယ။

၁။ ဘုရားအလောင်းတော်၏ ဖွားမြင်ရာ လုမ္ဗနီဌာန၊

၂။ သစ္စာလေးပါးသိ၍ ဘုရားဖြစ်ရာ မဟာဗောဓိဌာန၊

၃။ ဓမ္မစက္ကြာတရားဦးဟောရာ ဗာရာဏသီ မိဂဒါဝုန်ဌာန၊

၄။ ဘုရားရှင်၏ ပရိနိဗ္ဗာန်စံဝင်ရာ ကုသိနာရုံဌာန။

အထက်ပါ ဌာနကြီးလေးပါးတို့မှာ နောင်လာနောက်သားတို့၏ သွားရောက်ဖူးမျှော်ရာ ဖြစ်သောကြောင့် ဒဿနိယ ဌာန-ကြည့်ရှုဖူးမျှော်ရာအရပ်ဟူ၍လည်းကောင်း။

သွားရောက် ဖူးမျှော်သူများ၏ ဤမျှမြင့်မြတ်ကြီးမားသော တန်ခိုးရှင်မြတ်စွာဘုရားများပင် ပဋ္ဌိသန္ဓေနေရခြင်း၊ ဇာတိဘေး၊ သေရခြင်း မရဏ ဘေးတို့မှ မလွတ်ကြရလေရာ ငါတို့အတွက် ပြောဖွယ်မရှိဟု ကြောက်ရွံ့ထိတ်လန့်ခြင်း သံဝေဂ ဖြစ်ထိုက်ရာ ဖြစ်သောကြောင့် သံဝေဇနိယ၊ သံဝေဂဖြစ်ရာ ယူရာဌာနဟု ခေါ်ဆိုရပေသည်။

ဘုရားဖူးရကျိုးပြ လက်ဘနှင့် အဓိပ္ပါယ်

(က) ဤသည့်ရုပ်မှာ၊ လောင်းလျှာသခင်၊ ဖွားသန့်စင်၍၊
(၁) သဗ္ဗညာဏ်ထူး၊ ဆုတ်ယူခူးလျက်၊
(၂) ရှေးညုံးဓမ္မစက်၊ ဟောမြွက်ခဲ့ပေ။
(ဃ) စုတေမရဏာ၊ နိဗ္ဗာန်ကြွ၏၊ လေးပရပ်ခွင်၊ ရှိဦးဆင်၍၊ ဖူးမြင်စိတ်မှန်း ရှင်ရဟန်းနှင့် လူ၊ အဆူဆူကား၊ သေမူနတ်နန်း၊ ပျော်စံမြန်းသည်၊ သုတ်ကျမ်းမဟာ ဝါ၊ မိန့်ခွန်းတည်း။ ဟူသော ဆောင်ပုဒ်အတိုင်း·ဘုရား ဖူးသွားသောအခါ....

(က) လုမ္မနီဌာန ရောက်လျှင် ဤအရပ်ကား သဗ္ဗညုဘုရားရှင်၏ အမိဝမ်းကြောတိုက်မှ ဖွားသန့်စင်သောနေရာ ဌာနမြတ် ဖြစ်ပေသည် ဟူ၍ လည်းကောင်း။

(၁) မဟာဗောဓိဌာန ရောက်လျှင်·ဤအရပ်သည်ကား ဘုရားရှင်၏ သစ္စာလေးပါးကို သိမြင်၍ သဗ္ဗညုတ ဉာဏ်ထူးကိုရလျက် ဘုရားအဖြစ်သို့ ရောက်တော်မူရာဌာန ဖြစ်ပေသည်ဟူ၍ လည်းကောင်း။

(၂) မိဂဒါဝုန်ရောက်လျှင်·ဤအရပ်ကားဘုရားရှင်၏ ပဉ္စဝဂ္ဂိရဟန်းတို့အား ဓမ္မစကြာတရားဦးကို ဟောလျက် တဆယ့်ရှစ်ကုဋေသော နတ်ပြဟ္မာတို့၏ မဂ်ဖိုလ်ဉာဏ်ထူးကို ရရှိရာဌာနထူးကြီး ဖြစ်ပေသည် ဟူ၍ လည်းကောင်း။

(ဃ) ကုသိနာရုံကိုရောက်လျှင် ဤအရပ်သည်ကား ၀ါဘုရားရှင်၏ သက်တော်ရှစ်ဆယ် ၀ါတော် လေးဆယ့်၀ါးရ၍ လူ့ပြည်၌ နေနိုင်ခွင့် မရှိတော့ သဖြင့် နောက်ဆုံးသတ် အနေအားဖြင့် စုတေမရဏာ ပရိနိဗ္ဗာန် စံမြန်းရာဌာနထူးကြီး ဖြစ်ပေသည် ဟူ၍ လည်းကောင်း။

ရည်မျှော်မှန်းဆ ဖူးမျှော်ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့သည် ယခုဘဝမှာပင် ကိုယ်စိတ်နှစ်ဖြာ ကြည်သာရှင်ပြ ချမ်းသာခြင်းရရှိကြ၍ သေလွန်သည်မှ နောက်ဘဝ၌လည်း စတုမဟာဝတိ သာနှင့် ယာမာတုသီစရှိ ရောက်ခန်း ထက်ရပ်နန်းသို့ စံမြန်းရောက်ရှိတတ်ကြောင်းကို ဒီဃနိကာယ်မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်၌ ရှင်တော်ဘုရားဟောကြားခဲ့ပေသည်။ ထို့ကြောင့် နတ်ပြည်ရောက်လိုသူတိုင်း ထိုဌာနထူးမျှားကို သွားရောက်ဖူးမျှော်ထိုက်ပေသည်။ ။

ဘုရားတိုင်းမစွန့်ရသည့် အဝီဇဟိတ ဌာနလေးပါး

(က) ဗုဒ္ဓဂယာ၊ ဓမ္မစက္ကြာနှင့်၊ ဂန္ဓာကုဋီက၊ သင်္ကဿ၊ အဝီဇဟိတ ခေါ်။

(ခ) သီ-ဟော-မြဲနေ၊ ဆင်းနတ်ပြေ၊ လေးထွေဌာန၊ အဝီဇဟိတ ဟူသော ဆောင်ပုဒ် အတိုင်း—

၁။ သဗ္ဗညုဘုရားဖြစ်ရာ မဟာဗောဓိ ဗုဒ္ဓဂယာဌာန။
၂။ တရားဦးဓမ္မစက္ကြာဟောရာ ဗာရာဏသီ မိဂဒါဝုန်ဌာန။
၃။ ဘုရားရှင် (၂၅) ဝါကြာမျှ နေထိုင်ရာ ဇေတဝန်ဂန္ဓကုဋီဌာန။
၄။ ဘုရားရှင် တာဝတိံသာမှ ဆင်းသက်ရာ သင်္ကဿနဂိုရ်ဌာန။

အထက်ပါဌာနကြီးလေးပါးမှာ ဤကမ္ဘာ၌ပင်သော ဘုရားရှင်တိုင်း မစွန့်မူ၍ အသုံးပြုရာဌာန ဖြစ်သောကြောင့် အဝီဇဟိတဌာန ခေါ်ကြောင်း မဟာပဓာနသုတ်ပါဠိတော်၌ ဟောတော်မူခဲ့ပေသည်။ ။

ဗုဒ္ဓပဏာမဂါထာ ပါဠိအနက်

ဗောဓိမဏ္ဍေ မာရဘဋ်၊ ဉာဏဝရ သုဗောဓိတံ။
နာထံ ဝန္ဒိယ လိခိသံ၊ ဇယန္တိ မဂ္ဂဒေသကံ။

ဗောဓိမဏ္ဍော·ဗုဒ္ဓဂယာ မဟာဗောဓိစေတီ အခြေတည်သည့် ဗောဓိပင်ရင်း သန့်ရှင်းချေမ်း ရှေပလွင်နန်းဌ၊ မာရဘဥ္စံ·ဒေဝပုတ္တ ကိလေသနှင့် အဘိသင်္ခါရတဖြာ ခန္ဓာမစ္စု၊ ငါးခုဦးဆောင် ရာထောင်သိန်းသောင်း မာရ်စစ်သည်အပေါင်းကို ထောင်းထောင်း ကျေညက် ချေဖျက်ခုတ်ထွင် အောင်မြင်တော်မူပြီးသည်ဖြစ်၍၊ ဉာဏဝရ သုဗောဓိတံ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်မြတ်တို့ကို တတ်အပ်သေချာ ဆရာမရှိ ကိုယ်တိုင်ထိုးထွင်း၍ သိတော်မူတတ်သော၊ နာထံ·နတ်လူပြဟ္မာ သတ္တဝါဝေနေ မျှားဗိုလ်ချေတို့၏ ဇရာနေဦးဆောင် အခေါင်ထွင်ရှိချေ ကိုးစားရာအစစ် ဧကန်ဖြစ်ပြား မြတ်ဘုရားကို၊ ဝန္ဒိယ-ဂုဏ်တော်ပေါင်းစုံ ဉာဏ်ဝယ်ထုံလျက် ကြည်ယုံမြတ်နိုး ရှိခိုးလေးစားဦးထိပ်ထား၍၊ ဇယန္တီမဂ္ဂဒေသကံ·နှစ်ထောင့် ငါးရာ သာသနာ၏ ပြည့်လာကြုံရ ချိန်ကာလတွင် မျှားလူရှင်တို့ ဆင်ယင်ကျင်းပ ဗုဒ္ဓဇယန္တီ နာမည်တွင်ခေါ် မြတ်ပွဲတော်သို့ ဖူးမျှော်သွားလာ ရောက်ရာစခမ်း လမ်းညွှန်ကျမ်းကို၊ လိခိသံ-မကျယ်မကျဉ်း လိုရင်းဟူသမျှ ကုန်စေ့ငှအောင် ကျနတည်ထွင် စီစဉ်ပိုင်းခြား ရေးသားပေဘော့အံ့သတည်း။

ဓမ္မ သံဃပဏာမဂါထာ ပါဠိအနက်

မိဂဒါယေ ပဠဝဂ္ဂိနံ၊ ဓမ္မစက္ကံ ပဝတ္တိတံ။
အဋ္ဌာရသာပိ ကောဋ္ဌိကာ၊ ဝေနေယျာရိယတံ ဂတာ။
တေသံ ဝန္ဒိယ လိခိဿံ၊ ဇယန္တိ မဂ္ဂဒေသကံ။ ။

မိဂဒါယေ·ဘေးရန်ကင်းစင် သားသမင်တို့ ပျော်ရှင်နေရာ မိဂဒါဝုန် ယဂုံတင့်ဆန်း ဘောမြို့ပြင်စခန်းဌ၊ ပဠဝဂ္ဂိနံ·ကောဏ္ဍဉ်ဝပ္ပ ဘဒ္ဒိယ မဟာနာမ်တဘန်အဿဇိ စရှိငါးဖော် မထေရ်ခကျော်တို့ အား၊ ယံဓမ္မစက္ကံ·ဓမ္မစကြာ ရတနာညွှန်ဖူး အကြင်တရားထူးကို၊ ပဝတ္တိတံ·ကိလေမြူမှုန်း ကင်းလွတ်ခဝေးဘို့ ကြံတွေးကန ဟောပြ

ထွေထွေ လည်ပတ်စေတော်မူခဲ့လေပြီ။ တဒါ-မိဂဒါဝုန် ယဂုံတင့်ဆန်း တောမြို့ကြီးစခန်းတွင် စကြာယာဉ်မြတ်ခမ္မကို ဟောပြလည်စေရာ ထိုအခါ၌၊ အဌာရသကောဋီကာပိ-တဆယ်ရှစ်ကုဋေ တွက်ရေသမျှ မျှားပြားတော်မူကြကုန်သော၊ ဝေနေယျ-လူရောနတ်ပါဒြဟ္မာ-မကြွင်း ခပင်းမျှားကို မြက်ပုဂ္ဂိုလ်တို့သည်၊

အရိယတံ-ကိုလေသာစက် ပယ်ဖျက်စွန့်ခွါ အရိယာသူတော်စင်မြတ်တို့၏ အဖြစ်သို့၊ ဂတာ-ပါရမီညွှန်ဖူး ဂုဏ်ရည်ထူးကြောင့် ချီးကျူးအံ့လောက် ဆိုက်ရောက်တော်မူကြလေကုန်ပြီ၊ ဟေသံ-ထိုခမ္မစကြာ အစ - ဟောပြစုံပေါင်း ရှစ်သောင်းလေးထောင်မျှားမြောင်လှစွာ ဓမ္မကွန္ဒာနှင့် သင်္ဃာတွက်စစ် ဆယ်ရှစ်ကုဋေ ကိုလေပယ်သတ်အရိယာသံဃာတော်မြတ်တို့အား၊ ဝန္ဒိယ-ဦးချမြတ်နိုး ရှိခိုးပြီး၍၊ ဇယန္တီမဂ္ဂဒေသကံဗုဒ္ဓဇယန္တီ နာမည်တွင်ခေါ် မြတ်ပွဲတော်သို့ ဖူးမျှော်သွားလာ ရောက်ရာစခန်းလမ်းညွှန်ကျမ်းကို၊ လိခိသံ မကျယ်မကျဉ်း လိုရင်းချုံးခါ ရေးသားပါအံ့သတည်း။ ။

အင်ဒီယ သီဟိုဠ်ကျွန်းသို့ ဘုရားဖူးသွားမှတ်တမ်း

ရန်ကုန်မြို့မှ ကာလကတ္တားမြို့သို့ (၂၀၂) မိုင်

ဘုဝဂ-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၇)ရက်နေ့၊ ၁၉၅၆-ခုနှစ်၊ နိုဝင်ဘာလ(၉)ရက်နေ့ ညနေ၁၊နာရီအချိန် မြန်မာပြည် ရန်ကုန်မြို့တော် ပန်းဆိုးတန်း အထက်တံတား နိုင်ငံခြားသွားသင်္ဘောဆိပ်ကမ်းမှ (ဆန်ကိုလား) ခေါ်သော အိန္ဒိယပိုင် ပင်လယ်ကူးသင်္ဘောကြီးဖြင့် စတင်၍ ထွက်ခဲ့ကြသည်။

ဂင်းညဉ (၉) နာရီလောက် သီလဝါမီးပြရှိရာ ပင်လယ်ဂကိုရောက်၍ သင်္ဘောမောင်းသူ မာလိန်မှူးလဲလှယ်ကြသည်၊ လဆန်း (၈) ရက်နေ့ နံနက် (၇) နာရီခွဲလောက်မှာ မော်တင်စွန်းရှိမီးပြနှင့် အနောက်ရခိုင်တောင်ရိုးများကို တွေ့ရ၍ အနောက်မှ ခုတ်မောင်းလာသော (အောင်သစ္စာ) ခေါ် မြန်မာပိုင်သင်္ဘောကြီးတစင်းကို တွေ့ရသည်။ လဆန်း (၈) ရက်နေ့နှင့် (၉) ရက်နေ့များမှာ ရေထဲကပင် နေထွက်လာသည်ကို တွေ့ရ၍ ရေများ အစိမ်းအပြာ အနက်အဝေးဖြင့် အရောင် အမျိုးမျိုး တွေ့ရသည်၊ လှိုင်းလေ အနည်းငယ်ထန်၍ သင်္ဘောကြီးလှုပ်ရှားသည်၊ မှုးဝေ ဆောဇအန်လောက်အောင်မဟုတ်ပါ။

လဆန်း (၉) ရက်နေ့ညနေ (၄) နာရီ (၅၅) မိနစ် အချိန်မှာကားလကတ္တားမြို့ရှိရာ အိန္ဒိယဆိပ်ကမ်းပင်လယ်ဝသို့ရောက်၍ ကျောက်ချထားသော တခြားပင်လယ်ကူးသင်္ဘောကြီးများ (၁၁) စင်းလောက်ကို တွေ့ရသည်။

ဂင်းပင်လယ်ဝ၌ မာလိန်မှူးလဲလှယ်ရန် (၁) နာရီခန့် စောင့်နေကြပြီး (၆)နာရီလောက်မှာ ရွှေဆက်လက်ခုတ်မောင်းကာ ည (၉) နာရီလောက်မှာ ရေစောင့်ယင်း ပင်လယ်ဝ၌ပင် အိပ်ကြရသည်။

လဆန်း (၁၀) ရက်နေ့ နံနက် (၃) နာရီလောက် ရွှေဆက်လက်မောင်းကြရာ (၅) နာရီလောက် ကာလကတ္တားသွားရန် ဂင်္ဂါမြစ်ခွဲ ဟူဂလီမြစ်ဝရောက်၍ ရွှေဆက်လက်သွားကြရာ (၁၀) နာရီလောက်မှာ ကာလကတ္တားမြို့စပ်ကိုရောက်ကြပြီး နေ့ (၁၂) နာရီလောက်မှ သဘော်ဆိပ်ကမ်းကို ရောက်ကြသည်။

သဘော်ဆိပ်မှာ (ဟူဂလီ) ခေါ် ဂင်္ဂါမြစ်ခွဲ၏ ကမ်းဘေးကို မြောင်၍ အုတ်စီရေမြောင်းကြီးများပြုလုပ်ထားရာ သဘော်ကြီးများ ခဲယဉ်းစွာ လွှန်းထိုး၍ ဝင်ကြရသည်၊ အုတ်မြောင်းကြီးများမှာ ပင်လယ်ကူးသဘော်ကြီး (၃၀၀) ကျော်လောက်ဆန့်သည်။

ဆိပ်ကမ်းကပ်ခါနီး....အမည် နေရပ် နံပါတ် စသည် ရေးမှတ်လျှောက်လွှာတင်ပြီးမှ ဆင်းခွင့် ပစ္စည်းချခွင့်ရလေသည်။ ဆိပ်ကမ်းအဆောက်အဦး၌ ကာစတန်များက ပစ္စည်းများကို စစ်ဆေးရှာကြံ ရေးမှတ်လျက် ယူလာသော ဆန်အိပ်များကို တအိပ် ၁/ကျပ်ကျ အခကာက်ဆောင်ပြီးမှ ထွက်ခွင့်သွားခွင့်ပြုကြသည်။ ။

ဆိပ်ကမ်းအဆောက်အဦးမှ ထွက်ခွင့်ရပြီး ပစ္စည်းများကို မော်တော်ကားဖြင့်တင်ကာ (ဓမ္မသာလာ) ခေါ်သော မြန်မာဘုန်းတော်ကြီးများနေထိုင်ရာ အသင်းတိုက်ကျောင်းသို့သွားကြရာ၌ (၇) နာရီလောက်မှ ရောက်ကြသည်၊ ကားခ– ၂၀်/ပေးရသည်။

ဓမ္မသာလာမှာ....မြန်မာ ဘုရားဖူးများ ကြပ်တည်းနေ၍ တည်းခိုခွင့်မရကြပဲ ဘုန်းတော်ကြီး ဥုးပညာသီရိ ဥုးဝိစာရတို့၏ အကူအညီဖြင့် ၎င်းမှ တမိုင်ခန့်ဝေးသော (ဘင်္ဂါလီ အသင်းတိုက်ကို) သွား၍ တည်းခိုကြရလေသည်၊ ရှေ့ရောကားခ– ၁၈°/ပေးရသည်။

ဘင်္ဂလီအသင်းတိုက်၌ သံဃာ (၂၁) ခန့်ရှိသည်၊ စစ်တကောင်း အစိုးရမှ တည်ထောင်ထားသောဌာန ဖြစ်ရာ နာလန္ဒတက္ကသိုလ်အမည်ခံကာ ပညာသင်များနေရာဌာနဖြစ်သည်။

တက္ကသိုလ်ဥက္ကဋ္ဌ ဆရာတော် အရှင်ခမ္မာစာရနှင့် အာဘုင်းရေးမှူး အရှင်ခမ္မပါလတို့ ဦးဆောင်၍ နာယက (၆) ပါးအတွက် ဘင်္ဂလား အစိုးရတို့မှ တလ (၇၅°) တန် ထောက်ပံ့သည်၊ စာသင်သားများအတွက် တလစားစရိတ် (၁၅°)၊ အခန်းခ (၅°) အားဖြင့် (၂၀°) ထောက်ပံ့ပေး၍ ထားလေသည်။

ကံ့ဝလကတ္တားဘင်္ဂလီအသင်းတိုက်၌ (၁၁) ရက်နေ့မှ လပြည့်နေ့အထိ တည်းခိုနေထိုင်ကြခါ ဌေထုတ်ခြင်း၊ ရထားရဇပ်လုပ်ခြင်း၊ လက်မှတ်ခံခြင်း၊ အပြန်အတွက် သင်္ဘောလက်မှတ်ဝယ်ခြင်း၊ လည်ပတ်ခြင်းကိစ္စများကို ပြုလုပ်နေထိုင်ခဲ့ကြသည်။

ကံ့ဝလကတ္တားမြို့၌ ကြည့်ရှုဘွယ်များ

၁။ မြူစယံပြတိုက်ကြီး ။ ။ တည်းခိုရာ ကျောင်းမှ အနောက်တောင်ဘက် တမိုင်ခွဲလောက်မှာတည်ရှိ၍ သုံးထပ်တိုက်ကြီးဖြစ်သည်၊ သောကြာနေ့မှတပါး, ဝင်ခမပေးရ၊ ပြတိုက်ကြီး၌ တိရစ္ဆာန်သေမျိုးစုံ၊ ကျောက်ဓာတ်သတ္တုမျိုးစုံ၊ ကောက်ပဲသီးနှံပန်းချီကားမျိုးစုံနှင့် ရှေးဟောင်း ပစ္စည်းမျိုးစုံ ရှိသည်၊ ၂-ရက်လောက်ကြည့်ရှုမှ စေ့စုံနိုင်သည်။

၂။ ဝိတိုရိယားပြတိုက်ကြီး ။ ။ မြူစယံမှ တောင်ဘက်မိုင်ဝက်ခန့်ဝေးကွာ၍ အတွင်းအပြင် အီတလီကျောက်ပြားများဖြင့် စီထားသော သုံးထပ်တိုက်ကြီးပင်ဖြစ်သည်၊ ဝင်ခ ၄-ပဲပေးရသည်။

အတွင်း၌ ဘုရင် ဘုရင်မ စသည်တို့၏ ကျောက်ရုပ် ကြေးရုပ် ပန်းချီကား ဓါတ်ပုံမျိုးစုံ၊ အမြောက် သေနတ် လက်နက် မျိုးစုံ၊

အဝတ်တန်းဆာ၊ အသုံးအဆောင်မျိုးစုံ၊ စာအုပ်စာတမ်း မျိုးစုံရှိ၍ ဥယျာဉ် ရေကန် ပန်းခြံ စသည်တို့ဖြင့် လှပဆန်းကြယ်ပေ၏။

၃။ တိရစ္ဆာန်ရုံကြီး ။ ။ ဝိတိုရိယပြတိုက်မှ အနောက်တောင်ဘက် တမိုင်ကျော်လောက်မှာရှိ၍၊ ခြသေ့- ကျား- ဆင် - ကျားသစ်- ဝက်ဝံ– လူဝံ- စသည့် တိရစ္ဆာန်မျိုးစုံ ရှိသည်၊ ဝင်ခ ၃-၀ ပေးရ၏။

၄။ ပိဋကတ်စုံ စာကြည့်တိုက်ကြီး ။ ။ တိရစ္ဆာန် ရုံ၏ အနီးခြံကြီးအတွင်းမှာ တည်ရှိ၍ ဘာသာစုံ ကျမ်းစာများ ရှိသည်။

၅။ နယူးမက်ကပ်စျေးကြီး ။ ။ နေ့ရောညဉ့်ပါရောင်း သောသပ်ရပ်စုံလင် ကြီးကျယ် ခန်းနားသော စျေးကြီး ဖြစ်သဖြင့် ဘုရားဖူးရောက်သူတိုင်း မလွတ်တမ်းသွားရောက်ကြည့်ရှုဝယ်ခြမ်းရာ ဌာနကြီးဖြစ်ပေသည်။

၆။ မျှော်စင်ကြီး ။ ။ မြို့စယ်ပြတိုက်ကြီးအနီးမှာ တည်ရှိ၍ အလွန်မြင့်သည်၊ အတွင်းမှ ကြောင်လိန်လှေကားဖြင့် အထက်ထိပ်ပေါ် ရောက်အောင် တက်နိုင်သည်၊ အနားမှာ ဓာတ်ရထားများ လှည့်ရာ အဝိုင်းကြီးရှိသည်။

၇။ ဟောင်းရားတံတားကြီး ။ ။ ဟူဂလီ ခေါ်သော ဂင်္ဂါမြစ်ကို ဖြတ်ကျော်ထားသော ဓာတ်ရထား၊ ကား၊ လူကူးတံတားကြီးတည်း၊ ကိုက်(၉၀၀)ကျော်လောက် ရှည်လျား၍ (၄၅) ကိုက်လောက်ကျယ်သည်၊ ဟိုဘက်ဒီဘက်ကမ်း ၃/တိုင်စီ အားဖြင့် တိုင်- ၆/တိုင်သာရှိသော ဂုံးတံတားကြီး ဖြစ်သည်၊ မြစ်တွင်းမှာ တိုင်မရှိပေ၊ တံတားပေါ်မှ ဂုံးထောက်တိုင် ၃၉/စီ ရှိသည်။

၈။ ဗောဓနိဂါဒင်း ။ ။ မြို့မှ ၇/မိုင်လောက် ဝေး၍ ဟူဂလီမြစ်၏ အနောက်ဘက်ကမ်းမှာ တည်ရှိသည်၊ ကမ္ဘာပေါ်ရှိ သစ်ပင်မျိုးစုံ စိုက်ပျိုးပြသရာဖြစ်၍ အနှစ်ရာပေါင်း များစွာက

ပေါက်နေသောညောင်ပင်ကြီးတပင်ရှိသည်၊ပိန္နဲညောင်မျိုးဖြစ်သည်၊ ညောင်ပင်ကြီးမှ အစကတပင်တည်းဖြစ်သော်လည်း အမြစ်ထောက် ရုးမှာ အပင်ပွားဖြစ်၍ ဖြစ်၍ သွားသောကြောင့် အပင်ပေါင်း (၇၀၀)ကျော်လောက်ရှိပြီး၊ ပတ်လည်ခြေလှမ်း (၄၅၀)အ၀(၁၅၀) ခြေလှမ်းရှိသည်။

၉။ ကြာလင်ပန်းရက်ကြီးများ ။ ။ ညောင်ပင်ကြီးနှင့် မနီးမဝေး ရေကန်တည်းမှာ တည်ရှိ၍၊ ဝလံနီးပါးလောက်ကြီးပြီး အရှက်နားမှာ ထောင်တက်နေသော ရိုးရိုးကြာမျိုးဖြစ်သည်၊ ပဒုမ္မာ ကြာမျိုးမဟုတ်ပေ။

၁၀။ ညောင်ပင်ကြီး သွားရန် ခရီးညွှန် ။ ။ မြို့မှ ဟောင်းရားဘူတာအရောက် ၃၅/နံပါတ် ဘတ်စကားစီး- ကားခ ၆-ပြားပေးရသည်၊ ဟောင်းရားဘူတာမှ ၅၅/နံပါတ် ကားကိုစီး— ကားခ- ၁၀-ပြားပေးရသည်။

၁၁။ ဂျိန်းဘုရား ကျောင်းကြီးများ ။ ။ ကြီးကျယ် ခမ်းနားသော ဘုရား တိုက်ကြီး လေးဆောင်မျှရှိ၍၊ စက်တော်ရာ ပန်းခြံ ရေကန်များဖြင့် ကြည်နူးဘွယ်ရှိလှပေသည်၊ ရှေ့ပွားတော် များမှာ ကျောင်းဆောင်ကြီးများ အတွင်းမှာ တည်ရှိ၍ ရှေ့ဌေ စိန်ကျောက်ပတ္တမြား စသည့်ရတနာတို့ဖြင့် စီချယ်ထားသောကြောင့် သပ္ပါယ်လှပေသည်၊ မတ်ရပ်ရှပ်ပွား(၂)ဆူလည်း ရှိ၍ ဗမာရှပ်ပွား များလိုပင်ဖြစ်သည်၊

စက်တော်ရာမှာ ပကတိလူခြေရာလောက်သာရှိ၍ ကျောက် ရတနာမျိုးစုံတို့ဖြင့် စီခြယ်ထားသည်၊ ၎င်းဂျိန်းဘုရားကို သွားလို လျှင် ဘိုးဘဇားစေ့းမှ နံပါတ်(၃)၊ နံပါတ်(၁၁)ဘတ်(စ်)ကား များကိုစီးရသည်၊ (၅)ပြား ကားခပေးရသည်။

ကာလကတ္တားမှ ဂယာသို့ (၂၉၂)မိုင်

တန်ဆောင်မုန်းလဆန်း(၁၅)ရက်နိုဝင်ဘာလ(၁၇)ရက်နေ့ ညနေ(၈)နာရီ(၄၅)မိနစ်အချိန်တွင် ကာလကတ္တားမြို့ ဟောင်းရှေး ဘူတာကြီးမှ မီးရထားဖြင့် စတင်ထွက်ခွဲကြရာ လဆုတ်(၁)ရက်နေ့ နံနက်(၆)နာရီလောက်မှာ မဟာဗောဓိရှိရာ ဂယာမြို့ကို ရောက်ကြသည်၊ ဂယာမြို့ရောက်ခါနီး ဂိုက်တထောင်ခန့်ကျယ်သော နေရာကြီး မြစ်ကြီးကို တံတားဖြင့်ကူးရသည်။

မဟာဗောဓိသို့ ။ ။ မီးရထားမှ ဆင်းပြီး ဂယာမြို့မှ တောင်ဘက် (၇)မိုင်ခန့်ဝေးသော မဟာဗောဓိကို ဘတ်(စ်)ကား ဖြင့်သွားကြရာ(၇)နာရီလောက်မှာ မဟာဗောဓိအနီး မြန်မာဘုန်း တော်ကြီးကျောင်းကို ရောက်ကြသည်။ ကားခ ၁ဂိ/ပေးရသည်၊ မြင်းလှည်းဖြင့်သွားလျှင် ၃ိ/ဆိုက်တဲ့ဖြင့်သွားလျှင် ၂ိ/ပေးရသည်။

မြန်မာဘုန်းတော်ကြီးကျောင်း ။ ။ ဂယာမှ ကားနှင့် သွားလျှင် မဟာဗောဓိ ရောက်ခါနီး ကားလမ်း၏ လက်ျာဘက်မှာ တည်ရှိ၍ ၎င်းကျောင်းမှာ တည်းခိုကြရသည်၊ ဘုန်းတော်ကြီး ဘွဲ့ တော်မှာ ဥုံးဥတ္တမဖြစ်၍ မြန်အောင်ဇာတိ ဖြစ်သည်။

မဟာဗောဓိ စေတီတော်ကြီး ။ ။ စေတီတော်ကြီးမှာ တည်းခိုသည့် ကျောင်းမှ တောင်ဘက်(၃)ဖာလုံလောက်သာဝေး၍ ဗုဒ္ဓရှင်တော်မြတ်စ၍ ပွင့်ထွန်းရာ မဟာဗောဓိပင်ရင်းခံ ပလွင်တော် နေရာတွင် တည်ထားသော စေတီတော်ကြီးဖြစ်လေရာ လေးဒေါင့် (၂)ထပ်ဖြစ်လေသည်။

စေတီတော်ကြီး၏ ကောင်းမှုရှင်မှာ အဓေသောက မင်းကြီး ဖြစ်၍၊ မင်းတုန်းမင်းလက်ထက် ထပ်မံ၍ပြင်ဆင်ခဲ့လေသည်။

ဥာဏ်တော် ။ ။ စေတီ၏ ဥာဏ်တော်မှာ ပတ်လည် (၂၁၄)တောင်၊ အမြင့် (၁၀၆)တောင်ဘဝေရှိသည်၊ ရွှေဘက်မှ

ဝလှည့်ဖြစ်၍ လိုဏ်ထည်းဌ် ဥာဏ်တော်(၄)တောင်ခန့်ရှိသော ရုပ်ပွားတော်ကြီး တဆူရှိလေရာ ဖူးမျှော်မဘင့်ဘယ် သပ္ပါယ်လှပေသည်။

မဟာဗောဓိပင် ။ ။ စေတီတော်ကြီး၏ အနောက်ဘက်ရှစ်တောင်ခန့်ကွာမှာတည်ရှိ၍ လုံးပတ်(၅)တောင်ခန့် ရှိသည်။

မဟာဗောဓိပင်မကြီးမှ ပွားသည်ဟု အဆိုရှိသော်လည်း ဆရာတော် ဥုးဥတ္တမကတော့ သီဟိုဠ်ကျွန်းမှပင့်၍ စိုက်ထားသော သုံးဆက်မြောက် မြေးဖြစ်သည်ဟု အမိန့်ရှိလေသည်။

မဟာဗောဓိ သတ္တ ဌာနများ

၁။ ပလ္လင်္ကသဏ္ဌာဟ ။ ။ မဟာဗောဓိ စေတီတော်၏ အတွင်းရှိ ရုပ်ပွားတော်၏ တည်နေရာပလ္လင်ဖြစ်သည် (ဘုရားဖြစ်ပြီးနောက် ၇ ရက်တိုင်တိုင် မထင်ဘဲနေရာဖြစ်သည်)။

၂။ အနိမိသသတ္တာဟ ။ ။ စေတီတော်မှ အရှေ့မြောက်ဒေါင့် ၆၀/ကိုက် လောက်ကွာသည့် ကုန်းပြင်နေရာ ဖြစ်၍ မဟာဗောဓိပုံတော် စေတီယော်ဘဆူရှိသည်။

၁။ ပလ္လင်္ကသတ္တာဟ၊
၂။ အနိမိသသတ္တာဟ၊
၃။ စင်္ကမသတ္တာဟ၊
၄။ ရတနာဃရ၊
၅။ အဇပါလ၊
၆။ မုစလိန္ဒသတ္တာဟ၊
၇။ ရာဇာရတန၊
၈။ မြန်မာဘုန်းကြီးကျောင်း၊
၉။ မဟာန့်တိုက်အိမ်၊
၁၀။ အဇပါလဟု ခေါ်သောစေတီ၊

သတ္တဋ္ဌာနမျှားနှင့် ဓမ္မပုံအကျဉ်း



၁။ မဟာဗောဓိ အသင်းတိုက်၊
၂။ တိဘက်အသင်းတိုက်၊
၃။ ဗောဓိပင်ပေါ်ပေါ်ပ၊
၄။ ဗောဓိပင်နောက်စိုက်၊

၃။ စက်မသတ္တာဟာ ။ ။ စေတီတော်၏အရှေ့မြောက်ဘက် နားကပ်လျက် တည်သော အုတ်ခုံစက်ကြီးဖြစ်ပေသည် စက်ခုံမှာ အသစ်အဟောင်း (၂)ခုရှိရာ အသစ်မှာ-တဘောင် (၄၀)လောက် ရှည်၍ အသက်ပေါ်၌ကြာပွင့် (၁၉)ပွင့်ရှိသည်၊ တခုနှင့်တခု-နှစ်တောင်လောက်ခြားသည်၊ အဟောင်း၌ကြာပွင့် (၁၁)ပွင့်ရှိ၍ တခုနှင့်တခု(၄)တောင်လောက် ခြားသည်။

၄။ ရဘနာဃရသတ္တာဟာ ။ ။ ဓေတီတော်၏အနောက်မြောက်ဒေါင့်ကိုက်၆၈/လောက်ကွာဝေး၍(၈)တောင်ပတ်လည်အုတ်တိုက်ငယ်ကလေးတခုရှိသည်၊ (ဂင်းနေရာ၌ ဘုရားရှင် အဘိဓမ္မာဒေသနာတော်များကို ဆင်ခြင်တော်မူခဲ့သည်)။

၅။ အဇပါလသတ္တာဟာ ။ ။ စေတီတော်၏အရှေ့ဘက်ကိုက် ၅၁/အကွာ အုတ်လှေကား အဆင်းနားရှိသော လေးဒေါင့်ကျောက်တိုက်ကြီးနေရာဖြစ်သည်၊ ကျောက်တိုင်- ၆/တောင်ခန့်မြင့်သည်၊ (လှေကားအရှေ့ဘက်နားရှိသော စေတီနေရာ ဟူ၍လည်း အချို့ဆိုကြ၏)။

၆။ မုစလိန္ဒသတ္တာဟာ ။ ။ စေတီတော်၏ အရှေ့တောင်ဒေါင့်ကိုက် (၁၅၀)လောက်ကွာဝေးသော အုတ်ရေကန် နေရာဖြစ်သည်။

၇။ ရာဇာရတနသတ္တာဟာ ။ ။ ဓေတီတော်၏ တောင်ဘက် ကိုက်(၃၀)ခန့်အကွာရှိ တိုက်ငယ်ခုံကလေး နေရာဖြစ်သည်။

တဖုံသဘလိုကတို့ညီနောင် ။ ။ ၎င်းနေရာ၌ ရှေးလင်းလွန်းပင်ရှိ၍ ဘုရားရှင် (၇)ရက် တိုင်ဘိုင် သမာပတ် ဝင်စား၍ နေပြီးမှ နောက် တဖုံသဘလိုက·တို့နှင့်တွေ့၍ ဆံတော်များကို ချီးမြှောက် လိုက်လေသည်၊ ၎င်း ဆံတော်များကို ရွှေတိုဂုံ၌ ဌာပနာသည်။ ။

တခြား ကြည့်ရှု ဘွယ်များ

၈။ နေရဉ္ဇရာမြစ်ခွဲ။ ။ ။ ဆရာတော်ဥုးဥတ္တမကျောင်း အရှေ့ဘက် ကားလမ်းနှင့် ဥယျာဉ်တခုသာခြားရ၍ ကိုက်(၇၀၁)ခန့် ကျယ်ဝန်းသော မြစ်ကြီးဖြစ်၏၊ ရေစပ်စပ်သာရှိသည်။

၉။ ဘဂ္ဂရိုရှာ ။ ။ နေရဉ္ဇရာမြစ်ခွဲ၏ အရှေ့ဘက်ကမ်း တလျှောက် တောင်မြောက် ရှာတန်းရှည်ကြီးဖြစ်၏၊ (၎င်းရှာကို သုဇာတာနေရာ သေနိုဂုမ်းဟုဆိုကြသော်လည်း ဆရာတော် ဥုးဥတ္တမကဆက သေနိုဂုမ်းမှ ပြောင်းလာသော- ရှာသစ်ဟုအမိန့်ရှိသည်)။

၁၀။ ကုလားသဇွေးအိမ်ကုန်းပြင် ။ ။ ဘဂ္ဂရိုရှာ၏ မြောက်ဘက်စွန်းမှာ တည်ရှိသည်၊ (၎င်းကို သုဇာတာ အိမ်နေရာ ဖြစ်သည်ဟု ပြောကြသော်လည်း သုဇာတာအိမ်နေရာမဟုတ်ကြောင်း ဆရာတော် ဥုးဥတ္တမ အမိန့်ရှိတော်မူသည်။

၁၁။ ဃနာနို့ဆွမ်း ကပ်လှူသောနေရာ ။ ။ ကုလားသဇွေးအိမ်ကုန်းမှ အရှေ့ဘက်ကိုက်(၄၀၀)လောက် ကွာသည့် ကုန်းမြေပြင်နေရာ ဖြစ်သည်။ ၎င်း၌ညောင်ပင်၊ ရှစ်ဒေါင့် ရေတွင်း၊ အုတ်ကန်များရှိသည်။

၁၂။ သုဇာတာအိမ်နေရာ ။ ။ ဃနာနို့ဆွမ်းကပ်သော နေရာမှ အရှေ့မြောက်ဘက် ကိုက်(၁၀၀)လောက် ကွာဝေးသည်၊ ဥယျာဉ်ကြီးဖြစ်သည် (၎င်းနေရာ၌ အုတ်တိုက်ပယ်၊ကျောက်နွားရုပ်၊ ညောင်ပင်များ ရှိသည်)။

၁၃။ ဃနဝန္ဒီ့ဆွမ်းဘုဉ်းပေးရာ ။ ။ သုဇာတာအိမ်နေရာမှ အရှေ့ဘက် ရေမြောင်းကလေး တခုကိုကူး၍ ကိုက်(၂၃၀) လောက်သွားလျှင် ရောက်သည်၊ (ၜင်းဌ် တိုက်ပျက်၊ ညောင်ပင်၊ မန်ကျီးပင်များရှိသည်။

၁၄။ ရှေခွက်မျှောသဝနရာ ။ ။ ဆွမ်းဘုဉ်းပေးသောနေရာမှ အရှေ့ဘက်(၃၅)ကိုက်ခန့် ကွာဝေး၍ (ထန်းပင်သုံးခွနှင့် ရေတွင်းအပျက်ကလေးများ အမှတ်အသားရှိသည်)။

၁၅။ နေရဥ္ဇရာ မြစ်မကြီး ။ ။ ရှေခွက်မျှောရာမှ အရှေ့ဘက်(၂၅)ကိုက်ခန့်အကွာမှာရှိသည့်မြစ်ကြီးဖြစ်၏ (ကိုက်ရှစ်ရာလောက်ကျယ်၍ ရေစပ်စပ်သာရှိသည်)။

၁၆။ သုဇာတာရွာ သေနနိဂုမ်း ။ ။ ရှေခွက်မျှောရာမှ မြောက်ဘက်ကိုက်(၂၀၀)ခန့်မှစ၍ နေရဥ္ဇရာ မြစ်ကမ်းတလျှောက်ရှိ သရက်တော နေရာများဖြစ်ခဲ့သည်။

မှတ်ချက်။ ။ (သေနနိဂုမ်းမှာ မြစ်ကမ်းပြိုကျရာပါသွား၍ ၜင်းမှ အရှေ့ဘက်တမိုင်ခန့်အကွာ ယခုခေါ် ဘက္ကရိုရှာကိုရှေ့၍ ဘည်ထားနေထိုင်ကြသည်)။

၁၇။ ဘုရားလောင်းဒွေသန့်ဝင်ရာဌာန ။ ။ ရှေခွက်မျှောသောနေရာမှ တောင်ဘက် ကိုက်(၅၀၀)လောက် ကွာသည်၊ (ကုလားဘုရားတိုက် ငါးလုံးခန့်နှင့် - ရေတွင်း ညောင်ပင်များရှိသည်)။

၁၈။ သုဒ္ဓိယမောဝင်ရွာ။ ။ ဒွေသန့်စင်ရာမှ အနောက်ဘက်လာ၍ ဘက္ကရိုရှာ၏ တောင်ဘက်စွန်းမှ နေရဥ္ဇရာမြစ်ခဲ့ကိုကူးလိုက်လျှင် မဟန့်ခေါ်သော ဗဟာဗောဓိကို ပိုက်သည့် ကုလားသင်္ချေးအိမ် တိုက်တောင်ဘက်စွန်းကို ရောက်သည်၊ ထိုမဟန့်အိမ်တိုက် တောင်ဘက်မြစ်ကမ်းတလျှောက် ရှာကလေးပင်ဖြစ်သည်၊ (မဟာဗောဓိကုန်းပြင်နှင့် လမ်းကလေးတခုသာ ခြားသည်)။

၁၉။ မဟာန္ဒသရေး၏တိုက်အိမ် ။ ။ ၎င်းမှာမဟာဗော ဓိကို အစဉ်အဆက်ပိုင်ခဲ့သော ကုလားသရေးကြီးဖြစ်၏၊ ၎င်း၏နေ ရာတိုက်အိမ်မှာ မဟာဗောဓိ၏ အရှေ့မြောက်ဘက်ကားလမ်းဘေး မှာရှိသော တံတိုင်းကာရံထားသည့် တိုက်အိမ်ကြီးဖြစ်သည်။

၂၀။ ဘကြီးတော်မင်း၏ ကျောက်စာတိုက် ။ ။ မဟာန္ဒ သရေး၏ အိမ်တံတိုင်းအတွင်း အနောက်တောင်ဒေါင့်နားမှာ တည် ရှိ၍ အုတ်တိုက်ဂူ(၂)ခု ဘုရားထီးတော်တင်ထားသည်၊ မင်းကြီး၏ ကျောက်ချပ် ၁/မိဖုရားကြီး၏ ကျောက်ချပ်တဲဖြစ်သည်။

၂၁။ ဒုက္ခရစရိယတောသို့ ။ ။ ဟာဗောဓိမှ ဂယာ မြို့ဆီကို လေးမိုင်ခန့် ကားလမ်းအတိုင်းပြန်၍ မြင်းလှည်း စသည်မှ ဆင်းကာ ကိုက်(၁၀၀၀)ခန့်ကျယ်သော နေရာ့ရာမြစ်ကြီးကို ဖြတ် ကူးပြီး အရှေ့ဘက်ကမ်းကိုတက်ခါ တောင်တန်းညိုညိုရှိရာ အရှေ့ စူးစူးသို့သွားရသည်။

ခြေလျင်နှစ်မိုင်လောက် လျှောက်လျှင် တောင်ခြေကိုရောက် သည်၊ တောင်ခြေမှခြေလှမ်းငါးရာလောက်တက်သွားလျှင် ဘုရား အလောင်းတော်(၆)နှစ်ပတ်လုံး ဒုက္ခရစရိယာ ကျင့်ခဲ့ရာလိုဏ်ဂူကို ရောက်သည်၊ လိုဏ်ဂူမှာ တောင်ခါးလယ်မှာတည်ရှိ၍(၁၂)တောင် ခန့်ကျယ်သည်၊ အနီးမှာလိုဏ်ဂူသစ်တခုနှင့် မန်ကျီးပင်တပင်ရှိသည်၊ တောင်ထိပ်ပေါ်၌ စေတီမျှားရှိသည်။

၂၂။ ဥရုဝေလတောတန်း ။ ။ ဒုက္ခရစရိယာ ကျင့်သော လိုဏ်ဂူရှိသည့် ဒုံဂရံတောင်၏ ပတ်ဝန်းကျင်မှ ၁.နောက်တောင် ဘက် (၂)မိုင်ခန့် ဝေးသော နေရာ့ရာ မြစ်အထင်တည်ရှိသောတောကို ဥရုဝေလတော ဟု ခေါ်သည်။

၂၃။ ဂယာသီသာ ။ ။ ဂယာမြို့၏ အနောက် တောင် ဒေါင့် တောင်ကုန်းကြီးဖြစ်သည်၊ ဂယာမြို့ဦးခေါင်းနှင့် တူသော

ကြောင့် ဂယာသီသခေါ်သည်၊ တောင်ထိပ်၌ စေတီများ ရှိသည်၊ (ရင်းကို မြန်မာဘုရားဖူးများက ဥပကတောင်ဟု ခေါ်ကြသည်)။

၂၄။ နဒီကဿပ၏ နေရာ ။ ။ ဂယာမြို့၏ အရှေ့တောင်ဒေါင့် နေရဥ္ဇရာ မြစ်ကမ်းခြေ တောင်ကုန်းထိပ်၌ အုတ်တံတိုင်းငယ် ကာရံထားသည့် ကုလားဘုရား အဆောက်အဦ များရှိသည်။

အဆောက်အဦကြီးတခု၏ အလယ်မှာ တွင်းငယ် ရှိသည်၊ ရင်းကိုကုလားများက အလွန်လေးစား ကြသည်၊ မေးကြည့်သော အခါ ခြေတော်ရာရှိသည်ဟု ပြောကြသည်၊ တထွာသာသာလောက် ခြေရာပုံကလေးကို တွေ့ခဲ့ရသည်၊ ရင်းသည်ပင် နဒီကဿပရဿ၏ နေရာလေလားဟု ထင်ရလေသည်။

၂၅။ ဘုရားနှင့် ဥပကတို့၏ တွေ့ဆုံရာဌာန ။ ။ ဂယာမြို့တောင်ဘက် (၂) မိုင်ခန့်အကွာ မဟာဗောဓိသို့ သွားရာလမ်း၏ လက်ျာဘက်မှာ တည်ရှိသည်ဖြစ်ရာ အုတ်ဂူနှင့်ဂူအတွင်း၌ ဘုရားရှင်နှင့် ဥပကတို့၏ ရုပ်တုများရှိသည်ဟူ၍ အချို့ မှတ်တမ်း များမှာ ဆိုထားကြသည်။

ဗုဒ္ဓဂယာမှ ရာဇဂြိုဟ်ပြည်သို့ (၄၂)မိုင်

တန်ဆောင်မုန်းလဆုတ်(၅)ရက်နေ့ နံနက်(၅)နာရီလောက် ဗုဒ္ဓဂယာ မဟာဗောဓိမှတက္ကစီကားဖြင့် သွားကြရာ(၈)နာရီလောက် ရာဇဂြိုဟ်မြို့ရှိ: တောင်ခြေကိုရောက်ကြသည်။

မှတ်ချက်။ ။ ဂယာမှ ရာဇဂြိုဟ်သို့ မီးရထား၊ဘတ်စကား တို့ဖြင့်လည်း သွားနိုင်ပါသည်၊ မိမိတို့နှစ်သက်ရာဖြင့် သွားနိုင်ကြပါသည်၊ (ဝေးကွာစီ တစီး ၆၅°/ကျပ် ပေးရသည်)။

ရာဇဂြိုဟ်မြို့တွင်းသို့ ။ ။ အရှေ့ တောင်ဒေါ်ဝ ပဏ္ဍာ တောင်ခြေမှ ဝင်ကြရသည်၊ကားလမ်းအသစ်ဖောက်လုပ်ထားသည်။

ရာဇဂြိုဟ်မြို့ခိုင်းကြီးမှာ ။ ။ အရှေ့ အနောက်(၄)မိုင် တောင်မြောက် (၆)မိုင်လောက်ကျယ်ဝန်းသည်၊ ဝေပုလ္လ၊ဝေဘာရ၊ ဂိဇ္ဈကူဋ်၊ဂျသိဂိလိ၊ ပဏ္ဍဝဟူသော တောင်ကြီးငါးလုံးတို့ဖြင့် ကာရံနေသည်။

ရာဇဂြိုဟ်မြို့တွင် ဖူးမြော်ကြည့်ရှုဘွယ်များ

၁။ ရှေးက လှည်းကြောင်းရာများ ။ ။ ပဏ္ဍဝတောင်ခြေကားလမ်းဘေးမှာ တည်ရှိ၍ ကျောက်ပြင် ထက်မှာ ချိုင့်ခွက်ကြီးများထင်ရှားနေသော လှည်းကြောင်းရာကြီးများ ဖြစ်သည်။

၂။ အလောင်းတော် သိဒ္ဓတ္ထ ဆွမ်းဘုဉ်းပေးသော နေရာ။ အလောင်းတော်သိဒ္ဓတ္ထ တောထွက်ခါစ ရာဇဂြိုဟ်ပြည်တွင် ဆွမ်းခံပြီး ဘုဉ်းပေးသောနေရာဖြစ်သည်၊ ပဏ္ဍာတောင်ထိပ်၌ စေတီလေးများရှိသည်။

၃။ ဂိဇ္ဈကူဋ်တောင် ။ ။ ပဏ္ဍာတောင်မှ မြောက်ဘက်တမိုင်ခွဲခန့်ဝေး၍ ကားဖြင့်သွားရသည်၊ တောင်တက် လှေခါးခြေမှာ ကား၊ ရထား၊ ယာဉ်များရပ်နားရန် အပိုင်းကြီးရှိသည်။

၄။ ဆေးရုံကျောင်းတော်ရာ ။ ။ ဒေဝဒတ် ကျောက်တုံးလိမ့်ချ၍ ရလာသော သွေးစိမ်းတည်သည့်ဘုရားရှင်၏ အနာကို ဆေးကုသရာဖြစ်၏၊ တောင်ခြေမှ တက်ခါစ လက်ျာဘက် နားမှာ အုတ်ခုံနှင့် ကွင်းပြင်ကလေး ဖြစ်ပေသည်။

၅။ ဗိမ္ဗိသာရမင်းကြီး ဝေါမှုဆင်းသက်ရာ ။ ။ ဆေးရုံကျောင်းရာမှ တက်သွားလျှင် လက်ျာ ဘက်နားက အုတ်ခုံ နေရာငယ်လေးဖြစ်ပါသည်၊ မင်းကြီးတရားနာသွားလျှင် ဝေါ်ပေါ်မှဆင်းသက်ရာနေရာ၌ တည်ဆောက်ထားသောတိုက်ကလေး ဖြစ်ပါသည်။

၆။ ရှင်အာနန္ဒာ တရားမှတ်သော နေရာ ။ ။ တောင်ထိပ်ရောက်ခါနီး လမ်း၏ လက်ျာဘက်နားမှာ ရှိသည်၊ ကျောက်ဂူနှစ်ခုဖြစ်ရာ အတွင်း၌ ရုပ်ပွားငယ်တဆူ ရှိသည်။

၇။ ဘုရားရှင် နေထိုင်ခဲ့သော ကျောင်းတော်ရာ ။ ။ တောင်ထိပ်ပေါ်၌ အုတ်ခုံငယ်များ ဖြစ်ရာ စာတမ်း ကမ္မည်းများ ရေးထိုးထားသည်။

၈။ ဇီဝက သရက် ဥယျာဉ် ကျောင်း ။ ။ တောင်ခြေကားဆိပ်မှ အနောက်ဘက်ကို ပြန်လာသည့်အခါ လမ်း၏ လက်ျာဘက်မှာတည်ရှိ၍ သံကြိုးများကာရံ ထားသည်။

၉။ ဗိမ္မိသာရမင်းကြီး၏ အကျဉ်းထောင် ။ ။ ဇီဝက သရက်ဥယျာဉ်ကျောင်းမှ အနောက်ဘက် မနီးမဝေး လမ်း၏လက်ျာဘက်နားမှာ တည်ရှိပေသည်။

၁၀။ ဒေဝဒတ် ကျောက်တုံးလိမ့်ချရာ ။ ။ ဂိဇ္ဈကူဋ် တောင်ခြေကားဆိပ်မှ မြောက်ဘက် (၂)မိုင်ခန့်ဝေးသည့် နေရာမှာ ရှိသည်။

၁၁။ မူလစာတ်တော်တိုက်ကြီး ။ ။ ဂိဇ္ဈကူဋ်တောင်မှ အနောက်ဘက်သို့သွားလျှင် ဝေဘာရတောင်ခြေ ရောက်ခါနီးကား လမ်း၏ လက်ဝဲဘက်နားမှာတည်ရှိသည်၊ ရှင်မဟာကဿပတို့ပထမ သံဂါယနာတင်ပြီး စာတ်တော်များကို သိုလှောင်ခဲ့သော တိုက်ကြီး ဖြစ်သည်၊ အလယ်၌ တွင်းကြီးရှိသည်။

၁၂။ ဗိမ္မိသာရမင်းကြီး၏ ဘဏ္ဍာတိုက် ။ ။ စာတ်တော်တိုက်၏ အနောက်ဘက် နှစ်ဖာလုံခန့်ဝေး၍ ဝေဘာရတောင်၏အရှေ့ဘက်နံရံမှာတည်ရှိသည်၊ ၂၄-တောင်ခန့်ကျယ်သည်၊ လိုဏ်ဂူနှစ်လုံး ဖြစ်သည်၊ နံရံ၌ ပန်းချီကားများရှိသည်။

မှတ်ချက် ။ ။ (ဂင်းကို ပထမသံဂါယနာတင်ရာ စရီး ပင်လိုဏ်ဂူဟူ၍လည်း အဆိုရှိလေသည်)။

၁၃။ **ရာဇဂြိုဟ်ပြည် တံခါးဝ** ။ ။ ဓာတ်တော်တိုက်မှ အနောက်မြောက်ဘက် တမိုင်ခန့်ဝေးရှိ ဝေဘာရ ဝေပုလ္လ တောင် နှစ်လုံးတို့၏ ဆုံရာအကြားမှာဖြစ်သည်။

၁၄။ **ရေပူ ရေအေး ကန်များ** ။ ။ မြို့တံခါးအထွက် တောင်ဘက် မြောက်ဘက်ညှပ်၍ ဝေဘာရ ဝေပုလ္လတောင်တို့၏ နံရံခြေမှာတည်ရှိသည်။

မှတ်ချက် ။ ။ ရေပူကန်များမှာ ပထမက တပေါ်ဒါ မြစ် ခေါ် တွင် ၍၊ တောင် ခေါင်း များ ထဲမှ ထွက်လာသော ရေပူ စမ်းများ ဖြစ်၏။ ၎င်းတို့ကို အုတ်ကန် များဖြင့် ပြုပြင်ထားခါ နွားဦးခေါင်းထဲမှ ထွက် နေပုံ သပ်ရပ်စွာပြုပြင်ထားသည်၊ ဘုရပ် ရပ်မှ လာရောက် ရေချိုး ကြသည်။

၁၅။ **မြန်မာဘုန်းတော်ကြီးကျောင်း** ။ ။ ရေပူကန်မှ အနောက် မြောက်ဘက် တမိုင်ခန့်ကားလမ်း၏ လက်ျာဘက်ခြောင် ကုန်းပေါ်မှာ တည်ရှိသည်၊ ဘုန်းတော်ကြီးဘွဲ့မှာ ဥုးဇယန္တာဖြစ်၍ မော်လမြိုင်ဘက်မှ ဖြစ်သည်။

၁၆။ **အဇာတသတ် မင်း၏ နုန်းတော်ရာ** ။ ။ မြန်မာ ဘုန်းတော်ကြီးကျောင်း၏ အနောက်ဘက် ကားလမ်းဘေးဌာတည်ရှိ သည်၊ကျောက်စိမ်ပြိုရိုးတံတိုင်းကြီးတမိုင်ပတ်လည်ခန့်ကျယ်ဝန်းသည်။

မှတ်ချက်။ ။ရင်းကို ဝေဠုဝန်ကျောင်းတော်ရာဖြစ်သည် ဟု ဆိုကြသည်။

၁၇။ **အဇာတသတ်မင်း၏ ဓာတ်တော်တိုက်** ။ ။ ရေပူ ကန်မှ မြန်မာ ဘုန်းတော်ကြီး ကျောင်းကိုသွားလျှင် လမ်းတဝက် ခန့်ကားလမ်း၏ အနောက်ဘက် ကုန်းမြင့်ကခလေး ပေါ်မှာ တည်ရှိ၍

ကျောက်တိုင်များစိုက်ထူလေ့ရှိ သံကြိုးများဖြင့် ကာရံထားသည်။

၁၈။ ဝေဠုဝန် ကျောင်းတော်ရာ ။ ။ အစာတသတ်မင်း၏ ဓာတ်တော်တိုက် ဘုရားနောက်ဘက် ကိုက် (၁၅၀)ခန့် အကွာ ချောင်းကလေးကိုကူး၍သွားရသည်၊ တမိုင်ပတ်လည်ခန့်ရှိ၍ သံကြိုးများဖြင့် ကာရံထားသည်၊ အလယ်၌ရှုပ်ပွား ဆင်းတုတော်တဆူ၊ လေးဒေါင့်ရောက်ကြီးတာဘန်နှင့် ပန်းခြံများရှိသည်။

၁၉။ တပေါဒါမြစ် ။ ။ ရေပူကန်မှ စီးဆင်း၍ဝေဠု-ဝန်ကျောင်း၏ အရှေ့တောင်ဒေါင့် ရောက်သည့် အခါ တောင်ဘက်မျက်နှာမှ အနောက်ဘက်သို့ ချောင်းတသွယ်၊ အရှေ့ဘက်မျက်နှာမှ မြောက်ဘက်သို့ ချောင်းတသွယ် ခွဲ၍စီးသွားသည်။

၂၀။ ပိပ္ပလိလိုဏ်ဂူ ။ ။ ရေပူ ကန်များ မှ အထက်တောင်ဘက်ရှိ ဝေဘာရတောင်သို့ တက်သွားလျှင် လက္ခဏာဘက် အကွေ့ထဲ၌ လေးဒေါင့်ကျောက်တိုက်ကြီးဖြစ်၏၊ အတွင်း၌ လိုဏ်ငယ်ကလေးများရှိ၍ ကျောက်တုံးများ စီထားသည်၊ ထိုတိုက်ကြီး၏ တောင်ဘက်နားကပ်လျှက် လိုဏ်ဂူပျက်ကြီးတခု ရှိသည်။

၂၁။ ပထမသံဂါယနာတောင်ရာ စရိုးပင် လိုဏ်ဂူကြီး။

ဝေဘာရတောင်အထက်သို့ အုတ်လှေခါးအတိုင်းတက်သွားလျှင် နာရီဝက်ခန့်လောက်အကြာမှာ သွားလမ်းထိပ်ဘိုက် စေတီငယ် (၂)ဆူရှိသည်၊ လှေခါးထစ် ခပ်များများရှိသည်။ ၎င်းမှလက္ခဏာဘက်ကွေ့၍သွားလျှင် ပေါင်နံရိုးတစ်ခု၏အနောက်ဘက်ကို ဆင်းရသည်။

စရိုးပင်လိုဏ်ဂူများ (၂)ခု ရှိ၍ အနောက်ဘက် မျက်နှာလှည့်၏၊ ထိပ်ဝအကျယ်(၁၅)ပေခန့်၊အလျားအနေတာဝ(၁၁၁)ခန့်၊ မျက်နှာသာအကျယ်အနေအာဝ (၂၀)ခန့်၊ အရှည် အနေတာဝ

(၁၀၀) ခန့်ရှိသည်၊ အချောကိုင်ခြင်း၊ ပြုပြင်ခြင်းမရှိ၊ ပကတိအတိုင်း ဖေါက်ထားသော လိုဏ်ဂူကြီး မျှားသာဖြစ်ပါသည်။

၂၂။ **ဝေပုလ္လတောင် ။** ။ ဝေဘာရတောင်၏ မြောက်ဘက်မှာ တည်ရှိ၍ တောင်ခြေမှာ ရေပူကန်များနှင့် 'တောင်ထိပ်မှာ စေတီများရှိသည်။

၂၃။ **ဒေဝဒတ်လိုဏ်ဂူ ။** ။ ဝေပုလ္လတောင်ခြေရှိ ရေပူကန်များ၏ အထက်နားမှာ တည်ရှိ၍ ရှစ်တောင်နှင့် ပတ်လည်ရှိ အုတ်နံရံပျက်နှင့် ကျောက်တိုင်ပျက်များရှိသည်၊ (ကမ္မဿုံးထိုးထားသည်)။

၂၄။ **ဂုသိဂိလိတောင် ။** ။ ဝေဘာရတောင်နှင့် ပဏ္ဍဝတောင်တို့၏အကြားရှိ၊ တောင်တန်းကြီးဟု ပြောဆိုကြသည်၊ တောင်ထိပ်၌ စေတီများရှိ၏။

မှတ်ချက်။ ။ အချို့မှတ်တမ်းများ၌ ဂိဇ္ဈကူဋ်တောင်နှင့် ပဏ္ဍဝတောင်တို့၏အကြားမြို့၏အရှေ့မြောက်ဒေါင့်တောင်တန်းကြီးဖြစ်သည်ဟုအဆိုရှိ၏။

၂၅။ **ပုဏ္ဏသာတိမင်း၏ အရိုးဇစေတီ ။** ။ မြို့တွင်း ဓာတ်တော်တိုက်ကြီး၏ အရှေ့မြောက်ဘက် မိုင်ဝက်ခန့် ကားလမ်းဘေး၌ တည်ရှိသည်၊ စေတီပျက်အုတ်ခုံမျှသာ ရှိတော့သည်ဟု အချို့မှတ်တမ်းများဆို၏။

ရာဇဂြိုဟ်မှ နာလန္ဒသို့ (၉)မိုင်

၂၆။ **နာလန္ဒရာ ။** ။ ရာဇဂြိုဟ်မြို့မှ မြောက်ဘက်သို့ (၉)မိုင်ခန့်ကွာဝေး၍ မော်တော်ကား၊ မြင်းရथား၊ ဆိုက်ကား၊ မီးရထားသင့်ရာနှင့် သွားနိုင်သည်။

ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန် တို့၏ မွေးဖွားရာ ဇာတိရွာဖြစ်သည်၊ (ရှေးက နာလကရွာဟု ခေါ်တွင် သည်)။

၂၇။ နာလန္ဒ ကျောင်းတော်ကြီး ။ ။ နာလကရွာ၏ အနောက်တောင်ဘက် တမိုင်ခန့်ကွာဝေးသည်၊ ၎င်းကျောင်းတော်ကြီးမှာ ရှင်သာရိပုတ္တရာ၏ မယ်တော်ကြီးက စာတင်ဆောက်ခဲ့၍ နောက် သဒ္ဓေးသူကြွယ်များဘိုးခဲ့ ဆောက်လုပ်ထားသောကြောင့် တမိုင်ခွဲခန့် ကျယ်ဝန်းသည်၊ အခန်းပေါင်းများစွာ ရှိသည်။

၂၈။ ရှင်သာရိပုတ္တရာ ၏ မွေးဖွားရာ တိုက်ခန်း ။ ။ ကျောင်းတော်ကြီး၏ အရှေ့ တောင်ဒေါင့်မှာ တည်ရှိ၍ လှေခါးထစ်(၆၀)လောက်ဝက်ရသည်၊ အပေါ်မှာ (၁၀)တောင်ပတ်လည် တိုက်ခန်းနှင့် ပလွင်နေရာတခုရှိသည်၊ အခြေခံ ရုပ်လုံးဖော် ဇာတ်ထုပ်များရှိသည်။

၂၉။ ပြတိုက်ကြီး ။ ။ ကျောင်းတော်၏မြောက်ဘက် နားမှာရှိ၍ ရေးဟောင်းပစ္စည်းမျိုးစုံရှိသည်၊ အနှစ် (၆၁၀)ကျော်ခန့်က ဆန်နှင့် ဆင်စွယ် ခြေနင်း ဖိနပ် များကိုပင် တွေ့ခဲ့ရသည်၊ (ဝင်ခ ၂-ပဲပေးရသည်)။

ရာဇဂြိုဟ်မှ ပါဋ္ဌနားမြို့သို့ (၆၂)မိုင်

တန်ဆောင်မုန်းလဆုတ်(၇)ရက်နေ့ နံနက်(၅)နာရီလောက်မှ ရာဇဂြိုဟ်မြို့မှ ဘတ်(စ်)ကားဖြင့်သွားရာ မြောက်ဘက် (၁၆)မိုင်ခန့်မှာ ဘီဟာမြို့ကို တွေ့ရသည်။[၃၂-မိုင်ခန့်မှာ ရထားလမ်းဆုံ ဘတ္တိယပူရမြို့ကို တွေ့ရသည်။] (ဘတ္တိယပူရမြို့မှာ ဝိသာခါကျောင်းအမ၏ မွေးဖွားရာမြို့ ဖြစ်သည်။)

ဘတ္တိယပူရမြို့မှ အနောက်ဘက် ဂင်္ဂါ မြစ်ကမ်းလိုက် မိုင်(၃၀)လောက်သွားမှ ပါဋ္ဌနားမြို့ကြီးသို့ရောက်သည်၊ ကားခ ၂ိ/၄-ပဲကျ၏။ ပါဋ္ဌနားမြို့ကြီးမှာ ရှေးက သီရိခမ္မာသောကမင်းကြီး၏ နေပြည်တော် ပါဋ္ဌလိပုတ်ပြည်ကြီးပင်ဖြစ်ရာ ယခုထက်တိုင် စည်ကားလျက်ရှိပေသည်(ရာဇဂြိုဟ်မြို့မှမီးရထားဖြင့်လည်းသွားနိုင်၏)။

ပါဠိနားမြိုဋ် ဖူးခြာဘွယ်များ

၁။ **အသောကမင်းကြီး နန်းတော်ရာ** ။ ။ ပါဠိနားမြိုမှ အရှေတောင်ဘက်(၃)မိုင်ခန့်သာဝေးရှိကားဖြင့်သွားရသည်။

၂။ **အသောကာရုံ ကျောင်းတော်ရာ** ။ ။ တတိယ သံဂါယနာတင်သော ကျောင်းတော်ကြီးဖြစ်၍၊ ၎င်းမြို့အနီး မှာပင်တည်ရှိသည်။

၃။ **မဟာ စေတီတော်ကြီး** ။ ။ အသောက မင်းကြီး မိမိကိုယ်ကို မီးပူဇော်ခဲ့သော စေတီတော်ကြီး ဖြစ်သည်။

၄။ **အသောက ကျောက်တိုင်** ။ ။ ၎င်းမှာအကျိုးအပဲ့ များသာရှိတော့၍ ကျောက်စာဌာနမှ စုဆောင်းထားသည်။

၅။ **ပြတိုက်ကြီး** ။ ။ ကျောက်စာ ဌာနမှ တူးဖော်၍ ရသော ရွေးဟောင်းပစ္စည်းများကိုစုံရှိသည်။

ပါဠိနားမြို့မှ ဝေသာလီပြည်သို့ မိုင် (၇၀)ကျော်

ဝေသာလီပြည်သို့ သွားလိုလျှင် ။ ။ ပါဠိနားမြို့မှဂင်္ဂါမြစ်ကိုကူး၍ မိုင်(၅၀)လောက် မီးရထားဖြင့်(မူဇတ်ဖါး) ဘူဘာကိုသွားရသည်၊ ၎င်း(မူဇတ်ဖါး)မှ မိုင်(၂၀)ခန့်ကားဖြင့်သွားလျှင် (ဗေဆားလ်) ခေါ်သော ဝေသာလီပြည်ကို ရောက်သည်။

ဝေသာလီ ပြည်၌

၁။ ဝါသိကာရုံ ကျောင်းတော်ရာကြီး၊

၂။ ကူဋာဂါရ စေတီတော်ကြီး၊

၃။ ဝေသာလီ မင်းတို့၏ နန်းတော်ရာ၊

၄။ ဒုတိယသံဂါယနာ တင်သောနေရာ (၎င်းနေရာ၌ အသောကမင်းကြီး စိုက်ထူထားခဲ့သော ကျောက်တိုင်ကြီးရှိသည်)များကို ဖူးမြော်နိုင်သည်။

ပါဠိနားမြို့မှ ဗာရာဏသီမြို့သို့(၉၁)မိုင်

တန်ဆောင်မုန်း လဆုတ် (၇)ရက်နေ့ နေ့လည်(၁)နာရီ လောက်မှာ ပါဠိနားမြို့မှ မီးရထားဖြင့် ဆက်လက် ထွက်ခဲ့ကြရာ၊ ၎င်းနေ့ညနေ (၆)နာရီလောက် ဗာရာဏသီမြို့ကို ရောက်ကြသည်။

ဘူတာမှ မြန်မာဘုန်းတော်ကြီး (ဥုးနန္ဒဝံသ) ကျောင်းသစ်ကို ကားဖြင့်သွားရောက်၍ တည်းခိုကြရာ ကားတစီး ၁/ပေးရသည်။ မြင်းလှည်း၊ ဆိုက်ကားတို့ဖြင့်လည်း သွားနိုင်သည်။

ဗာရာဏသီ မြို့အဝင်မှာ ဂင်္ဂါ မြစ်ကြီးကို ဖြတ်ကျော် ထားသော မီးရထား၊ ကား ကူးနှစ်ထပ် တံတားကြီးတခုရှိသည်၊ အလွန်ကြီးကျယ်သည်။

ဗာရာဏသီမှ မိဂဒါဝုန်တောသို့(၆)မိုင်

လဆုတ်(၇)ရက်နေ့ နံနက် (၆) နာရီလောက် မိဂဒါဝုန်ကောကို ကားဖြင့် သွားရောက် ဖူးမျှော်ကြရာ ကားခတစီး ၁၀/ပေးရသည်။

မိဂဒါဝုန်တောမှာ။ ။ဘုရားရှင်ပဉ္စဝဂ္ဂိတို့အား ဓမ္မစက္ကြာတရားဦးကို ဟောရာတောကြီးဖြစ်၍ ဗာရာဏသီမြို့မှ မြောက်ဘက် (၆)မိုင်လောက် ဝေးကွာသည်။

မိဂဒါဝုန်တော၌ ဖူးမြော်ဘွယ်များ

၁။ ဓမ္မစက္ကြာ စေတီတော်။ ။ မိဂဒါဝုန် တောအလည် ဘုရားရှင် ဓမ္မစက္ကြာဟောတော်မူသောနေရာ၌ အသောကမင်းကြီး တည်ထားသော စေတီတော်ကြီး ဖြစ်ရာ ကောင်းမှုတော်ပုံ ဖြစ်၍ လုံးပတ်အတောင်(၁၉၀)အမြင့် (၅၅)တောင်လောက် ရှိလေသည်။ မုခ်ဝရှစ်ခုရှိ၍ ကျောက်အုတ်များဖြင့် တည်ထားသည်။

၂။ ကျောက်ကန္ဒီ စေတီ ။ ။ ဓမ္မစကြာ စေတီရောက် ခါနီး (၂)ဖါလုံခန့်အလို ကားလမ်း၏ လက်ဝဲဘက်မှာ တည်ရှိ၍ ဘုရားရှင်နှင့် ပဋ္ဌာဂိုဏ်တို့စု၍တွေ့ရာ၌ တည်ထားသော စေတီကြီးဖြစ်သည်။ ထီးတော်မရှိ အငုတ်ကြီးဖြစ်နေသည်။

၃။ ဓမ္မရာဇိက စေတီတော် ။ ။ ဓမ္မစကြာ စေတီ၏အနောက်ဘက်ပေ(၃၀၀)ခန့် ဘုရားရှင် အနတ္တလက္ခဏသုတ်ကို ဟောသောနေရာ၌ တည်ထားသော စေတီကြီးဖြစ်၍၊ ယခု အောက်ဆုံးပစ္စယံလောက်သာ ရှိတော့သည်။

၄။ အသောကကျောက်တိုင် ။ ။ ဓမ္မရာဇိက စေတီ၏ မြောက်ဘက်နားမှာ တည်ရှိ၍ ကျိုးပဲ့နေလေသည်၊ မိုးကာထားသည်။

၅။ ရဟန္တာများ ကျောင်းတော်ရာ ။ ။ ဓမ္မရာဇိက စေတီ၏ ပတ်ဝန်းကျင်မှာ တည်ရှိ၍ တူးဖော်သားသော တိုက်ရာကြီးများစွာ တွေ့ရသည်။

၁။ ဓမ္မစကြာ စေတီတော်။
၂။ ကျောက်ကန္ဒီ စေတီ။
၃။ ဓမ္မရာဇိစေတီ။
၄။ အသောကကျောက်တိုင်။
၅။ ရဟန္တာနေ ကျောင်းဘော်ရာများ။
၆။ နန္ဒိယသူကြွယ်ကျောင်းရာ။
၇။ ကုမာရဒေဝီ၏ ကျောင်းရာ။
၀။ ရေမြောင်းနှင့် သမင်များ။
၉။ ဓာတ်တော်တိုက်ကြီး။
၁၀။ ဗောဓိပင်နှင့် အာလိန်ငါးဆင့်။
၁၁။ တရုတ်ဘုရားကျောင်း။
၁၂။ ဟိန္ဒူဘုရားကျောင်း။
၁၃။ ပြာဘိုက်ကြီး။ ။

မိဂဒါဝုန်တောဌ် ဖူးမြော်ဘွယ်များ မြေပုံ



၆။ နန္ဒိယ ကျောင်းတော်ရာ ။ ။ မွေစကြာ စေတီ၏ အနောက်မြောက်ဘက်ပေ (၃၀၀)ရာလောက်မှာရှိ၍ တူးဖော်ထားသော အခန်းပေါင်းများစွာရှိသည်။

၇။ ကုမာရဒေဝီ၏ ကျောင်း တော်ရာ ။ ။ နန္ဒိယ သူကြွယ်ကျောင်းရာ၏ အနောက်ဘက်ကပ်လျက် တည်ရှိ၍ အခန်းပေါင်းများစွာရှိသည်။

၈။ ရောဘန် မြောင်းနှင့် သမင်များ ။ ။ ဓမ္မစကြာ စေတီ၏ မြောက်ဘက်ပေ (၂၀၀)ရာ လောက်မှာ တည်ရှိ၍သမင်များကို ခြုံခပ်ထားသည်။

၉။ ဓာတ်တော်တိုက်ကြီး ။ ။ ဓမ္မစကြာစေတီတော်၏ အရှေ့ဘက်ပေ (၂၁၀)ခန့်သာကွာ၍ အတွင်းခ္ဍ ရုပ်ပွားတော်နှင့် ပန်းချီဆေးရုပ်များရှိသည်၊ သီဟိုဠ်ဘုန်းတော်ကြီးတပါးဦးဆောင်၍ ဆောက်လုပ် ထားသည်။

၁၀။ ဗောဓိပင်နှင့် အာလိန်ငါးဆင့် ။ ။ ဓာတ်တော်တိုက်၏ အရှေ့မြောက်ဘက် နားမှာ တည်ရှိလေသည်။

၁၁။ တရုတ်ဘုရားကျောင်း ။ ။ ဓာတ်တော် တိုက်၏ အရှေ့ဘက် ပေ (၃၀၀)လောက် ကားလမ်း၏ လက်ဝဲ ဘက်မှာ တည်ရှိ၍ အတွင်းခ္ဍ ရုပ်ပွားတော်ပန်းချီကား ဗုဒ္ဓဝင်ဇာတ်ကားများ ရှိလေသည်။

၁၂။ ဟိန္ဒီ ဘုရား ကျောင်း ။ ။ ဓမ္မစကြာ စေတီ၏ အနောက်တောင်ဒေါင့်နားမှာ တည်ရှိ၍ ရုပ်ပွား ရုပ်လုံး ပန်းချီကားများ ရှိသည်။

၁၃။ ပြတိုက်ကြီး ။ ။ ဓမ္မစကြာ စေတီ၏ တောင်ဘက် ကားလမ်း၏ လက်ျာဘက်ကွေ့ထည်းမှာတည်ရှိ၍ရှေးဟောင်းပစ္စည်းတို့ရှိသည်၊ ဝင်ခ- ၂-ပဲ ပေးရသည်။

၁၄။ ရုပ်ပွားတော်နှင့် ဘုရားလောင်း ပုံတော်ကြီး ။ ။ ပြတိုက်အတွင်းမှာ တည်ရှိ၍ဥာဏ်တော် (၆)တောင်ခန့်စီ ရှိသော မတ်ရပ် ပုံတော်ကြီးများ ဖြစ်သည်၊ အလွန်ခန့်ငြား သပွါယ်လှပေသည်၊ (ကုရိုနားတရာအတွင်းမှ ပုံတော်များဖြစ်ကြောင်း ကမ္မည်းထိုးထားသည်။

၁၅။ ကျောက်ထီးကြီး ။ ။ ပြတိုက်အတွင်းမှာ ရှိ၍ ထိပ်ဝအကျယ် (၇) တောင်ခန့်ရှိသည်။ (ကုရိုနား တရာ အတွင်း ကယူ၍ စာထိုးထားသည်)။

၁၆။ ယူနီဗာစီတီ ကျောင်းကြီး ။ ။ ဆရာတော် ဦး နန္ဒဝံသကျောင်းမှ (၅)မိုင် ခန့်ဝေး၍ ကြီးကျယ် ခမ်း နား သော ကျောင်းဆောင်ကြီးများနှင့် ပန်းခြံဥယျာဉ်များရှိသည်။

၁၇။ ဂင်္ဂါမြစ်နှင့် နှစ်ထပ်တံတားကြီး ။ ။ ဂင်္ဂါ မြစ်ကြီးမှာ မြို့၏တောင်ဘက် မျက်နှာမှာတည်ရှိ၍ ဧရာဝတီ မြစ်လောက် မကျယ်တော် ပေါ၎င်းမြစ်ကြီးကိုဖြတ်ကျော်ကူးထားသော မီးရထား၊ ကား၊ လူကူးနှစ်ထပ်တံတားကြီးလည်း ကြီးကျယ်လှ၏။

၁၈။ ဂင်္ဂါမြစ် ရေချိုးဆိပ် ။ ။ မြစ်ဆိပ်ကမ်း ရေချိုးရန် အုတ်ခုံ၊ အုတ်လှေခါးများစွာ တွေ့ခဲ့ရ၏၊ ပြည်ပေါင်းစုံမှ လူမျိုးပေါင်းစုံ လာရောက်ရေချိုးကြသည်။ ။

မှတ်ချက် ။ ။ (ဂင်္ဂါမြစ်ရေချိုးက ပြုသမျှ အကုသိုလ်များ ပျောက်ကင်းသည်ဟု အယူရှိကြသည်။) ထို့ကြောင့်ပြုခဲ့သမျှအကုသိုလ်များကို ဂင်္ဂါမြစ်သို့ လာ၍ မျှောကြသတဲ့။

ဗာရာဏသီမြို့မှ ကုသိနာရုံသို့ (၁၃၆) မိုင်

တန်ဆောင်မုန်းလဆုတ်(၉)ရက်နေ့ည (၁၀)နာရီခွဲလောက် ဗာရာဏသီမြို့၊ ကန်တိုမင်းဘူတာမှ မီးရထားဖြင့် သွားကြရာ(၁၀)

ရက်နေ့နံနက် (၄)နာရီလောက် (ဒေဝိုးရီးယား) ဘူဘာကိုရောက်ကြသည်။ (ဂေါရပူ ဘူတာမှ ၁လည်း ဆင်းနိုင်သည်)။

ဒေဝိုးရီးယား၌ ပစ္စည်းများ အပ်ထားခဲ့ကြ၍၊ နံနက်(၉)နာရီလောက် ဘတ်(စ်) ကားဖြင့် ကုသိနာရုံရှိရာ သွားကြရာ (၁၀)နာရီခွဲလောက်မှ (၂၂)မိုင် ဝေးသော ကုသိနာရုံပြည်ကို ရောက်ကြသည်။ (ဂေါရပူမှာဆင်း၍ ကုသိနာရုံကို သွားနိုင်သည်၊ ၃၈·မိုင်ဝေးသည်)။

ကုသိနာရုံ၌ ဖူးမြော်ဘွယ်များ

ကုသိနာရုံပြည်မှာ ဘုရားရှင် ပရိနိဗ္ဗာန် စံယူရာဌာနဖြစ်၍၊ ဖူးစရာပေါလှ၏။

၁။ **ကုသိနာရုံ စေတီတော်** ။ ။ ပရိနိဗ္ဗာန် စံရာ၌ မလ္လဝမင်းတို့အတွက် ရသောခွာတော်တော်များကို ဌာပနာ၍တည်ထားသော ကောင်းမှုတော်ပုံ စေတီတော်ကြီး ဖြစ်သည်။

နောက်မှ ဆရာတော် (ဥုးစန္ဒမုနိ) ထပ်မံ ပြုပြင် ထားရာ ဉာဏ်တော်အမြင့် (၉၂)ပေခဲ့ လုံးပတ် (၁၇၀)ပေ ရှိသည်။

၂။ **ကုသိနာရုံ ရှေသာလျောင်း** ။ ။ စေတီ တော်၏ အနောက်ဘက်ကပ်လျက် တည်ရှိ၍ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး ဂေ ဇောခတ်မလောင်မီ မလ္လာမင်းတို့၏ အမတ်ကြီး (ဟရိဗလ) ခိုင်းစေချက်အရ မာတုရရှာသား (ဒေဝဆုရ)ခေါ် ကျောက်ဆစ်သမား ပုံတော်အတိုင်း ထုလုပ်ခဲ့သည်ဟု၍ အဆိုရှိသည်။

ဉာဏ်တော် (၁၄) တောင် ခန့်ရှိ၍ အနောက် မျက်နှာမူ မြောက်ဦးခေါင်းတော်လှည့်သည်။

၃။ **ရဟန္တာကျောင်းတော်ကုမများ** ။ ။ စေတီ၏ ပတ်လည်မှာတည်ရှိ၍ ကျောက်စာ ဌာနမှ တူးဖော် ထားသော ရှေးဟောင်းတိုက်ပျက်ကြီးများ ဖြစ်သည်။

၄။ **အင်ကြင်း ဥယျာဉ်** ။ ။ စာမျှားခ္ဍ အင်ကြင်း ဥယျာဉ်ဆိုသော်လည်း ယခုအခါ လုမ္မနီအင်ကြင်းပင်ငယ် (၃) ပင်ခန့် သာရှိ၍ ယင်းတိုက်၊ သပြေ၊ ညောင်ပင်များသာ အများအပြားရှိ လေသည်။

၅။ **ရေကြည်တော် သုံးဆောင်ရာ ဌာန** ။ ။ စေတီတော်မှ အနောက်တောင်ကိုက် (၃၀၁)ခန့် ကားလမ်း ကွေ့မှာ တည်ရှိ၍ အုတ်တိုက်ငယ်တလုံးနှင့် အတွင်းမှာ ဆင်းတုတော်ဘဆူ ရေကန်များရှိသည်၊ ၎င်းရုပ်ပွားတော်ကို (မဘကုမာရ) ဘုရားဟူ၍ ခေါ်ကြသည်။

၆။ **မကူဋဘဏ္ဍာစေတီတော်** ။ ။ ဘုရားရှင် အလောင်းတော် တေဇောခေတ် လောင်သောနေရာ၌ တည်ထားသော စေတီတော်ကြီးဖြစ်ရာ ကုသိနာရုံ စေတီမှ အရှေ့ဘက် (၁) မိုင်ခန့် အကွာ ပဌမဝင်လာသော ကားလမ်းမြောက်ဘက်မှာ တည်ရှိလေသည်၊ ယခု ပျက်ပြိုနေသည်။

၇။ **မြန်မာ ဘုန်းတော်ကြီး ကျောင်း** ။ ။ စေတီ၏ မြောက်ဘက်နားမှာတည်ရှိ၍ ဘုန်းတော်ကြီးဘွဲ့ဘော်မှာ ဥုံးစန္ဒမုနိ ဖြစ်သည်၊ (ရခိုင်အမျိုးသားဖြစ်သည်။)

၈။ **ဝတ္ထုများ အဆောက် အဦးများ** ။ ။ တခြား မဟာ ဗောဓိအသင်းတိုက်၊ဘုရားဖူးများတည်း၊ခိုရန် တိုက်၊ဇရပ်များစသည် များစွာရှိလေသည်။

ကုသိနာရုံမှ လုမ္မနိသို့ (၁၀၂) မိုင်

တန်ဆောင်မုန်းလဆုတ် (၁၀) ရက်နေ့ (၃) နာရီလောက် ဒေဝိုရီးယားပြန်ရောက်သည်၊ ၎င်းမှည (၈) နာရီလောက်မီးရထား ဖြင့် ဆက်လက်သွားကြရာ ၎င်းည သန်းခေါင် ကျော် (၂) နာရီ လောက်မှာ နောင်ဂါးဘူတာကို ရောက်ကြသည်။

မှတ်ချက် ။ ။ (ကုသိနာရုံမှ ဂေါရပူကိုကားဖြင့် သွား၍ မီးရထားစီးလျှင်လည်းပြစ်နိုင်သည်၊ နှစ်သက်ရာနှင့်သွားရန် ဖြစ်သည်၊) နောင်ဂါးမှ လုမ္ဗနီကို ဘတ်(စ်)ကားဖြင့် သွားရသည်။

လုမ္ဗနီဌ် ဖူးမြော်ဘွယ်များ

ဂင်း နောင်ဂါးဘူတာမှာ တွဲဖြုတ်နေကြ၍ (၁၁) ရက်နေ့ နံနက်(၇)နာရီလောက် ဘတ်(စ်)ကားဖြင့် မြောက်ဘက်ကို သွားကြရာ (၈)နာရီလောက် နောင်ဂါးမှ (၂၁) မိုင်ဝေးသော လုမ္ဗနီကို ရောက်ကြသည်။

၁။ မယ်တော် မာယာ၏ အုတ်လိုဏ်ဂူ ။ ။ လုမ္ဗနီ ဥယျာဉ်အလယ် ကုန်းမြင့်ပေါ်မှာ တည်ရှိ၍ လိုဏ်ဘွင်းဌ် အင်ကြင်း ကိုင်းကိုင်၍ အလောင်းတော် ဖွားမြင်တော်မူပုံ (၂)ဆူ ရှိလေသည်။

၂။ အသောက ကျောက်တိုင် ။ ။ အလောင်းတော် ဖွားမြင်ပြီးစ ခြေ(၇)လှမ်း၏ အဆုံးစွန်နေရာ၌ အသိမ်းအမှတ် အဖြစ် အသောကမင်းကြီး တည်ထားခဲ့ရာ လိုဏ်ဂူမှ အနောက်ဘက်(၁၄) ကိုက်ခန့်ကွာ၍ (၈) တောင်ခန့်မြင့်သည်။

၃။ ရေသန့်စင်ရာ နေရာရေကန် ။ ။ အလောင်းတော် ဖွားမြင်ပြီးစ ရေသုံးသပ်ရာကန်များဖြစ်၍ လိုဏ်ဂူမှ တောင်ဘက် ကိုက် (၂၀) လောက်ကွာသည်။

၄။ မြေပုံနှင့် ကျောက်တိုင်များ ။ ။ လိုဏ်ဂူ၏တောင် ဘက် မြောက်ဘက် ကိုက် (၁၅၀) စီလောက်ကွာ၍ လိုဏ်ဂူ ကူးရာမှ မြေများကို စုပုံ၍ တိုင်ထူထားသည်။

၅။ ကျောက်တိုင် သစ်ကြီး ။ ။ တောင်ဘက် မြေပုံ အနီးဌ် သာသနာ (၂၅၁၁) ပြည့်နှစ် အသိမ်း အမှတ် အဖြစ် နီပေါ အစိုးရများ စိုက်ထူထားသည်။

၆။ကပိလဝတ်ပြည် ။ ။ လုမ္ဗနီမှ အနောက်ဘက်(၁၂) မိုင်ခန့်မှာတည်ရှိ၍ ယခုအခါ မဆင်ရှားတော့ဘဲအသွားအလာအလွန် ခက်ခဲသည်ဟု ဖြေကြသည်။

၇။ ဒေဝဒဟပြည် ။ ။ လုမ္မနိမ္မ အရှေ့ဘက် (၁၂) မိုင် ခန့်မှာပင် တည်ရှိ၍ မထင်ရှားသည့်အပြင် အသွား အလာလည်း မရှိ ကြတော့ပေ။

၈။ ဟိမဝန္တာတောင်ကြီး ။ ။ လုမ္မနိမ္မ မြောက်ဘက် (၈) မိုင်ခန့် ဝေး၍ လှမ်းကြည့်က တိမ်တောင်ကြီးများပမာ တောင် တန်းကြီးများကို တွေ့ရလေသည်။

လုမ္မနိမ္မ သာဝတ္ထိပြည်သို့ (၇၇) မိုင်

တန်ဆောင်မုန်းလဆုတ် (၁၁) ရက်နေ့ နေ့လည် (၁) နာရီခွဲ လောက်မှာ နောင်ဂါးမှ မီးရထားဖြင့်သွားကြရာညနေ (၃) နာရီ ခွဲလောက် သာဝတ္ထိရှိရာ ဘားလ် ရန်ပူ ဘူတာကို ရောက်ကြသည်။

ဘားလ် ရန်ပူမြို့ငင်ခါနီး အဝီရဝတ်မြစ်ကို ကူး ထား သော တံတားကြီးတခုကို ကျော်ရသည်။

ဘူတာမှ (၁) မိုင်နီးပါးခန့် အရှေ့ တောင်ဘက် နားမှာ မြန်မာဘုန်းတော်ကြီး ဥုးအာစာရကျောင်းရှိရာသွားရောက်တည်းခို နိုင်သည်။

ဂင်းနေ့ည ဘားလ်ရန်ပူ ဘူတာမှာ အိပ်ကြ၍ (၁၂) ရက်နေ့ နံနက် (၆) နာရီလောက် ဘတ်(စ်)ကားဖြင့် သာဝတ္ထိရှိရာ အနောက် မြောက်ဘက်ကို သွားကြရာ (၇) နာရီခွဲလောက် (၁၀)မိုင် ဝေးသော ဇေတဝန်အနီး မြန်မာ ဘုန်းတော်ကြီး (ဥုးမဟိန္ဒ) ကျောင်းကို ရောက်ကြသည်။

သာဝတ္ထိပြည်၌ ဖူးမြော် ဘွယ်များ

သာဝတ္ထိပြည်၌ ဇေတဝန် ကျောင်းတော်၏ အပြင်ဌာန အတွင်းဌာနဟူ၍ (၂)မျိုးရှိရာ တခြားစီ ခွဲ၍ပြပါမည်၊ (တဘက် မှာ မြေပုံနှင့် တိုက်ကြည့်ပါ)။

(က) **ကဏ္ဍမွေစေတီတော်** ။ ။ ဘာလ်ရန်ပူမှ အလာ ဇေတဝန်ရောက်ခါနီး (၁) မိုင်ခန့်အလို ကားလမ်း၏ တောင်ဘက် သရက်ဥယျာဉ် အတွင်းမှာ တည်ရှိ၍ ဘုရားရှင် တိတ္ထိတို့နှင့် တန်ခိုး ပြိုင်ရာ သရက်ဖြူပင်ရင်းခံ့ တည်ထားသော စေတီကြီးဖြစ်ရာခြေလှမ်း (၆၀)လောက် တက်ရသည်၊ အပျက်တောင်ကုန်းကြီး ဖြစ်နေသည်။

(ခ) **ဒေဝဒတ် မြေမျိုသော ရေကန်** ။ ။ သရက်ဖြူ စေတီမှ အနောက် (၃) ဖာလုံလောက်အကွာ တံတားကူး၏မြောက် ဘက်က ရေပြင်ကြီးဖြစ်သည်။

မှတ်ချက် ။ ။ (ရေများနေ၍ မထင်ရှားလှ၊ ချောင်း ကြီးလိုဖြစ်နေသည်) နွေအခါ ရေနည်းမှ ထင်ရှားသည်။

(ဂ) **စိဉ္စမာန မြေမျိုသော ရေကန်** ။ ။ ဒေဝဒတ်မြေ မျိုသော ရေကန်မှ အနောက်ဘက် ဖာလုံဝက်ခန့် သာကွာ၍ ကား လမ်း၏ လက်ျာဘက်မှာ ရှိသည်။

(ဃ) **သာဝတ္ထိပြည် မြို့ရိုးတံတား** ။ ။ ဘုန်းတော်ကြီး ဥုးမဟိန္ဒကျောင်းမှအနောက်ဘက် (၂)ဖာလုံခန့်သာဝေး၍အနောက် မြောက်မှ မြို့ရိုးကိုဖေါက်၍ ကားလမ်းသစ် ဖေါက်လုပ် ထားသည်။

(င) **သောဘိနီ စေတီ** ။ ။ မြို့ရိုး တံတိုင်း အဝင်ဝ အတွင်းမှ ကားလမ်း၏ လက်ျာဘက်ကွေ့မှာ တည်ရှိ၍ (တိတ္ထိများ တည်ထားခဲ့သော စေတီဖြစ်သည်။ ပျက်နေသည်)။

(စ) **ကောသလမင်းကြီး၏ နန်းတော်ရာ**။ ။ကားလမ်း အတိုင်းသွားလျှင် အရှေ့ဘက် အစွန်းနားမှာ တည်ရှိ၍ (၃) ထပ် တိုက်အထက်ရှုံ့ပုံဖြစ်သည်၊ အောက်ဆုံးအထပ် မြေထဲမြုပ်နေသည်၊ အနီးမှာ မလ္လိကာမိဖုရားကြီး၏ နန်းတော်ဆောင် တခုလည်းရှိရာ ပုံတူဖြစ်သည်။

(ဆ) **ပဌာစာရီတို့ကူးသော အစိရဝတီမြစ်** ။ ။ သာဝတ္ထိပြည် အရှေ့ဘက်မှာတည်ရှိ၍ မြို့တပိုင်းပါ ကမ်းပြိုထဲ ပါသွားပြီ။ ၎င်းမြစ်မှာ ပဌာစာရီ၏ ရင်သွေးကလေး မျှောပါသွားသည်။

(ဇ) **ပုဗ္ဗာရုံကျောင်းတော်** ။ ။ ဝိသာခါ ဆောက်လုပ်ခဲ့သော ကျောင်းတိုက်ကြီးဖြစ်ရာ ယခု အစိရဝတီ မြစ်ထဲ ပါသွားလေပြီ။

(ဈ) **ဇေတမင်းသား၏ မုဒ်ဦးပြာသာဒ်**။ ။ယခုမြန်မာဘုန်းတော်ကြီး၏ ကျောင်းနေရာမှာပင် ဖြစ်သည်ဟူ၍ ဆရာတော် အမိန့်ရှိသည်။

(ည)**အန္ဓဝနခေါ် မိုက်တောဥယျာဉ်**။ ။ဘုန်းတော်ကြီး ကျောင်းအရှေ့ဘက်တဖါလုံခန့်အကွာ သရက်ဥယျာဉ်ကြီးဖြစ်သည်။

မှတ်ချက်။ ။ရှေးက သူကန်းများနေခဲ့၍ သူကန်းတော၊ မိုက်ပင်များရှိ၍ အန္ဓဝနမိုက်တော ခေါ်သည်။ ယခုမိုက်ပင် တာင်သာ တွေ့ခဲ့ရသည်။

၁။ အာနန္ဒာ ဗောဓိပင်
၂။ ပုတိဂတ္တ ရဟန္တာအရိုးစေတီ
၃။ ကောသမ္ဗက ကျောင်းဆောင်
၄။ သာမည ရဟန္တာ အရိုးစေတီ
၅။ ရှစ်ဒေါင့် ရေတွင်းကြီး
၆။ အဂုံလိမာလ အရိုးစေတီ
၇။ ဂန္ဓကုဋီတိုက်
၈။ အသူရိန်ချတ်ရာပလ္လင်
၉။ သလလကုဋီကျောင်း
၁၀။ ကရေရိကုဋီကျောင်း
၁၁။ ဓမ္မာရုံ ကျောင်းကြီး

ဇေတဝန် ကျောင်း မြေပုံ



ကပ္ပ။ ကဏ္ဍမ္ဗစေတီ
ခ။ ဒေဝဒတ်မြေမျိုသောရေကန်
ဂ။ စိဉ္စမာနမြေမျိုသော ရေကန်
ဃ။ သာဝတ္ထိမြို့ရိုး တံတိုင်းကြီး
င။ သောဘိနီ စေတီ
စ။ ကောသလ မင်းကြီး၏ နန်းတော်ရာ
ဆ။ အစိရဝတီမြစ်
ဇ။ ပုဗ္ဗာရုံ ကျောင်းတော်
ဈ။ မြန်မာဘုန်းတော်ကြီးကျောင်း။
ည။ အနွဝနခေါ် မိုက်တော

(၄) စက္ခုပါ မထေရ် နေသောဘော ။ ။ ဇေတဝန်မှအနောက်ဘက် (၂)မိုင်ခန့်မှာ တည်ရှိသည်၊ (အချိန်ရက သွားသင့်၏)။

(၅) ဇေတဝန် ကျောင်းတော် အတွင်း (၁၀)ဌာန

၁။ အာနန္ဒာ ဗောဓိပင် ။ ။ မြန်မာ ဘုန်းတော်ကြီးကျောင်းရှိရာ အခရှေ့ဘက်မှာင်သွားလျှင် လမ်းဆုံလက်ဝဲဘက်ခေါင့်မှာ အုတ်ခုံနှင့် ညောင်ပင်ကြီးဖြစ်သည်။

မှတ်ချက် ။ ။ ဘုရားလက်ထက် မဟာဗောဓိပင်မှ အသီးရှစ်လုံးယူ၍ ရှင်အာနန္ဒာစိုက်ခဲ့သော ဇေတာဝန်ပက်ဝန်းကျင်ရှိ ဗောဓိပင်ရှစ်ပင်တို့တွင် တပင်ဖြစ်ကြောင်း ဥုးမဟိန္ဒမိန့်သည်။

၂။ **ပုတိဂတ္တ ရဟန္တာအရိုးဓာတ် စေတီ ။** ။ အာနန္ဒာ ဗောဓိမှ တောင်ဘက် ကိုက် (၁၀၀) ခန့်သာ ဝေးရှိ လက်ျာကွေ့ထဲ မှာတည်ရှိသည်၊ စေတီငယ်အငုတ်ကလေး ဖြစ်သည်။

၃။ **ကောသမ္ဗကကျောင်းဆောင် ။** ။ ပုတိဂတ္တစေတီမှ အနောက်ဘက် ကိုက် (၁၀၀) ခန့်လောက် လမ်းကွေ့ထိပ်မှာ တည်ရှိသည်၊ ကျောင်းရာ အုတ်ခုံ တခုရှိသည်။

၄။ **သာမည ရဟန္တာ အရိုးဓာတ် စေတီများ ။** ။ ကောသမ္ဗကကုဋီမှ အနောက်မြောက်ဘက် အဆင်းလမ်း၏ လက်ျာဘက် ကွေ့ထဲမှာရှိသည်၊ စေတီငယ်ကလေး (၄)ဆူ ဖြစ်သည်။

မှတ်ချက် ။ ။ ၎င်းဧတဒဂ်ငယ်ကလေးမှာ ရှင်သာရိပုတြာ၏ အရိုးခဲတ်နှင့် ပရိက္ခရာများ ဌာပနာ တည်ထားသည်ဟုဆိုကြသည်)။

၅။ **ရှစ်ဒေါင့် ရေတွင်းကြီး ။** ။ ရဟန္တာ အရိုးစေတီမှ အလွန် လမ်း၏ လက်ျာဘက်ရှိ အုတ်ခုံနှင့် ရေတွင်းကြီး ဖြစ်သည်၊ (၎င်းရေကိုသောက်က ရောဂါအားလုံးပျောက်သည်ဟု အယူရှိကြသည်၊ မျက်နှာဝရှစ်တောင်၊ အနက် (၁၁) တောင်ခန့် ရှိသည်)။

၆။ **အဂ္ဂိလိမာလ အရိုးဓာတ်စေတီ ။** ။ ရှစ်ဒေါင့် ရေတွင်းမှ မြောက်ဘက်လမ်း၏ လက်ဝဲကွေ့ထဲမှာ တည်ရှိ၍ (စေတီငုတ်ကလေး ဖြစ်သည်)။

၇။ **ဂန္ဓကုဋီတိုက်ကျောင်းတော်ရာ။** ။ အာနန္ဒာ ဗောဓိမှ မြောက်ဘက် ကိုက် (၂၀၀) ခန့် လမ်း၏ လက်ဝဲဘက်မှာ တည်ရှိသည့် အုတ်မုံကြီးဖြစ်သည်။

မှတ်ချက် ။ ။ ၎င်းကိုကျောက်စာဘက်မှ ကောသမ္ဗကကုဋီဟု စာရေးထားသည်၊ ဆရာတော်ကြီး ဥုးမဟိန္ဒကား အသူရိန်နတ်အား တရားဟောချက်သောပလ္လင်မှာ ဂန္ဓကုဋီ၏ရှေ့မှာသာ

ရှိသည်ဟု ကျမ်းဂန်များ အဆိုရှိ၍ ၎င်းကုဋ္ဌသာဂန္ဓကုဋီ ဖြစ်သင့်ကြောင်း ယုတ္တိပြု၍မိန့်လေသည်၊ (၁၄-တောင်ပတ်လည်ခန်းမ ရှိ၍ အလျား (၇) အနံ (၅) တောင်ရှိ ညောင်စောင်းရာ နောက်ဘေး၌ (၆)တောင်ပတ်လည် ဆင်ဝင် တိုက်ခန်းငယ် ရှိသည်။ ၎င်းအခန်းငယ်၏ ပတ်လည်တွင် အလျား (၃၆)တောင်၊ အနံ (၁၃)တောင်မျှ ကျယ်သော တိုက်ခန်းရာရှိသည်၊ (၎င်းသာလျှင် ဂန္ဓကုဋီ တိုက်တွင်းရှိ သောင်စောင်းရာ အစစ်ဖြစ်ကြောင်း ဇေတဝန် ဆရာတော် ကြီးက မိန့်သည်။)

၈။ အသူရိန် နတ်မင်းအား တရားဟောရာပလ္လင် ။ ။ ဂန္ဓကုဋီ၏ ဘေဘင်ဘက်အစွန်းနှင့် တန်းတန်း မျက်နှာသာမှ အရှေ့အနောက် အလျားရှိသော အုတ်ခုံကြီး ဖြစ်သည်။

မှတ်ချက် ။ ။ (၎င်းမှာ ဂန္ဓကုဋီမှ ညောင်စောင်းပုံ ဖြစ်သည်၊ အသူရိန်နတ်ကြီးအား ၎င်းပေါ်မှာနေ၍ တရားဟော ချတ်ခဲ့သည်၊ အလျား (၂၆) တောင် အနံ (၆) တောင်မျှ ရှိသည်။)

၉။ သလလကုဋီ။ ။ဂန္ဓကုဋီ၏မြောက်ဘက် ကိုက်(၁၁၀) လောက်မှာ တည်ရှိသည်၊ ကောသလမင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့သော ထင်းရှူးသား ကျောင်းတော်ဖြစ်သည်။

မှတ်ချက်။ ။ (၎င်းကျောင်းဆောင်ကိုကျောက်စာဌာနမှ ဂန္ဓကုဋီဟု စာရေးထားသည်၊ဆိုခဲ့ပြီးသော အကြောင်းများကြောင့် သင့်ရာစဉ်းစားယူရန်သာဖြစ်သည်၊ ကျောင်းတော်များမှာ ပုံဘုများသာဖြစ်ကြသည်၊ အတိုင်းအရှည် မကွာလှခေါ)။

၁၀။ ကရေရိကုဋီ ။ ။ သလလ ကုဋီ၏ မြောက်ဘက် ကိုက် (၁၀၀) လောက်မှာပင် တည်ရှိသည်၊ အနီးမှာ ရေခဘက်ပင် ရှိသောကြောင့် ကရေရိကုဋီဟု ခေါ်သည်၊ ဂန္ဓကုဋီနှင့် ပုံဘုသာဖြစ်သည်။

၁၁။ ဓမ္မာရုံကြီး ။ ။ ကရေရိကုဋ္ဌိ၏ အရှေ့ တောင် ဒေါင့်ဘက် လမ်းကလေးသာခြားသည်၊ အလျား၊ အနုံ၊ အတောင် (၇၀)လောက်ရှိ၍ အခန်းပေါင်းများစွာနှင့် အလယ်က ခန်းမ ပလ္လင်ပုံများပါရှိလေသည်၊ခန်းမအလျား (၂၆)တောင်၊အနုံ(၂၃)တောင် ပလ္လင်ရှေ့အလျား(၁၅)တောင်၊ အနုံ(၁၃)တောင်ခန့်ရှိသည်။[မဏ္ဍလ မာလတန်ဆောင်း ဖြစ်ဟန်တူပါသည်။]

မှတ်ချက် အမှာစကား ။ ။ ဇေတဝန် ကျောင်းတော်တွင်းမှာ ဘုရားရှင် လက်ထက်က ကျောင်းဆောင်ပေါင်း(၆၀၀) လောက်ရှိသော်လည်း ကျောင်းဆောင်ကြီး (၄)ဆောင် မှာသာ ဘုရားရှင် အိနေမျိုးသည်။

ရင်းကျောင်းဆောင်ကြီး (၄)ဆောင်ဘို့တွင် သလလ ကုဋ္ဌိ ကျောင်းဆောင်သာ ကောသလမင်းကြီး ဆောက်၍ ကျန်ကျောင်းဆောင်များမှာ အနာထပိဏ်သဌေးကြီးဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းဆောင်များ ဖြစ်သည်။

သတိပြုရန် ။ ။ ဂန္ဓကုဋ္ဌိတိုက်ရှိ ညောင်စောင်း အခြေတည်ရာမှာ ယခုကမ္ဘာပတ်သော ဘုရားရှင်တို့၏ မစ္စန့် အပ်သော အဝီဇယိတဌာနကြီး(၄)ပါး တို့တွင် တပါး အပါဝင် ဖြစ်သည်၊ (ဘုရားရှင်တိုင်း ဤ ညောင်စောင်းနေရာပလ္လင်မှာ နှစ်ပေါင်းများစွာနေရမည်ဟု ဆိုလိုသည်။)

ငါတို့၏ ဂေါတမဘုရားရှင်လည်း(၂၅)နှစ်တိုင်တိုင် ၎င်းဂန္ဓကုဋ္ဌိညောင်စောင်း ပလ္လင်တော်မှာ နေထိုင် သွားခဲ့လေသည်။

သာဝတ္ထိမှ သင်္ကဿနဂိုရ်ပြည်သို့ မိုင် (၃၀၀)ခန့်

တန်ဆောင်မုန်း လဆုတ် (၁၂) ရက်နေ့ ညနေ (၃)နာရီ လောက်ဘာသ် ရန်ပူမှ မီးရထားဖြင့် ဆက်လက် သွားကြရာ (၅) နာရီခွဲလောက် (ဝိန်ဒါ)ကို ရောက်ကြသည်။

ဝန်ဒါ၌ ရထားစောင့်နေကြ၍ ည(၃)နာရီခွဲလောက်မှ ရှေကို ဆက်လက်သွားကြရာ (၁၃)ရက်နေ့နံနက် (၇)နာရီလောက် လက္ခာ နောင်းမြို့ကို ရောက်ကြသည်။

အလိုရှိက လက္ခာနောင်းမြို့၌ ရှေးပသီဘုရင်များ၏ နန်းတော်ဟောင်းကြီးများ၊ သစ်ရိုင်းဂူကြီးများကို သွားရောက်ကြည့်ရှုနိုင်သည်။

လဆုတ် (၁၃) ရက်နေ့ည (၈) နာရီလောက်ရထားပြောင်း၍ ဆက်လက် စီးကြရာ (၁၄) ရက်နေ့ နံနက် (၃) နာရီလောက် (ရှုကိုဟာဘတ်) ဘူတာကို ရောက်ကြသည်၊ ၎င်းမှ ရထားလိုင်းပြောင်း၍ (၅)နာရီလောက် ရှေကို ဆက်လက်စီးကြရာ နံနက်(၁၀) နာရီလောက်. သက်ဿရှိရာ (ပက္ခန) ဘူတာကို ရောက်ကြသည်။

၎င်းနေ့ (၁၂) နာရီလောက် ဘတ်(စ်) ကားဖြင့် သက်ဿကိုသွားကြရာ (၁၂)နာရီခွဲလောက် သက်ဿနဂိုရ်ပြည်ကို ရောက်ကြသည်။

သက်ဿနဂိုရ်ပြည်မှာ ယခုအခါ(သံကဿ)ခေါ် ရွာငယ်တလေးသာရှိတော့လေရာ ပက္ခနမှ အနောက်မြောက်ဘက်(၆)မိုင်ခန့် ကွာ၍ကားခဘယောက် ၆.ပဲခန့် ပေးရလေသည်။

၁။ ကျောက်ဆင် ရုပ်ကြီး ။ ။ ၎င်းမှာ ဘုရားရှင် တာဝတိံသာမှ ဆင်းသက်၍ လာရာ၌ အစဆုံး ခြေချရာတွင်အထိမ်းအမှတ်အဖြစ် အသောကမင်းကြီး စိုက်ထူခဲ့သော ကျောက်တိုင်နှင့် အပေါ်မှ ဆင်ရုပ်ကြီးဖြစ်သည်။

ကျောက် ဆင် ရုပ်- အမြင့် (၂) တောင်၊ အောက် ခံ ကျောက်တိုင်(၃) တောင်ခန့်မြင့်သည်၊ အပေါ်က (၄)ပေပတ်လည် ကျောက်မကွေ့ပဲမိုးထားသည်။

၂။ ရှင်သာရိပုတြာ ကျောင်းတော်ရာ ။ ။ ကျောက်ဆင်ရုပ်မှ တောင်ဘက် ကိုက် (၁၀၀) ခန့်သာ ဝေးရှိ မြင့်မားသော ရှေးဟောင်း ကုန်းပြင်ကြီး ဖြစ်သည်၊ (၃)ထပ် လောက် ရှိမည်ထင်ရသည်။

မှတ်ချက် ။ ။ ဂင်းကျောင်းတော်၌ ရှင်သာရိ ပုတြာသည် လင်းနို့သားငါးရာမှ ဖြစ်လာကြသော လင်းနို့သား ရဟန်းငါးရာတို့အား ရှေးဦးစွာ အဘိဓမ္မာ (၇)ကျမ်း ကို ဟောခဲ့သည်၊ ဂင်းအဘိဓမ္မာသည်ပင် ယခုထက်တိုင် သာသနာဝင်ကျမ်းများ၌တည်ရှိနေသည်။

၃။ နန်းတော်ဟောင်း ရာကြီး ။ ။ ကျောက်ဆင် ရုပ်နှင့် (၂)ဖါလုံလောက်သာကွာ၍ ခန်းပေါင်းမရေမတွက်နိုင်အောင်များ ပြားလှ၏၊ (၁) မိုင် နီးပါးခန့် ကျယ်မည်ထင်သည်၊ ဂင်းအခန်းများမှာ လူပေါင်း များစွာ နေထိုင်ကြသည် ဖြစ်၍ (ယခုအခါ သံကဿ)ရွာဟု တွင်နေသည်။

မှတ်ချက် ။ ။ သက်သနဂိုရ်ပြည်မှာ ဘုရားရှင် (၇)ဝါ မြောက် ဝါဆိုဦးတွင် သာဝတ္ထိပြည် ကဏ္ဍမ္ဗစေတီနေရာ သရက်ဖြူ ပင်ရင်း၌ တိုက္ခိတ္တိုအား တန်ခိုး ပြကာနှိမ်နင်းပြီး တာဝတိံသာတက်၍ ဝါဆိုကာ အဘိဓမ္မာ (၇) ကျမ်းကို ဟောဘော်မူခဲ့လျက် သီတင်းကျွတ် လပြည့်နေ့မှာ တာဝတိံသာမှ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့ဖြင့် လူ့ပြည်ကိုဆင်းသက်ရာ ဝယ် ဤကျောက် ဆင်ရုပ်နေရာမှာစောင်းတန်းလေခါး ဦးဆိုက်ခါ ဆင်းသက်တော်မူခဲ့ လေသည်။

(ဘုရားရှင်တိုင်း မစ္စန့်အပ်သော "အဝိဇဟိတ" ဌာနကြီး လေးပါးတို့တွင် တပါးအပါဝင် ဖြစ်လေသည်။)

သက်သနဂိုရ်မှ အာဂရာမြို့သို့ မိုင် (၁၂၀)ခန့် တန်ဆောင်မုန်းလဆုတ် (၁၄)ရက်နေ့ည (ဂ)နာရီလောက်

သက်သေရှိရာ၊ ပက္ခနဘူတာမှ မီးရထားဖြင့် ဆက်လက် သွားကြရာ (၁၅)ရက်နေ့ နံနက် (၆)နာရီလောက် အာဂရာမြို့ကို ရောက်ကြသည်။

အာဂရာမြို့မှာ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦးရှိသော်လည်း တက်ရှမားဘုရင်၏ နန်းတော် သခ်ျိုင်းဂူကြီးစသောကြည့်ရှုဘွယ်ရာများစွာရှိလေသည်။

အာဂရာမြို့၌ ကြည့်ရှုဘွယ်များ

၁။ တက်ရှ မဟာ ကျောက်ဂူကြီး ။ ။ ၎င်းမှာ ယမုနာမြစ်ကို ရှုခင်းပြု၍ ဆောက်ထားသော တက်ရှမား ဘုရင်နှင့် မိဖုရားတို့၏ အရိုးသခ်ျိုင်း ဂူကြီး ဖြစ်ပေသည်။

ကုလားဗလီပုံစံ (၃) ထပ် တိုက်ကြီး ဖြစ်၍ အတွင်း အပြင် အိတလီကျောက်ပြားတို့ဖြင့် စီထားကာ အိတလီ ကျောက်ပြားများ ကိုပင် ပန်းတောင်၊ ပန်းခက်၊ ပွင့်လုံး၊ ပန်းအိုး၊ ရုပ်လုံးပေါ်စသည် အမျိုးမျိုးပြုလုပ်ထားရာ အံ့သြ၍ မဆုံးဖြစ်၏။

ဂင်းကျောက်ဂူကြီး ဆောက်လုပ်ရာ၌ လူ·နှစ်သောင်းကျော် အနှစ် (၂၀)ကြာမျှ ဆောက်လုပ်ရ၍ အဖိုးငွေ (၃၁၈) ကုဋေ ကုန်ကျသည်ဟု ဆိုလေသည်။ ဘေးပတ်လည် အုတ်တံတိုင်း ကာရံ၍ အတွင်း၌ ရေကန်၊ မြက်ခင်း၊ ပန်းခြံ၊ သစ်ပင်များဖြင့် ပြုပြင် မွန်းမံထားရာ သားယောဆန်းပြား လှပေသည်။

၂။ တက်ရှမဟာနန်းတော်။ ။ ကျောက်မြို့ရိုး၊ ကျုံး၊ ရေမြောင်းများဖြင့် ကာရံကာ အတွင်း၌ ခမ်းနား ကြီး ကျယ် သော နန်းတော်ဆောင်ကြီးများ ရှိလေသည်။

၃။ အခြား ဂူကြီးများ။ ။ တက်ရှမဟာ ကျောက်ဂူကြီး လောက် မကြီးကျယ်သော်လည်း သူ့အလိုက် ကြီးကျယ် ခမ်းနား သော ကျောက်ဂူကြီးများလည်းရှိပေသည်။

၄။ စကျင် ကျောက်ပစ္စည်း စုံ ။ ။ စကျင် ကျောက်ဖြင့် ပြုလုပ်ထားသည့်အရုပ်မျိုးစုံ၊ ပန်းကန်၊ သေတ္တာ စသည့် ပစ္စည်းမျိုး စုံရှိလေသည်။

အာဂရာမြို့မှ ဒေလီမြို့သို့ (၁၂၂) မိုင်

တန်ဆောင်မုန်းလဆုတ် (၁၅) ရက်နေ့ ညနေ (၅) နာရီ လောက်တွင် အာဂရာမြို့မှ မီးရထားဖြင့် ဆက်လက် သွားကြရာ နင်ဟွာ်လဆန်း (၁)ရက်နေ့၊ ဒီဇင်္ဘာလ (၃)ရက်နေ့နံနက်(၃)နာ ရီလောက်မှာ (အိုးဒေလီ)ခေါ် ဒေလီမြို့ဟောင်းကိုရောက်ကြသည်။

ဒေလီမြို့မှာ (အိုးဒေလီ)ခေါ် မြို့ဟောင်း (နယူးဒေလီ) ဒေလီမြို့သစ်အားဖြင့် နှစ်မြို့ရှိသည်။ ဘုရားရှင် လက်ထက်တော်က ကုရုတိုင်းဟုခေါ်၍ ပညာဉာဏ် ထက်မျက်သော တိုင်းပြည်ဖြစ်ရာ သတိပဋ္ဌာန်တရားတော်ကို ၎င်းတိုင်းပြည်မှာပင်စ၍ ဟောခဲ့သည်။

ဒေလီမြို့၌ ကြည့်ရှုဘွယ်များ

၁။ နန်းတော်မြို့ကြီး ။ ။ အိုးဒေလီမြို့ ဘူဘာနှင့် မနီး မဝေးမှာတည်ရှိ၍ ကျောက်မြို့ရိုး တံတိုင်း ကျုံးကြီးများဖြင့် (၁) မိုင်ပတ်လည်လောက် ကျယ်သည်။ အတွင်း၌ နန်းတော်ဆောင်၊ ညီလာခံ ဆောင်ကြီးများရှိ၍ တပိုင်းက စစ်တပ်နေသည်။ ၎င်းနန်း တော်ဆောက်လုပ်ရာ၌ (၃)ကုဋေ ကုန်သည်ဟု ဆိုသည်။

၂။ ဂန္ဒီသမာဓိဂူ ။ ။ အိုးဒေလီ၏ အရှေ့ တောင်ဘက် စွန်းနားမှာရှိ၍ ပန်းခြံကြီးပြုလုပ်ခါ အလယ်၌ အုတ်ဂူကြီး တခု ပြုလုပ်ထားရာ ပန်းခွေများဖြင့် လူအများလာရောက်အလေးပြုကြ သည်။

၃။ သတိပဋ္ဌာန်ဒေသနာ ဟောရာ ။ ။ ဂန္ဒီသမာဓိအရိုး ဂူမှ တောင်ဘက် မနီးမဝေး ကားလမ်းကွေ့ထည်းမှာ တည်ရှိ၍

မြင့်မားသော ကျောက်တိုင်ကြီးနှင့် ကျောက်တိုက်ကြီး တတိုက်ရှိ၏။

၄။ မျှော်စင်ကြီး ။ ။ နယူးဒေလီမြို့၏ တောင်ဘက်စွန်းမှာတည်ရှိ၍ အိုးဒေလီ ဘူတာမှ တောင်ဘက် (၉)မိုင်လောက် ကွာဝေးသည်၊ ၎င်းမျှော်စင်ကြီးမှာ ပေ (၃၀၀) ကျော်လောက်မြင့်၍ လှေခါးထစ် (၃၇၈)ထစ်၊ လုံးပတ် အောက်ခြေ (၁၂၂) တောင်၊ ထိပ်ဝ (၁၅)တောင်လောက်ရှိသည်၊ ကြောင်လိန်လှေခါးဖြင့် အတွင်းမှာကက်ရ၍ ဝရံတာ(၅)ဆင့် ရှိသည်။

၅။ ဗုဒ္ဓဘာသာ ဘုရားကျောင်း ။ ။ ဘေ့ဒလာခေါ် ကုလားသင်္ဘောကြီး ဆောက်လုပ်ထားသော ဟိန္ဒီဘုရားကျောင်းခြုံဝန်းထည်းမှာ တည်ရှိ၍ အုတ်တိုက် ရုပ်ပွားများရှိသည်။

၆။ ဟိန္ဒီ ဘုရား ကျောင်း ။ ။ ဘေ့ဒလာသင်္ဘောကြီးပင် ဆောက်လုပ်ထား၍ အိတလီ ကျောက်ပြားခေါ် စကျင်ကျောက်ဘို့ဖြင့် စီထားသော (၃)ထပ်တိုက်ကြီးဖြစ်သည်၊ အတွင်းဌာနတော်သီးနှတ်သားပမာ လှပသော ဟိန္ဒီဘုရားများရှိသည်၊ ခြုံဝန်းအတွင်းဌာလည်း ဘာသာဝင်အမျိုးမျိုး တည်းခိုရန် ကျောင်းဆောင် များနှင့် ဆင်၊ မြင်း၊ ကျား၊ ခြသေ့- စသော ရုပ်လုံးပေါ် အရုပ်ကြီးများ ရှိသည်။

၇။ တခြား ကြည့်ရှုဘွယ်များ ။ ။ (က) အိန္ဒိယဂိတ်ဘောင်၊ (ခ) သမ္မာအိမ်တော်၊ (ဂ) အတွင်းဘန်ရုံး၊ (ဃ) စင်ရုံးကြီး၊ (င) ပါလီမန်လွှတ်တော်၊ (စ) အသံလွှင့်ရုံ၊ (ဆ) ဂန္ဒီခန ခမ်နှင့်ပြတိုက်၊ (ဇ) နေ၊ လ၊ နက္ခတ်၊ နာရီဘိုင်းသောအခေါ်ဆောက် အဦးမျိုးစုံနှင့်၊ လေယာဉ်ပျံကွင်း၊ သင်္ချိုင်းဂူကြီးများကို ကြည့်ရှုနိုင်သည်။

၈။ ယမုနာမြစ် ။ ။ နယူးဒေလီ၏ အရှေ့ဘက်မှာ ဘည်ရှိ၍ မီးရထားဂူးတံတားကြီး တခုရှိသည်။

ဒေလီမြို့မှ စံချီ-အဂျန္တာ-ဘုံဘေ မြို့သို့

နတ်တော်လဆန်း (၁) ရက်နေ့သည် (၉) နာရီလောက်မှာ ဒေလီမြို့ဟောင်းဘူတာမှ မီးရထားဖြင့် ဆက်လက်သွားကြရာလဆန်း (၂)ရက်နေ့ နံနက် (၁၁)နာရီလောက် စံချီဘူဘာသို့ ရောက်သည်။

၁။ ဝေဒိသကတောင် ။ ။ စံချီ စေတီရှိရာ တောင်မှာ ရှေးက ဝေဒိသကတောင်ဟု အမည်ထွက်၍ ရှင်မဟိန္ဒတို့ သီဟိုဠ်ကျွန်း သာသနာပြုသွားခါနီး ဝါဆိုရာ တောင်ဖြစ်လေသည်၊ ဘူဘာနှင့် တမိုင်လောက်သာဝေး၍ မန္တလေးတောင်လောက် ရှိသည်။

၂။ စံချီ စေတီတော်။ ။ဝေဒိသက တောင်ထိပ်မှာ ရှိ၍ ကောင်းမှုတော်ပုံ စေတီတော်ကြီးဖြစ်သည်၊ အလွန်ကြီးကျယ်သည်။

၃။ ရှင်သာရိပုတြာနှင့် ရှင်မောဂ္ဂလ္လာန်တို့၏ဓာတ်တော်များ။ စေတီတော်၏ တန်ဆောင်းကြီး အတွင်းမှာ တည်ရှိသည်။

၄။ တခြား ဖူးမြော် ဘွယ်များ ။ ။ တခြား စေတီများ ရုပ်ပွားတော်များနှင့် ပန်းချီကား ရေကန်များ ရှိလေသည်။

၅။ အဂျန္တာ လိုဏ်ဂူ ကြီးများ ။ ။ စံချီမှ ဘုံဘေဘက် သို့သွား၍ (ဂျလဂေါင်း) ဘူဘာမှာ ဆင်းရသည်၊ ၎င်းဘူဘာမှ ကားဖြင့် (၃၅) မိုင်ခန့်သွားလျှင် အဂျန္တာကို ရောက်သည်။

၆။ အဂျန္တာမှာ ။ ။ ကျောက်ဘောင်၏ နံရံများ တွင် ထုလားသည့် လိုဏ်ဂူတော်ကြီးများဖြစ်၍ ရုပ်လုံးပေါ် ဇာတ် ထုတ်ဇာတ်လမ်းများ စုံလင်မြောက်များစွာ ရှိလေသည်။

၇။ ရဟန္တာများ နေထိုင်ရာ ။ ။ ၎င်းလိုဏ်ဂူကြီးများ မှာ ရှေးက ရဟန္တာများသီတင်းသုံး နေထိုင်ရာ သာသနာ ပွင့်လန်း သောနေရာဖြစ်ခဲ့၍ လိုဏ်ဂူ (၂၆) ခုမျှ ရှိသည်။

လဆန်း (၃) ရက်နေ့ နံနက် (၈) နာရီလောက် ဘုံဘေမြို့ကို ရောက်ကြသည်၊ ဘုံဘေမြို့အဝင်မှာ ဓာတ်ရထား ခေါင်းတွဲဖြင့် လဲ

လှယ်၍ စာပို့ရထားတွဲကြီးကိုဆွဲသည်၊ မြို့တွင်းမှာလည်း ဓာတ်ရထား ခေါင်းတွဲဖြင့်သာ မီးရထားတွဲများကို သံလမ်းဖြင့် ဆွဲလေသည်၊ မြို့တွင်းမှာ ကျောက်မီးသွေးဖြင့် မောင်းသော မီးရထားခေါင်းတွဲ များ မြို့သန့်ရှင်းအတွက် အသုံးမပြုပေ။

ဘုံဘေမြို့၌ ကြည့်ရှုဘွယ်များ

၁။ ပင်လယ်ဆိပ်ကမ်း ။ ။ အရှေ့တိုင်တွင် အလှဆုံးဆိပ် ကမ်းရှုခင်း ဖြစ်သည်။

၂။ ငါးပြတိုက် ။ ။ ငါးလိပ်၊ ခရု၊ ဂုံး စသည်မျိုးစုံရှိ၍ ဆန်းကြယ်စွာ တွေ့မြင်နိုင်သည်၊ ဝင်ခ ၂၁ ပေးရသည်။

၃။ မြို့စယံပြဘုံကြီး ။ ။ ရှေးဟောင်း ပစ္စည်းမျိုးစုံ၊ သတ္တဝါအသေမျိုးစုံနှင့် ရှေးဟောင်း အဝတ် အိုးခွက် မျိုးစုံရှိလေ သည်။

၄။ တောင်ဆိပ်ပန်းခြံ ။ ။ ပင်လယ်ကမ်းခြေ တောင် ဘုန်းပေါ်မှာ တည်ရှိ၍ ဘုံဘေတမြို့လုံးကို ကြည့်၍ မြင်နိုင်သည်။

၅။ တခြား ကြည့်ရှု ဘွယ်များ ။ ။ တိရစ္ဆာန်ရုံ၊ ကုလားဘုရားကျောင်း၊ ဂိတ်ဟောင်းကြီး၊ စျေးကြီး စသည်များကို သည်း ကြည့်ရှုနိုင်သည်။

ဘုံဘေမြို့မှ မဒရပ်စ်မြို့သို့ (၇၉၅) မိုင်

နတ်ဘောဘ်လဆန်း (၃) ရက် ဒီဇင်ဘာလ (၅) ရက်နေ့ ညှ (၁၁) နာရီခွဲလောက် ဘုံဘေမြို့မှ မီးရထားဖြင့် ဆက်လက်သွားကြရာ သဲဆန်း (၅) ရက်နေ့ နံနက် (၇) နာရီ လောက်မှာ မဒရပ်စ်မြို့ကို ရောက်သည်။

မဒရပ်စ်မြို့၌ ။ ။ မဟာဗောဓိ ဆိုရှယ်နီ အသင်းတိုက်မှာ ဘည်းခိုနိုင်သည်၊ ၎င်း၌သီဟိုဠ် ဘုန်းတော်ကြီးများ ရှိသည်။

မဒရပ်စ်မြို့တွင် ။ ။ တိရစ္ဆာန်ရုံ၊ ပြတိုက်ကြီးများ၊ စျေးကြီးနှင့် ဆိပ်ကမ်း၊ ကုလားဘုရားကျောင်းများကို ကြည့်ရှုနိုင်လေသည်။

မဒရပ်စ်မြို့မှ သီဟိုဠ် ကျွန်းသို့ (၄၂၂) မိုင်

နတ်တော်လဆန်း (၅) ရက်နေ့ည (၈) နာရီခွဲလောက် မဒရပ်စ်မြို့မှ မီးရထားဖြင့် ဆက်လက်သွားကြရာ (၆) ရက်နေ့ ညနေ (၃) နာရီအချိန်လောက် (မဏ္ဍပန်ကင့်) ဘူတာကို ရောက်သည်၊ ၎င်း (မဏ္ဍပန်ကင့်) ဘူတာ၌ ပါတ်စ် ဘုတ်စ်များကိုပြရသည်၊ သီဟိုဠ် ကျွန်း ကျန်းမာရေးအတွက် တယောက်လျှင် (၂၀) ကျ အာမခံငွေ များပေးထားခဲ့ရသည်။

၎င်းငွေမှာ သီဟိုဠ်ကျွန်းရောက်၍ ကျန်းမာရေး စစ်သည့် အခါ မကျန်းမာလျှင် ဆရာဝန်ဆေးကုခအဖြစ် သိမ်းပိုက်ခံရသည်၊ ဆရာဝန်အား ကျန်းမာရေးပြသသည့်အခါ ကျန်းမာလျှင် (၂၀)လုံး ပြန်ရသည်။

ဟနုမံကျောက်တန်း ။ ။ မဏ္ဍပန်ကင့်မှ ဒန္ဒတ်ရှကိုဒီ ကိုအသွားတွင် (၁) မိုင်ခန့် ကျယ်သော ဟနုမံ ကျောက်တန်းပေါ် ထိုးထားသည့် မီးရထားကူး တံတားကြီးရှိရာ ပင်လယ်ရေကျက ကျောက်တန်းကြီး ပေါ် နေ သည်၊ တံတားတိုင်ပေါင်း(၁၄၆)တိုင် ပေါက်ရှိ၍ အလွန်ရှည်လျားလှသည်။

ဒန္ဒတ်ရှကိုဒီကျွန်း ။ ။ ဒန္ဒတ်ရှကိုဒီမှာ ကျွန်းဆွယ်လေး ဖြစ်၍ (၂၅)မိုင်ခန့်ရှည်သည်၊ ၎င်းကို(၅)နာရီခွဲလောက် ရောက်၍ ပစ္စည်းများရှာဖွေ စစ်ဆေးခံရသည်၊ ပြီးမှ သင်္ဘောပေါ် တက်ရသည်။

သီဟိုဠ်ဘက်ကမ်းသို့ ။ ။ ၎င်း နတ်တော်လဆန်း (၆) ရက်နေ့ညနေ (၆)နာရီခွဲလောက် ဒန္ဒတ်ရှကိုဒီ ဆိပ်ကမ်းမှ ကူးတို

သဘော်ကြီးဖြင့် ပင်လယ်ကြီးကို ကူးကြရာ၊ ၎င်းညနေ (၉) နာရီ လောက်မှာ သီဟိုဠ်ဘက်ဆိပ်ကမ်း (တလိုင်းမင်းနား) ရောက်ကြသည်။

ပင်လယ်ပြင်မှာ ။ ။ (၂၅)မိုင်ခန့်ကျယ်၍ လှိုင်း လေထန်သည့်အခါ မူးဝေအော့အန်တတ်သည်၊ သဘော်ဝန တဃယာက် ၃°/၆ ပဲ ပေးရသည်၊ ကုလားငှေ သီဟိုဠ်ငှေသင့်ရာ ပေးနိုင်သည်။

တလိုင်းမင်းနားမှ ကန္ဒီမြို့သို့

ၛင်း (၆)ရက်နေ့သည် (၁၀)နာရီလောက် ,တလိုင်းမင်းနား ဘုံတာမှ သီဟိုဠ်ပိုင် မီးရထားဖြင့် ဆက်လက်သွားကြရာ (၇)ရက်နေ့နံနက် (၆)နာရီလောက် (ပိုဂါဝဲလား) ခေါ်သော မီးရထားလမ်းခွဲဘူတာကို ရောက်ကြသည်။

ၛင်းမှ ကိုလံဘိုမြို့ကိုလာသော ကန္ဒီသွားမီးရထားကို ပြောင်းရွှေ့စီးကြရာ နံနက် (၉) နာရီ ခွဲလောက် စွယ်တော်ရှိရာ ကန္ဒီမြို့ကို ရောက်ကြသည်။

၁။ ပဌမအကြိမ် စွယ်တော်ကို ဖူးမြော် ကြခြင်း ။ ။ ၛင်းနေ့မှာ စွယ်တော်ဖွင့်မည့်နေ့ဖြစ်၍ ဘုဘာမှုဆင်းကာ တိုင်စိကားဖြင့် စွယ်တော်တိုက်ကို သွားရောက်ဖူးမြော် ကြသည်၊ သို့သော်စွယ်တော်ပေါ်ခန်းကိုသာဖွင့်ပြု၍ ကြုတ်ကိုသာဖူးမြော်ခွဲရသည်၊ ပန်းဆီမီး ဆွမ်းဟင်း ချိုချဉ်မျိုးနှင့် ဝတ္ထု ငှေ၊ ကျောက်၊ ငှေကလပ်၊ မိုးကြိုးကြုတ်စသည် (၅၀၀) ရှိကျော်ဘန်လောက် လှူဒါန်းခဲ့ကြသည်။

၂။ ဒုတိယစွယ်တော်ကို ဖူးမြော်ကြခြင်း ။ ။ ၛင်းနေ့ (၁၂)နာရီ လောက်မှာ ကြုတ်များကိုဖွင့်၍ ပြမည်ဟု ပြောသောကြောင့် တနေ့ရီလောက်မှ တခေါက်သွားရောက်ဖူးကြရာ စွယ်တော်ကို ကျကျနနဖူးတွေ့ခဲ့ရသည်၊ ၛင်းအကြိမ် ယောဂီတယောက်နား ကပ်ဖြုတ်၍ လှူခဲ့လေသည်။ ။

၃။ **စွယ်တော်ဖူး ပရိသတ်** ။ ။ စွယ်တော်ဖွင့်ပွဲမှာ ပရိသတ်အလွန်စည်ကားလှသည်ဖြစ်ရာ ရဟန်းပရိသတ် (၁၀၀)ခန့်၊ လူမြန်မာ (၂၇၀)ခန့်နှင့် သီဟိုဠ်(၇၁၀)ခန့်ရှိရာ ပရိသတ် တထောင်လောက်ရှိသည်။

၄။ **မြန်မာဘုန်းတော်ကြီးကျောင်း**။ ။ကန္ဒီမြို့စွယ်တော်တိုက်မှ (၁)မိုင်ခန့် အကွာမှာ မြန်မာဘုန်းတော်ကြီး ကျောင်းရှိရာ သွားရောက်ဘည်းခိုနိုင်သည်၊ နေရာထိုင်ခင်း ကျယ်ဝန်းလှပေသည်၊ (ဘုန်းတော်ကြီးဘွဲ့ ဥုးဉာဏဖြစ်လေသည်)။

၅။ **ပေတာဝရနိယ ပန်းခြံ** ။ ။ ကန္ဒီမြို့၏ ဆင်ခြေပုံ နေရာမှာဘည်ရှိရာ ပန်းပင်မျိုးစုံရှိ၍ (၃)မိုင်ပတ်လည် ကျယ်ဝန်းသည့် စစ်ပြီးစက ဗိုလ်ချုပ် အောင်ဆန်းနှင့် မောင့် ဘက် တန် တို့ စစ်စာချုပ် ချုပ်ဆို လက်မှတ်ရေးထိုးရာ နေရာကြီးဖြစ်သည်။

၆။ **တခြား ကြည့်ရှုဘွယ်များ** ။ ။ (က) ဂင်္ဂါရာမ ကျောင်းတိုက်၊ (ခ) ယူနီဘာစီတီ ကျောင်း၊ (ဂ) ရှေးသီဟိုဠ် သာသနာပိုင်ကျောင်း စသည်များကို ကြည့်ရှုနိုင်သည်။

၇။ **ကန္ဒီမြို့** ။ ။ ကန္ဒီမြို့မှာ တောင်ပေါ်မြို့ဖြစ်၍ ပင်လယ်ပြင်မှ ၂၀ (၃၀၁၁) ခန့်လောက်မြင့်သည့် အရပ်မှာ ဘည်ရှိသည်၊မိုးမပြတ်ရွာသောဖြင့် သစ်သီးသစ်ပင်များ အမြဲရှိလေသည်၊ ဆောင်းတွင်းဖြစ်ခဏလည်း သရက်သီး၊ ပိန္နဲသီးများ အစိမ်းအမှည့် မျိုးစုံရှိလေသည်။

ကန္ဒီမြို့မှ စေတီပါဒ တောင်သို့ (၆၀) မိုင်

နတ်တော်လ-ဆန်း (၇) ရက်နေ့မှာဘဲ လူကြုံကောင်းဒါနှင့် ညနေ (၄)နာရီလောက် ကန္ဒီမြို့မှ စေတီပါဒတောင်သို့ သွားကြရာ၊ ကား တမိုင် ဂ-ပဲနှုန်းကြပေးရသည်။

တောင်ဆင်း တောင်တက် အလွန်ပေါ်သောကြောင့် ဘုရား

ဖူးမျှား မူးဝေအောဲ့အန်ကာဖြင့် ခဲယဉ်းစွာ သွားကြရာ ညှ(၉)နာရီ လောက်ပျ တောင်ခြေကား ရပ်နားရာ ဟော်တယ်ကို ရောက်သည်။

ဟော်တယ်မှာ တည ဂ-ပဲကျ ငှားရမ်းနေသော အခန်းမျိုး ရှိသဖြင့် ညအိပ်ပြီးမှ တက်လျှင်လည်းဖြစ်သည်၊ အစားအသောက် မျိုးစုံရနိုင်သည်။

၁။ **စေတီပါဒ တောင်။** ။ ၎င်းတောင်မှာ ပေ(၇၆၀၀) ကျော်လောက်မြင့်၍ တောင်ထိပ်ပေါ်၌ဘုရားရှင်၏ ခြေစက်တော်ရာ ရှိသည်၊ သီဟိုဠ်၌ ဒုတိယ အမြင့်ဆုံးတောင် ဖြစ်၍ မှန်မှန်တက်က (၄)နာရီ၊ ဖြေးဖြေးတက်က (၅)နာရီလောက် တက်ရသည်၊တောင် ခြေမှ တောင်ထိပ်အရောက် (၅) မိုင်ခန့်ဝေးသည်။

၂။ **စေတီပါဒတောင် တက်ကြခြင်း။** ။ (၇) ရက်နေ့ ညှ(၉)နာရီလောက် တောင်ခြေကိုရောက် (၉) နာရီ ခွဲလောက်မှာဘဲ ဆက်လက်၍ တောင်ပေါ်သို့ တက်ကြရာ နံနက်(၂)နာရီခွဲလောက်မှ စက်တော်ရာရှိသည့် တောင်ထိပ်ကို ရောက်ကြသည်။

၃။ **စေတီပါဒခေါ်ပုံ။** ။ ဗေတိန္ဒင့်တူသော တောင်ထွဋ်ပေါ်တွင် ဘုရားရှင် ခြေစက်တော်ရာ ချထားခဲ့သောကြောင့် (စေတီပါဒ) စေတိန္ဒင့် တူသော စက်တော်ရာတောင်ဟု ခေါ်တွင်သည်၊ (ဘာသာဝင်တိုင်း လေးစားသည်)။

၄။ **ဂေါ်တော်ရာ အစစ် အတု။** ။ ဘုရားရှင်၏ ဧက်တော်ရာအစစ်မှာ ပတ္တမြားညို ကျောက်ပေါ်၌ ချထားခဲ့ခြင်းဖြစ်ကုခရစ်သက္ကရာဇ် (၁၁၈၇)ခုနှစ် မင်းဖြစ်သော (ပုလတ္ထိမြို့) ယာခုအခေါ် (ပေါလုနရုဝမြို့) (နိုစံခဇလ) မင်းကြီးလက်ထက်အဖူးရောက်လာရောက်စဉ်နောင်ရေးအတွက်စိတ်မချရသောကြောင့်(၁၈)တောင်ခန့်ရှိသော ကျောက်ဖျာဖြင့် ဖုံးအုပ်ခါအပေါ်၌ စက်တော်ရာအတုကို ထုလုပ်ထားခဲ့သည်ဖြစ်ရာ အလျား (၅)ပေခွဲ၊ အနံ (၂) ပေခွဲရှိသည့်၊

ခြေချောင်းရာများစက်လက္ခဏာရာများမရှိပြောင်ချောဖြစ်နေသည်၊ အရှေကို ဖနောင့်တော် လှည့်သည်။

စက်တော်ရာ ကိန်းသော ကျောင်းတိုက် ကလေးမှာ ။ ။

(၆)တောင်ပတ်လည်လောက် ရှိမည်ဖြစ်၍ ကျောက်တုံးခြေမှာ တိုက် ၄-၅ခုနှင့် သုမနနတ်မင်းကြီး၏ နတ်ကွန်းများရှိလေသည်၊ **သုမန** နတ်မင်းကြီးမှာ စက်တော်ရာချဘို့ရန် တောင်းပန် လျှောက်ထား သော နတ်မင်းကြီး ဖြစ်လေသည်။ (တကျွန်းလုံးက ၎င်းကို လေး စားကြသည်။

၅။ တက်သစ်စနေ၏ စက်တော်ရာအား ဦးတိုက်ပုံ ။ ။

တောင်က အလွန်မြင့်သဖြင့် နံနက်ခင်း နေထွက်လာခါစ နေရောင် များသည် အရှေဘက်လှည့် စက်တော်ရာ တိုက်ခန်းတွင်းသို့ ဝင်လာ သည်ကို နေက ဦးတိုက်သည်ဟု ဆိုကြပေသည်။

နေရောင်ကို တိမ်များဖုံးသည့်အခါ ဆုတ်လိုက်တိမ်စင်သည့် အခါ ရောက်လာလိုက်၊ဖြစ်သည်ကို(၃)ကြိမ်ဦးတိုက်သည်ဟုဆိုသည်၊ (တနည်းအားဖြင့် နောကလည်၍ တက်လာသည့်အဘွဲ့အရောင်များ တိုးဆုတ်ဖြစ်သည်ဟု ထင်ရသည်)။

၆။ စေတိပါဒ တောင်လမ်းစဉ် ။ ။ တောင်ခြေဟော် တယ်မှ တောင်ထိပ် စက်တော်ရာအထိ စမ်းချောင်း (၅) ချောင်း ကူးရသည်။

တောင်ခြေ ဟော်တယ်မှ တောင်ခါးလည် စမ်းချောင်း အသိ လှေခါးထစ် (၃၀၁) ကျော်၊ ခါးလည်စမ်းချောင်းမှတောင် ခုလပ် လဘက်ရေဆိုင်အထိ လှေခါးထစ် (၁၀၄၀) လဘက်ရေဆိုင်မှ စက်တော်ရာ ကျောက်တုံးခြေအထိ (၁၅၁၂)ထစ်၊ ကျောက်တုံးခြေမှ စက်တော်ရာအထိ လှေခါးထစ် (၅၀) လောက်ရှိရာ စုစုပေါင်းလှေ ခါးထစ် (၂၉၀၂)လောက် ရှိလေသည်။

၇။ ရှုခင်းသဘယာ အဖြာဖြာ ။ ။ စေတီပါဒ တောင်မှာ တောင်ရုံတွေက အထွေထွေ၊ စမ်းချောင်းတွေက တသွင်သွင်- ရေတံခွန်များအတန်တန်၊ ပန်းမလ် သစ်ပင်များက ပွင့်သီးစုံ အဖုံဖုံသော ဂမုန်းဖိုးတန်တို့ဖြင့် ဖြိုးလျှံ ဝေဆာ ပဒေသာမခြား၊ ပေါများ တင့်ဘယ် ပျော်ရွှင်ဘွယ် ရှိလှပေသည်။

၈။ ဒီဝါ ဝိဟာရ ဂူဟာလိုဏ် ။ ။ ဘုရားရှင် ကြွလာစဉ်က နေ့ခင်းများ၌ ရဟန်းတော်များနှင့်အတူ နေထိုင်ရာ လိုဏ်ဂူတော်ကြီးဖြစ်သည်၊ စက်တော်ရာမှ မြောက်ဘက်ကိုဆင်း၍ သွားရသည်။

၉။ လဘက်ပင်နှင့် လဘက်ခြောက်လုပ်ငန်း။ ။တောင်ခြေ စမ်းချောင်းဘေးမှာရှိသည်၊ စက်မှာ ရေတံခွန်မှ ရေအားဖြင့်လည်သည် ညင်သာလှပေသည်။

စေတီပါဒတောင်မှ ကိုလံဘိုမြို့သို့ မိုင်(၆၀) ခန့်

နုတ်တော်လဆန်း (၈) ရက်နေ့ ည(၃)နာရီလောက် စေတီပါဒတောင်မှ ကိုလံဘိုမြို့ကို မော်တော်ကားဖြင့် သွားကြရာ လမ်းခရီး၌ အောဘန် မူးဝေကြသောကြောင့် ကိုလံဘို ရောက်အောင် မသွားနိုင်ကြဘဲ ကန္ဒီမြို့မှာဝင်၍ အိပ်ကြရသည်။

လဆန်း (၉) ရက်နေ့ နံနက် (၄)နာရီလောက်မှာ ကန္ဒီမြို့မှ ဘဆင့် ကိုလံဘိုကို ဆက်လက်သွားကြရာ ကန္ဒီမှ (၇၂)မိုင် လောက်ဝေးသော ကိုလံဘိုမြို့ကို(၆)နာရီခွဲလောက် ရောက်ကြသည်။

ကလျာဏီမြစ် ။ ။ ကိုလံဘိုမြို့ဝင်ခါနီး ကလျာဏီ မြစ်ကို ဘံဘားဖြင့် ကူးရသည်၊ ကလျာဏီမြစ်မှာ ငမိုးရိပ်ချောင်းလောက် ကျယ်သည်။

မြန်မာ ဘုန်းတော်ကြီး ကျောင်း ။ ။ ကိုလံဘိုမြို့မှာ မြန်မာဘုန်းတော်ကြီး (ဦးဝိနယ) တည်ထောင်ထားသော မဟာဗုဒ္ဓရာဇမ

ခေါ် ကျောင်းတိုက်ကြီးရှိလေရာ ၎င်းကျောင်းတိုက်၌ တည်းခိုကြ သည်။

ဆရာတော်ကြီး ။ ။ ဆရာတော်ကြီး ဦးဝိနယမှာ အသက် အရွယ်ကြီးသည့် အပြင် လေငန်း ရောဂါ အနှိပ်စက် ခံနေရသော ကြောင့် ဘာကိစ္စကိုမှ မဆောင်ရွက်နိုင်ရှာတော့ပေ။

တိုက်အုပ် ဆရာတော်။ ။ တိုက်အုပ်ဆရာတော် ဦးသိဂ္ဂ ကသာ ကိစ္စအမျိုးမျိုး ဆောင်ရွက်ရလေသည်၊ ကျောင်းနေ သံဃာ တော်ရေ ည်း (၂၀)လောက်ရှိသည်၊ ဦးဝိနယ၊ မော်ရေ မြို့၊ ဦးသိဂ္ဂ မြောင်းမြ ဇာဝင်ပြစ်ကြလေသည်။

အနားယူခြင်း ။ ။ လဆန်း (၉-၁၀) ရက် မျှား ဦ့် ကျုန်းမာရေးပြ၊ ချက်လက်မှတ်မျှား လဲလှယ်ရင်း အနားယူနေကြ သည်။

ကိုလံဘိုမြို့မှ အနုရာဓပြေမြို့သို့ (၁၆၂) မိုင်

နတ်တော်လဆန်း (၁၁) ရက်နေ့ နံနက် (၆) နာရီ လောက် ကိုလံဘိုမြို့မှ ကားတစီးတဝိုင် ဂ-ပဲနှုန်းဖြင့် ငှားရှိသွားကြရာ (ဂ)နာရီ လောက် ကိုလံဘိုမြို့မှ မြောက်ဘက် မိုင် (၂၀) လောက်ကွာဝေးသော (နိုဂမ်ဘိုမြို့)ကို ရောက်ကြသည်။

ရင်းမြှုပ်၌ ဘုရားများနှင့် ဗောဓိပင်များကို ဖူးမြော်ကြရ ဝေ သည်၊ ဘုရားများမှာ သဘာဝကျ သပ္ပါယ်လှပေသည်၊ ရင်းနှီ (၁၂)နာရီခဲ့လောက် အနုရာဓမြို့ကို ရောက်ကြသည်၊ မြန်မာဘုန်း တော်ကြီးကျောင်းမှာ တည်းခိုကာ တည်အိပ်ကြသည်။

အနုရာဓပြေမှာ ။ ။ နှစ်ပေါင်း (၂၀၀၀) ကျော်လောက် မှစ၍ ဘုရားရှင်သာသနာ ထွန်းကားခဲ့သော မြို့ကြီးဖြစ်ရာ စေတီ၊ ကျောင်း၊ ကန်·သေသည်များနှင့် ဗောဓိပင်များ ပေါများလှပေသည်။

အနုရာဓမြို့၌ ပူးဝရာများ

၁။ သယံမိတ္တာ ဗောဓိပင် ။ ။ ဘုရားရှင် ပွင့်ရာ ဗုဒ္ဓဂယာ မဟာဗောဓိပင်မှ ဘောင်ဘက်ကိုင်းကို အသောက မင်းကြီး ကူးယူ၍အနုရာဓမြို့ ဒေဝါနံ ပိယတိဿမင်းအား လက်ဆောင်ပေးရာ သယံမိဿာထေရ် ပင့်ဆောင်လာသောကြောင့် သယံမိတ္တာအမည်တွင်သည်၊ တောင်ဘက်ကိုင်းကိုပင့်ဆောင်ခဲ့ခြင်းကြောင့် ဒက္ခိဏသာခါဟု ခေါ်သည်။

အုတ်ပလွှင် (၃)ထပ် ပြုလုပ်စိုက်ထားရာ ပလ္လင် (၁၅)တောင် လောက်မြင့်သည်၊ ဘက်ရောက် ဖူးမြော်ခြင်း မပြုနိုင်၊ သံတိုင်များ ကာရံထားသည်၊ ဗောဓိပင် (၃)ခွရှိရာ ကောင်ဘက် (၂)ပင် ဒက္ခိဏသာခါအဖစ်ဖြစ်၍ ဝမြောက်ဘက် (၁)ပင်ကား နောက်ပွားဖြစ်လေသည်။

၂။ မဟာ ဇေတီတော် ။ ။ ၎င်းမှာ ဓာတ်ဘဘာ်အများ ဆုံး ဌာပနာကာ ဒုဋ္ဌဂါမဏိမင်းကြီး တည်ထားခဲ့သော စေတီတော်ကြီးဖြစ်လေသည်။

လုံးပတ် ဥဿဘတော် (၃၃၃) ကိုက်ခန့်ရှိ၍၊ အမြင့်အခဘာင် (၁၂၁)ရှိသည်၊ မဟာရံဘံဘိုင်းပတ်လည်၌ ဆင်ရှေပိုင်းချပ်လုံးပေါ်ကြီးများ၊ ပြုလုပ်ထားရာ တောင်ခေါ် (၃၃၂)ခေါက် ရှိသည်၊ မုခ်ဝ (၄)ဝရှိ၍ ကောင်းမွန်တာ်ပုံကြီးဖြစ်သည်။

၃။ တူပါရာမဇေတီ ။ ။ ၎င်းမှာ မဟာဇေတီနှင့် မနီးမဝေးမှာ တည်ရှိသည်၊ ဥဿဘ. လုံးပတ် (၉၆)ကိုက် အမြင့် အခဘာင် (၃၁)ခန့်ရှိသည်၊ ကောင်းမွန်ဘာ်ပုံ ဖြစ်သည်၊ ဒေဝါနံ ပိယတိဿမင်း တည်ခဲ့သည်။

မှတ်ချက် ။ ။ ၎င်းဇေတီနရာမှာ ဘုရားငါးဆူ ကိုရှေ့ရှစ်၊ ခါးပန်းကြိုး၊ ရေလဲ၊ လက်ျာညှပ်ရိုးဟော်များ၏ ဂိုဏ်းဘပ်ရာဖြစ်ပေလသည်။

၄။ **လံကာရာမစေတီ ။** ။ ထူပါရံစေတီတော်ပုံအတိုင်းဖြစ်၍ မုခ်၀(၄)ဘက်သာရှိသည်၊ ဥဏ္ဏတော်- လုံးပတ်(၆၄)ကိုက်ခန့်ရှိ၍၊ ဝဋ္ဋဂါမဏိမင်း တည်ထားခဲ့လေသည်။

၅။ **ဇေတဝန စေတီတော် ။** ။ မဟာစေတီ ပုံတော်အတိုင်းဖြစ်၍ ပြိုပျက်နေသည်၊ ဥဏ္ဏတော်၊ လုံးပတ် ကိုက်(၃၀၀) ကျော်လောက်ရှိ၍၊ ဥဏ္ဏတော်အမြင့် (၁၆၀) ရှိသည်၊ ဝဋ္ဋဂါမဏိမင်းကြီး တည်ထားခဲ့လေသည်၊ ၎င်းပတ်လည်ရှိကျောင်းကို ဇေတဝန်ကျောင်းဟုခေါ်သည်။

၆။ **အဘယဂိရိ စေတီတော် ။** ။ မဟာစေတီ ပုံတော်အတိုင်းဖြစ်၍ ဥဏ္ဏတော်လုံးပတ်ကိုက် (၃၀၀) ရာကျော်၊ အမြင့်အတောင်(၁၄၀)ရှိသည်၊ ဝဋ္ဋဂါမဏိမင်းကြီးပင် တည်ခဲ့သည်၊ ၎င်းပတ်ဝန်းကျင်ရှိ ကျောင်းကို အဘယဂိရိကျောင်း ဟူ၍ ခေါ်တွင်လေသည်၊ မဟာယာနဂိုဏ်းဝင် သံဃာများ နေထိုင်ရာဖြစ်သည်။

၇။ **မရိဓဝဋ္ဌိစေတီ ။** ။ မဟာစေတီပုံတော်ပင် ဖြစ်၍ ဥဏ္ဏတော်သေးငယ်သည်၊ ဒုဋ္ဌဂါမဏိ မင်းကြီး သံဃာတော်များ မကပ်မီဘဲ ငြုပ်သီးကိုစားမိ၍ စိုက်ထားသောလှံ ပျံ့နှံ့တော်မရဖြစ်ခဲ့လရာ ဒဏ်ထားသော အနေအားဖြင့် တည်ထားခဲ့သောစေတီတော်ကြီးဖြစ်သည်။

၈။ **ဂုဿရ မုနိ စေတီ ။** ။ ၎င်းမှာ ကျောက်တောင်ထိပ်မှာ မဟာစေတီပုံ စေတီငယ်ဖြစ်၍ ကျောက်တောင်နံရံ၌လိုဏ်ဂူများထွင်းကာ ရုပ်ပွားဆင်းတု၊ ပန်းချီကားများ ဗေဒါပင်များရှိသည်၊ ရှေးကရဟန္တာ၁၂ဦးရာ နေထိုင်ရန် ဒေ၀ါနုံပိယတိဿမင်းကြီး ပြုလုပ်ခဲ့သည့် ကျောင်းတော်ကြီးဖြစ်သည်။

၉။ **ဓဝဿဂိရိ ကျောင်းတော် ။** ။ ဂုဿရမုနိမှ တောင်ဘက်၊ မိုင်၀က်ခန့်သာဝေး၍ ကုန်သည်မှုပြုသော ရဟန်းတော်များ နေထိုင်ရန် ဒေ၀ါနုံပိယတိဿမင်းကြီး ကျောက်တောင်ကို ထွင်း၍ လိုဏ်ဂူများပြုလုပ်ထားခဲ့သည်။

၁၀။ လောဟပါသာဒ - ကြေးပြာသာဒ်ကျောင်း ။ ။ ရင်းမှာ ဒုဋ္ဌဂါမဏိမင်းကြီးလက်ထက်က ရဟန္တာများ ကာဝတီ သာနတ်ပြည်သို့ (ဘိရဏီ)နတ်သမီး၏ ဗိမာန်ကို ပုံစံယူ၍ ဆောက်လုပ်ထားသည့် (၉)ထပ်ကြေးပြာသာဒ်ကြီးဖြစ်၏၊ ကျောက်တိုင်ပေါင်း အပင်လေးဆယ်ပတ်လည်ဖြစ်၍ ၄၀×၄၀=၁၆၀၀- လောက် ရှိသည်၊ သယ်မိတ္တာဗေဒခိပင်အနီးမှာ တည်ရှိလေသည်။

၁၁။ မဟာဝိဟာရ ကျောင်းတိုက် ။ ။ မဟာစေတီနှင့် ဗေဒခိပင်အကြားမှာ တည်ရှိ၍ သံဃာထောင်ပေါင်းများစွာနေထိုင်ခဲ့သော ထေရဝါဒဂိုဏ်းဝင် သံဃာများ၏ ဗဟိုရိုးချက်မ မဏ္ဍိုင်ကြီးဖြစ်ခဲ့လေသည်၊ ဒေဝါနံပိယတိဿမင်းကြီး တည်ထားခဲ့သည် ဖြစ်၍ ပျက်စီးနေလေပြီ။

၁၂။ မထမစေတီ ။ ။ ရှင်မဟိန္ဒတို့ မဟိန္ဒလေ့တောင် မှအနုရာဓမြို့ကို အကြွ ပထမဆုံး ကောင်းကင်မှ ဆင်းသောနေရာ၌ တည်ထားသော စေတီတော်ဖြစ်ရာ အနုရာဓမြို့၏အရှေ့ဘက် တံခါးဝမှာ တည်ရှိလေသည်။

မဟိန္ဒလေ့တောင်စခန်း (၈) မိုင်

၁၃။ မဟိန္ဒလေ့တောင် ။ ။ အနုရာဓမြို့မှ အရှေ့ဘက် ရှစ်မိုင်ခန့်ဝေး၍ ရှင်မ ဟိန္ဒတို့ သီဟိုဠ်သာသနာပြုလာကြစဉ်ပထမဆုံး ဆင်းသက်ရာဖြစ်သည်၊ ၎င်းတောင်မှာပင် ဒေဝါနံပိ ယတိဿမင်းကြီးနှင့် ရှေးဦးစွာတွေ့ကြလေသည်။

၁၄။ အမ္ဗထလမည်ပုံ ။ ။ သရက်ပင်ပေါက်ရာ ကုန်းဖြစ်၍ (အမ္ဗံတ္ထလတောင်) မြေကျ ကျရောနေ၍ (ပိဿကတောင်) ခေတ်တော်များ ရှေးဦးစွာကိန်းဝပ်ရာဖြစ်၍ (စေတီယပဗ္ဗတ)စေတီတောင်ဟူ၍ ခေါ်တွင်လေသည်။

၁၅။ ဘုန်းတော်ကြီးကျောင်း ။ ။ တောင်ခြေမှ လှေခါးထစ် (၆၀၀)လောက် တက်၍သွားလျှင် (အမွတ္ထလ)ခေါ်သော ကုန်းပြင်ကိုရောက်၍ ဘုန်းတော်ကြီးကျောင်း ရှိသည်။

၁၆။ အမွတ္ထလ စေတီတော် ။ ။ ဘုန်းတော်ကြီးကျောင်းဝိုင်းအလည်မှာ တည်ရှိ၍ ရှင်မဟိန္ဒနှင့် ဒေဝါနံ ပိယတိဿ မင်းတို့ ရှေးဦးစွာတွေ့သောနေရာ၌ အထိမ်းအမှတ်အဖြစ် တည်ထားသည်။ (အုတ်ခုံအကျယ်ခံထား၍ ဥာဏ်တော်လုံးပတ်အတောင်(၆၀) အမြင့်(၁၅)တောင်ခန့် ရှိသည်။

၁၇။ သုမနကူဋဇောင်ထိပ် ။ ။ စေတီ၏ အရှေ့မြောက်ဘက်က တောင်ထွဋ်ကြီးဖြစ်၍ သံလှေခါးများ တပ်ဆင်ထားသည်၊ အတောင်(၁၀၀)ကျော်လောက် မြင့်မည်ထင်သည်၊ ရှင်မဟိန္ဒ၏တူ သင်္ဃမိတ္တာ၏သားတော် (သုမနသာမဏေ)၏ တရားနာရန် ကြွေးကျော်သော တောင်ထွဋ်ဖြစ်၍ သုမနကူဋဟု ခေါ်ထွင်သည်။

၁၈။ ရှင်မဟိန္ဒလိုဏ်ဂူ ။ ။ စေတီတော်မှမြောက်ဘက်ကိုက်(၁၀၀)ခန့် သုမနကူဋတောင်၏ ခြေရင်း ကျောက်တုံးကြီးများ၏အကြားမှာ တည်ရှိလျက် အိပ်ရာ ညောင်စောင်းပုံ ဖြစ်၍ အလျား(၄)တောင်(၁)ပေ၊ အနံ (၂)တောင်ခန့်ရှိ၍ ရှေ့ချထားသည်။

၁၉။ သေလဒစေတီတော် ။ ။ အမွတ္ထလစေတီ၏မြောက်ဘက် တောင်ထိပ်ပေါ်မှာ တည်ရှိ၍ ဘုရားရှင်၏ (ဥဏ္ဏလုံမွေးရှင်တော်) ဌာပနာသည်ဟု အဆိုရှိသည်၊ (ယခုအခါပျက်စီးနေသည်။)

၂၀။ ရှင်မဟိန္ဒတို့၏ ပုံတော်များ ။ ။ အမွတ္ထလစေတီတော်၏ တောင်ခြေ၌ တည်ရှိ၍ လိုဏ်ဂူငယ်အတွင်းဝယ် ရှင်မဟိန္ဒ ရှင်ဣဋ္ဌိယ၊ ရှင်ဥတ္တိယ၊ ရှင်ဘဒ္ဒသာလ၊ ရှင်သမ္ဗလ၊ သုမနသာမဏေ ဘဏ္ဍုက၊ အနာဂါမ် ဥပသကာနှင့်ဒေဝါနံပိယတိဿ မင်းတို့၏ပုံများ ရှိသည်။

၂၁။ **ဘဏ္ဍာ စေတီတော်** ။ ။ အမ္ပတ္ထလစေတီ၏ တောင်ဘက်ကုန်းမြင့်ပေါ်၌ တည်ရှိ၍ ကောင်းမှုဟော်ပုံ စေတီကြီး ဖြစ်သည်။

၂၂။ **ကျောက်ခွက်ကြီးများ** ။ ။ တောင်ခြေမှတက်စ ဒုတိယဆင့် လက်ဝဲဘက်နားမှာ တည်ရှိ၍ ရှေးက ရဟန်းတော်များ အတွက် ယာဂုထည့်သည်ဟု အဆိုရှိသည်၊ အလျား (၃၃) တောင် ခန့်ရှိသည်။

၂၃။ **ရှေးက ကျောင်းဟောင်း ရာများ** ။ ။ တောင်ခြေ တောင်ခုလပ်များ၌ ရှေးကရဟန်းတော်များ နေထိုင်ရာ ကျောင်း ဟောင်းရာ ကျောက်တိုင်များ ရှိလေသည်၊ အုတ်ခုံ ကျောက်တိုင် များမှာ လေးပင်တည် (၃)ခန်းကျောင်းများ ဖြစ်သည်။

အနုရာဓပြိုမှ ပေါလုနရုဝပြိုသို့ (၆၄) မိုင်

နတ္တော်လွှန်း (၁၂) နံနက် (၇)နာရီခန့် ကားဖြင့်ဆက်လက် သွားကြရာ (၁၀)နာရီလောက် ပေါလုနရုဝပြိုကို ရောက်သည်။ ပရက္ကမ ကန်တော်ကြီးမှာ နေ့ဆွမ်းစားကြသည်။

ပေါလုနရုဝပြိုမှာ ။ ။ ရှေးအခါက မင်းပေါင်း (၃၆) ဆက်တိုင်တိုင် နေထိုင်ရာ (ပုလတ္ထိနဂရ) ခေါ် နေပြည်တော်ကြီးဖြစ် သည့်အတိုင်း ဖူးမြော်ကြသ့ဲရှုဘွယ် သာသနာရေး အဆောက်အဦ များအလွန်ပေါများသည်။

ပေါလုနရုဝပြို၌ ဖူးမြော်ဘွယ်များ

၁။ နိစံခမလ္လမင်း၏ နန်းတော်ကြီးနှင့် ညီလာခံခန်းမကြီး။

၂။ စွယ်တော်တိုက်နှင့် ထူပါရာမ ကျောင်းတော်။

၃။ ဝတဒါဂေ့အဝိုင်းပုံ (အတွင်း ကလိုဏ် လှေခါးဖြင့် တက်နိုင်သည်)။

၄။ ဂါးလ်ပေါ်တခေါ် ကျောက်ချပ်ကြီး (ကျောက်စာ အပြည့်ရေးထားရ အလျား (၂၇)ပေခန့် ရှိသည်။

၅။ **ရန်ကော့ ဝိဟာရစေတီ ။** ။ ဘိနပ်တော်ပေ (၅၅၀) အမြင့်ပေ (၁၈၀)ရှိသည်။

၆။ **ဒမိလထူပ စေတီတော် ။** ။ ဥာဏ်တော်အတောင် (၁၃၀၀)ခန့်ရှိ၍ သီဟိုဠ်ကျွန်းဌ အကြီးဆုံးစေတီဖြစ်သည်။ (ပရက္ကမဗာဟု မင်းကြီးတည်ထားခဲ့လေသည်။)

၇။ **ပရက္ကမသမုဒ္ဒရာ ။** ။ အမွန်မြစ်ကို ဖြတ်၍ ဆည်ထားရာ ကန်ပေါင်ရိုးအရှည် (၉)မိုင် အမြင့်ပေ (၄၀) ရေနေမိုင် (၄၀)လောက်ရှိ၍ လယ်ကော (၆၀၀၀)ကျော်လောက် ရေပေးနိုင်သည်။

ပရက္ကမ မင်းကြီး ရုပ်တု ။ ။ ကန်ဘောင်ရိုး အနီးကျောက်တောင် နံရံတွေးဌ ပရက္ကမဗာဟုမင်းကြီး၏ ကျောက်ရုပ်တုကြီးထွင်းထုထားရာ (၈)တောင်ခန့် မြင့်သည်။

ပေါလုနရုဝမ်ပြိုမှ ဆိုဂိရိုးယား နန်းတော်တောင်သို့ (၁၅)မိုင်ခန့်

ရင်းနတ္တောင်လွန်း (၁၂)ရက်နေ့ မှာပင် (၁၂) နာရီလောက် ပေါလုနရုဝမ်ပြိုမှ ဆက်လက်၍သွားကြရာ (၂) နာရီလောက်မှာ ဆိုဂိရိုးယားနန်းတော် တောင်ခြေကို ရောက်ကြသည်။

ကဿပ ဘုရင်၏ နန်းတော် ။ ။ ခရစ်သက္ကရာဇ် (၄၆၀) ပြည့်နှစ်က နန်းတက်သော ခမည်းတော် (ဓာတုသေန) မင်းကြီးကို သတ်ဖြတ်ပြီး နန်းပါက်သော ကဿပဘုရင်၏ နန်းတော် ကျောက်တောင်ကြီးဖြစ်သည်။

နန်းတော်၏အမြင့်- ၎င်းတောင်မှာ မြေပြင်မှ အထက် (၃) ဆင့်ရှိလေရာ မြေပြင်မှ ကျောက်တုံးခြေအထိ လှေခါး (၃၃၃)ထစ်၊

ကျောက်တုံးအခြေမှ ခါးလယ်ခြေသော့်လက် အထိ (၁၁၆)ထစ်၊ ခြေသော့်လက်ရှိရာ အလယ်ဆင့်မှ ကျောက်တုံးထိပ် နန်းတော် အထိ (၂၇၉) ထစ်ခန့်ရှိလေသည်။ အထက်ဆုံးအဆင့်မှာ သံလှေခါး တပ်ထားရာ ဂျင်တုံဒေါင် တက်ရသည်။

နန်းတော်နှင့် မြို့ရိုးအကျယ် ။ ။ ကျောက်တောင် နန်းတော်မှာ အလျားကိုက် (၂၀၀)ခန့်၊ အနံကိုက်(၁၀၀) ခန့်လောက် ရှိသည်၊ ကျောက်တောင်ပတ်လည်၌ မြို့ရိုးတံတိုင်းမှာ (၂) မိုင်ပတ်လည်ခန့်ရှိ၍ ပန်းခြံ၊ ရေကန်များ ရှိသည်။

အနှစ် တထောင် ကျော်က ပန်းချီကား ။ ။ ကျောက်တောင်၏ နံရံ၌စက်ကြံ်ပြားလှည့်၍ ထိုးထားကာ နံဘေး၌နှစ်ပေါင်း တထောင်ကျော်က ပန်းချီကားများယခုထက်တိုင်အောင် ထင်ရှားစွာ တွေ့ရသည်။

တောင်ထိပ် နန်းဆောင်ရာ ။ ။ တောင်ထိပ်၌ အလျား (၂၂)ကိုက်ခန့် အကျယ်ရှိ နန်းတော်ဆောင်ရာ အုတ်ခုံနှင့် ရေလှောင်ကန်၊ ပန်းခြံ၊ သစ်ပင်များ ရှိသည်။

ကောဇင် ဘုရင် ။ ။ ကဿပ ဘုရင်သည် ၎င်းတောင်ထိပ် နန်းတော်မှနေ၍ (၁၈)နှစ်ကြာမျှ သီဟိုဠ်တကျွန်းလုံး အုပ်စိုးခဲ့လေသည်။

ဆင်ဂိုရိုးယားပှ ဒမ္မုလလိုဏ်သို့ (၁၀) မိုင်

၎င်း (၁၂) ရက်နေ့ (၃) နာရီလောက် ဆင်ဂိုရိုးယားပှ ဆက်လက်သွားကြရာ (၄)နာရီကျော်လောက် ဒမ္မုလလိုဏ်ဂူသို့ ရောက်ကြသည်။

၎င်းဒမ္မုလလိုဏ်မှာ မြေပြင်မှ ကိုက် (၂၈၀) လောက်ကျယ်သောကျောက်တောင်ပြင်ကြီးကိုဖြတ်ကျော်ကာ အထက်ကို ခြေလှမ်း (၅၀၀)ကျော်လောက် တက်သွားလျှင် မြင့်မောက် ရှည်လျားသော

ကျောက်တောင်ပြင် နံဘေးမှာ ထွင်းထုထားသည့် လိုဏ်ဂူကြီးများ ဖြစ်သည်၊ လိုဏ်ဂူကြီးများမှာ ဝဋ္ဌဂါမဏိမင်းကြီးပြုစုခဲ့သည့် လိုဏ် (၃)လုံး၊ ကိုတ္ထိသိရိရာဇသိဟမင်းနှင့် အမတ်ကြီးတို့ ပြုစုခဲ့သော လိုဏ်ဂူ(၂)လုံးအားဖြင့် လိုဏ်ဂူပေါင်း(၅)လုံး ရှိလေသည်၊ ဘေးက လိုဏ်များနောက်မှ ပြုစုထားသည်။

သိကြား လိုဏ်ဂူ ။ ။ အလယ်ရှိ လိုဏ်ဂူ(၅)လုံး တို့တွင် အစဆုံးလိုဏ်ဂူဖြစ်သည်၊ အလျား(၂၅)တောင်၊ **အနံ**(၁၄)တောင် ခန့်ရှိ၍ အတွင်း၌ ရှေသာလျောင်းနှင့် ရုပ်ပွားတော်များရှိရာမင်းကြီးအလိုကျအောင် ကျောက်ဆစ်သမား မဟတ်နိုင်သဖြင့် သိကြားမင်း၏ စေခိုင်းချက်အရ ဝိသုကြံ နတ်သား ဖန်ဆင်းခဲ့၍ သိကြား လိုဏ်တွင်သတဲ့။

ရာဇဝိဟာရ ။ ။ ဒုတိယမြောက် လိုဏ်ဂူကြီး ဖြစ်ရာ အလျား(၇၀)တောင် အနံ(၃၅)တောင်ခန့်ရှိ၍ အတွင်း၌ ရုပ်ပွား တော်ပေါင်း (၅၀၀)ကျော်လောက်နှင့် ဘုရင်ရုပ်၊ နတ်ရုပ်၊ ပန်းချီ ကားမျိုးစုံ၊ ဇာတ်ထုပ်၊ ဇာတ်လမ်းများရှိသည်၊ (အမှိုးမှစိမ့်၍ကျ နေသော ကျောက်ဆစ်ရေကန်ငယ် အုတ်တံတိုင်းကာရံလျက်ရှိသည်။

အနောက် ကျောက်ဆောင် ။ ။ တတိယလိုဏ်ဂူ ဖြစ်၍ အလျား(၁၈)တောင်၊ အနံ (၉) တောင် ခန့် ရှိသည်၊ အတွင်း၌ အဘိဓမ္မာဟောသော ရုပ်ပွားတော်ပုံ ရှိသည်။

အခြားလိုဏ်ဂူများ ။ ။ အလျား (၃၅)တောင် (၁၅) ကတောင် စသည်ဖြင့် အသီးသီးရှိကြလေသည်၊ ရှေးကရဟန္တာ(၄၀၀) လောက်နေခဲ့ဘူးလေသည်။

ဒမ္မုလလိုဏ်ဂူမှ အာလုဝိဟာရ လိုဏ်ဂူသို့ မိုင် (၃၀)

ရင်း(၁၂)ရက်နေ့ (၄) နာရီခွဲ လောက် ဒမ္မုလမှ အာလု ဝိဟာရခေါ် အာဇလောကလိုဏ်ဂူကိုသွားကြရာ (၆)နာရီ လောက်မှ ရောက်ကြလေသည်။

စတုတ္ထ သံဂါယနာ တင်ခဲ့ရာ ။ ။ ၎င်း အာလောကလိုဏ်ဂူမှာ စတုတ္ထမြောက် ပေထက်အကျွှရာရေး၍ သံဂါယနာ တင်ရာ ဌာနဖြစ်၍ မြေပြင်မှ လေးခါးထစ် (၅၀) ကျော် လောက် တက်ရသည်။

လိုဏ်ဂူ(၂)ခု ။ ။ လိုဏ်ဂူမှာ အသစ်အဟောင်း(၂)ခု ရှိ၍ အသစ်၌ ရှေသာလျောင်း ရုပ်ပွားတော်များရှိသည်၊ အလျား အတောင် (၅၀) အနံ (၁၅) တောင်လောက် ရှိသည်၊ (၎င်းနေရာ မှာပင် အာလောကလိုဏ်ဂူဖြစ်သည်ဟု တချို့ဆိုကြသည်။)တချို့ မှတ်တမ်းများက အဟောင်းနေရာ ဖြစ်သည်ဟု ဆိုကြသည်။

လိုဏ် ဂူဟောင်း ။ ။ လိုဏ်ဂူသစ်နှင့် မျက်စောင်းထိုး ကျောက်တောင်ကြီး (၂)ခုကြား ကွင်းပြင်နေရာကြီးဖြစ်၍ အလျား အတောင် (၄၀)အနံ (၂၇)တောင်လောက်ရှိလေသည်၊ လိုဏ်ဂူနှစ် ခုလုံးပင် ကျောက်တောင်(၃)ခု ဆိုင်ထည်းမှာ တည်ရှိ၍ ရှေးကတခု တည်းကို ယခု(၂)ခဲ့ ခေါ် ကြ ဟန် ရှိသည်။

ရှင်ဗုဒ္ဓ ဃောသလိုဏ်ဂူနှင့် ဗောဓိပင် ။ ။ တောင်ထိပ်ကို တက်သွားလျှင် ဗောဓိပင်ငယ်နှင့် လိုဏ်ဂူမနီးမဝေး တွေ့ရှိလိမ့်မည်၊ ၎င်းလိုဏ်ဂူမှာပင် ဝိသုဒ္ဓိမဂ်စသော အဋ္ဌကထာများကို ရေးခဲ့သည်ဟု ဆိုသေးသည်။

မဟာဒစတီနှင့် ကျောက်မဏ္ဍပ် ။ ။ ၎င်းကောင်ထိပ် ပေါ်မှာပင် စေတီတော်နှင့် ရဟန္တာများ ပေထက်အကျွှရာခံရေးသော ကျောက်မဏ္ဍပ်ကြီးများ ရှိလေသည်။

သံဂါယနာ တင်သောခုနှစ် ။ ။ သာသနာ သက္ကရာဇ် (၄၅၁)ခုနှစ်လောက် ဝဋ္ဋဂါမဏိမင်းလက်ထက်မှာ ၎င်း၌ သံဂါယနာ တင်ခဲ့သည်၊ တောင်ကြီး၏အနီးမှာ မာတလေ့ခေါ်သော မလယ ဇနပုဒ်မြို့ကနေလေးရှိ၍ ကန္ဒီမှ (၁၅)မိုင်လောက် ဝေးသည်။

အာလောက လိုဏ်ဂူမှ ကန္ဒီမြို့-ကိုလံဘိုသို့ (၁၅-၈၇) မိုင်

ဇင်းနတ္တော်လွန်း (၁၂)ရက်နေ့ ည(၈)နာရီလောက် ကန္ဒီကို ရောက်၍ ညအိပ်ကြပြီး (၁၃)ရက်နေ့ နံနက် (၁၀) နာရီ လောက် ကိုလံဘိုမြို့ကို ပြန်ရောက်ကြသည်။ ကားခတစီး (၂၀၀)ကျော်ပေး ရ၍ တယောက် (၁၉ိ)ကျပ် ကျသည်။

ကိုလံဘိုပှ သာသနာ့ရိပ်သာသို့ (၁၈)မိုင်

နဇော်လွန်း (၁၄)ရက်နေ့ နံနက် ကိုလံဘိုမှ သာသနာ့ ရိပ်သာရှိရာ ကန္ဒုဗောဓကို ကားဖြင့်သွားကြရာ ကားခ (၂ဝိ)ပေးရသည်။ (၁၈)မိုင် ဝေးသည်။

ရိပ်သာ၌ ယောဂီများ ။ ။ ရိပ်သာ၌ရဟန်း(၁၀)ပါး၊ လူယောဂီ(၅၀)ကျော်လောက်ရှိသည်၊ မြန်မာဆရာတော် ဦးသုဇာဘ စသည်တို့ မြန်မာပြည်ကို ပြန်ကြခိုက်ဖြစ်၍ သီဟိုဠ် ဆရာတော်များ ကိုသာ ဖူးတွေ့ခဲ့ကြရသည်။

ရိပ်သာ အခြေ အနေ ။ ။ စံနှစ်တက္ကစိုက်ပျိုးထားသော အုန်းခြုံအတွင်း တောင်ကုန်းပေါ်မှာ တည်ထားသဖြင့်ယောဂီများ နှင့် သင့်လျော်လှပေသည်။

ကျောင်းဆောက် အဦများ ။ ။ ဆရာတော် နေရာ (၃)ခန်းပိုက် (၁)ဆောင်၊ ရဟန်းနေ (၃)ခန်းတိုက်(၁)၊(၂)ခန်း သစ်သားကျောင်း (၄)ဆောင်၊ လေးဆောင် စကြံ့ရှည် တဆောင်၊ ကျားယောဂီနေ(၁၁)ခန်း၊ တဘက်ခန်းတိုက်တန်းလျားတဆောင်၊ မိန်းမယောဂီနေ(၁၀)ခန်း၊နှစ်ဘက်တိုက်တန်းလျားတဆောင်၊ ဧည့်သည်နေတန်းလျား (၁)၊ဝမ္မာရုံသစ်သားကျောင်း တဆောင် ရှိလေသည်။

စားရေး သောက်တာ ။ ။ စားသောက်ရေးမှာ ဒကာများက အလှည့်ကျလိုလူဒါန်း ချက်ပြုတ်ကပ်ကြသောကြောင့်ရဟန်း

ယောဂီ၊ လူယောဂီ အားလုံးပင် စရိတ်ငြိမ်းချမ်းသာစွာ အားထုတ်ကြရလေသည်။ (ဝမ်းမြောက်စရာပင်)။

ကလျာဏီ သိမ်တော်ကြီးသို့ ကိုလံဘိုမှ (၅) မိုင်

ကိုလံဘိုမှ (၅)မိုင်ကွာ ကန္ဒုဗောဓသွားရာလမ်း ကလျာဏီမြစ်ကမ်းဘေးမှာ တည်ရှိ၍ မြစ်နှင့်ကိုက် (၃၀၀) လောက်သာ ဝေးသည်။

ရဟန်္ဓာမျှား သမုတ်ခဲ့ခြင်း ။ ။ ၎င်းသိမ်တော် ကြီးမှာ ရှေးက ရဟန်္ဓာကြီးများ သမုတ်ခဲ့သဖြင့် သာသနာဝင် အားလုံး လေးစားကြလေသည်။

ဓမ္မဇေတိမင်းကြီး ။ ။ ဟံသာဝတီပဲခူးဘုရင် ဓမ္မဇေတိမင်းကြီး၏ လက်ထက်က မြန်မာဘုန်းတော်ကြီးများ စေလွှတ်၍ ၎င်းသိမ်ကြီးခို ရဟန်းထပ်ပေးပြီးမှ ပဲခူးမြို့ ရှေသာမလျောင်းရှိ ယခုကလျာဏီသိမ်ကြီးကို သမုတ်စေရာ အဆောက်အဦကြီးများကို ပြုလုပ်ခဲ့လေသည်။

သိမ်တော်ကြီး၏ အနေအထား ။ ။ သိမ်တော်ကြီးမှာ အရှေ့ ကလျာဏီမြစ်ဘက် မျက်နှာလှည့်၍ အုတ်ခုံ (၂) တောင် ခန့်သာမြင့်သည်၊ အကန့် (၅)ကန့် ပြုလုပ်ထားသည်။ (က) ဘိုးပ်ချုတ် ဆင်ဝင်ခန်း (၁၂) တောင်ပတ်လည်လောက်ကျယ်သည်၊ (ခ) စကြံ့ခန်း အလျား (၄၂)တောင်၊ အနံ (၇) တောင်ခန့် ရှိသည်၊ (ဂ) ခန်းမကြီး တောင်မြောက် အတောင် (၆၀)၊အရှေ့ အနောက် (၄၂) တောင်ရှိသည်၊ (ဃ)ဒုတိယစကြံ့ အလျား (၄၂) တောင်၊အနံ(၁၆) တောင်ခန့်၊ (c) ဘုရားခန်း တောင်မြောက် (၄၂)၊အရှေ့အနောက် အတောင် (၂၀)ခန့် ရှိသည်။

ရုပ်ပွားတော်များ ။ ။ အလည်ခန်းမကြီးမှာ (၃)ကန့် ခွဲထား၍ ဘေးဘက် (၂)ခန်းမှာ ရှေသာလျောင်း ရုပ်ပွားတော်

ရုပ်လုံးများနှင့် ဓမ္မစေတီမင်းရဟန်းများ လွှတ်သော ဇာတ်ထုပ်၊ ဇာတ်လမ်း၊ ရှေးပန်းချီကားများ ရှိလေသည်။ သိမ်တော်ကြီးမှာ အလွန်ရှေးကျသော ကျောက်တိုက်ကြီးဖြစ်ရာ ကြီးကျယ်လှသည်။

စေတီနှင့် ဗောဓိပင် ။ ။ သိမ်တိုက်၏ မြောက်ဘက် စေတီကြီးတခုနှင့် တောင်ဘက်မှာ ဗောဓိပင်ကြီးတပင်ရှိသည်၊လုံးပတ် အတောင် (၃၀)ခန့်ရှိ၍ အုတ်ခုံမြင့်ကြီး ပြုလုပ်ထားလေသည်။

ကိုလံ့ဘိုမြို့၌ ဖူးမြော်ကြည့်ရှုဘွယ်များ

၁။ ယိုးဒယား ဘုရားကျောင်း ။ ။ ဘုရားကျောင်းတော်ကြီးနှင့် ယိုးဒယားမင်းသားကြီး တပါး၏ အရိုးဂူပြာသာဒ် ဘုန်းတော်ကြီးကျောင်းများ ရှိသည်။

၂။ အသောက ဝိဟာရ ။ ။ အုတ်တိုက်ဘုရားကျောင်းတော်ကြီးနှင့် ရှေသာလျောင်း ရုပ်ပွား ဆင်းတုများ၊ အသောကမင်းရုပ်လုံး စသည်နှင့် ပန်းချီကားများရှိသည်။

၃။ ဣသိပတနာရလယ ။ ။ ဘုရားတိုက်ကျောင်းတော်ကြီးနှင့် ရှေသာလျောင်းရုပ်ပွားဆင်းတု ရုပ်လုံးပန်းချီမျိုးစုံ၊ စေတီကြီးတခုရှိသည်။

၄။ မြူစယံ ပြတိုက်ကြီး ။ ။ ရှေးဟောင်းပစ္စည်းမျိုးစုံနှင့် အလျား (၅၂)တောင်၊ အနံ (၈)တောင်ရှိ ငါးရိုးကြီး (၁၄) တောင်ရှိသည့် ငါးခေါင်းရိုးကြီး၊ (၈) တောင်လောက် အကားရှိသည့် သမင်ချိုကြီး၊ တိရစ္ဆာန်သေဆေးစိမ် အမျိုးမျိုးနှောက်ဆုံးမင်းပြုသော သီဟိုဠ်ဘုရင်၏ ဒဏ်သုံးအနေဆောင်အမျိုးမျိုးတို့နှင့် ရှေပလွင်စသည်များ ရှိနေလသည်။

၅။ ဇူးခေါ် တိရစ္ဆာန်ရုံကြီး ။ ။တိရစ္ဆာန် အမျိုးမျိုးတို့နှင့် ဆင်ဆပ်ကပ်၊ ဝက်ဝံဖြူ၊ လူဝံကပုံ အမျိုးမျိုးကို ကြည့်ရှုနိုင်သည်။

၆။ ပင်လယ် ဆိပ်ကမ်း ။ ။ သာယာလှသည် ဖြစ်၍ ညခနေပိုင်းများ၌ လေညှင်းခံ ကြသော လူများနှင့် ကားများတို့ မရအောင် စည်ကားလှပေသည်။

၇။ ဝိသုဒ္ဓါရုံ ကျောင်းတိုက်ကြီး ။ ။ တည်းခိုရာ မကုန်ဌာရာမတိုက်မှ မြောက်ဘက် မိုင်ဝက်လောက်သာကွာ၍ ဆရာတော် (ဦးသိရိခမ္မ) စတင် တည်ထောင် ခဲ့သော ကျောင်း တိုက် ကြီး ဖြစ်သည်၊ သံဃာ (၂၀) လောက် ရှိသည်။

သီဟိုဠ်ကျွန်းမှာ လည်ပတ်ရာ၌

မဟိယင်္ဂဏေ ။ ။ သွားလိုသူများသည် ကန္ဒီမြို့မှ ကား ဖြင့် အရှေ့ဘက် (၄၇) မိုင်လောက်သွားမှ ရောက်သည်။

မဟိယင်္ဂဏ စေတီတော် ။ ။ ဘုရားရှင် ဘုရားဖြစ်ပြီး (၉)လပတ် ကြာမှာ ဘီလူးတို့ကို တရားဟောမှန် ကြွလာသည်၊ သောတာပန် ဖြစ်ပြီးသော သုမနနတ်မင်း၏ တောင်းပန်ချက် အရ ဆံတော်တဆုပ်ကိုပေး၍ ဥာဏ်တော်(၇)တောင်ရှိ စေတီတည်ထား သောကြောင့် သီဟိုဠ်တွင် ပဌမဦးဆုံး စေတီဖြစ်သည်။

မင်းအဆက်ဆက် ပြုပြင်ပုံ ။ ။ ၎င်းနောက် ရှင်သရဘူ ရဟန္တာဘုရားရှင်အလောင်း တေဇောဓာတ်လောင်စဉ် ဗုဒ္ဓ၏(ဂိုဝါ) လည်ပင်းရိုး ကိုယူ၍ ဌာပနာကာ ဥာဏ်ခတော် (၁၂)တောင် အထိ တိုးခဲ့ပြုပြင်ခဲ့၏။ ၎င်းနောက်ဗုဒ္ဓဓူဋ္ဌာမင်းသား အခေါ်(၃၁)၊ ဒုဋ္ဌ ဂါမဏိမင်းကြီး အတော(၁၀)မြင့်အောင် တိုးခဲ့၍ ကည်ခဲ့လေသည်။

နာဂဒီပကျွန်းစေတီ ။ ။ နာဂဒီပကျွန်းကို သွားလိုလျှင် ဂျပ္ပနားရောက်အောင် မီးရထားဖြင့်သွား၍ ၎င်းမှ သင်္ဘောကလေး ဖြင့် နာဂဒီပကျွန်း ရောက်အောင် သွားရသည်။

လင်းလွန်းပင် စေတီတော် ။ ။ ဘုရားရှင် (၅)ဝါအရ နုဂါးမင်းများကို ဟောကြားရန် လာရောက်၍ ပဏ္ဍာမြား ပလ္လင်နှင့်

လင်းလွန်းပင် စေတီကို ကိုးကွယ်ရန်ထားခဲ့သဖြင့် ၎င်းစေတီများကို ဖူးနိုင်သည်။

ဓာတုပရိနိဗ္ဗာန်ပြုရာဌာန ။ ။ သာသနာ ကုန်ဆုံးသည့် အခါ သီဟိုဠ်ကျွန်းရှိ ဓာတ်တော် အားလုံးတို့သည် ပဌမ **မဟာ** စေတီမှာ စုရုံးကြ၍ ဒုတိယဝင်းစေတီမှာ စုရုံးကြကာ နောက်ဆုံး ဗုဒ္ဓဂယာ မဟာဗောဓိသို့ အားလုံးစုရုံးကာ တေဇောဓာတ်လောင်၍ ပရိနိဗ္ဗာန်ပြုကြရမည် ဖြစ်ပေသည်။

သီဟိုဠ်ကျွန်း ကိုလံဘိုမြို့မှ မဒရပ်စ်မြို့သို့ (၆၂၂) မိုင်

နတ္တော်လဆုတ် (၂)ရက်နေ့၊ ဒီဇင်ဘာ (၁၉)ရက်နေ့သည် (၈) နာရီ(၄၅)မိနစ် အချိန်မှာ ကိုလံဘိုမြို့ ဘူတာကြီးမှ မီးရထားဖြင့် ပြန်ခဲ့ကြရာ လဆုတ် (၃)ရက်နေ့ နံနက် (၆)နာရီလောက် သီဟိုဠ် ကျွန်း ဆိပ်ကမ်းအဆုံး တလိုင်းမင်းနားဘူတာသို့ ရောက်ကြသည်။

၎င်းနံနက် (၇)နာရီခွဲလောက် တလိုင်းမင်းနားမှ သင်္ဘော ဖြင့် ကူးကြရာအိန္ဒိယဆိပ်ကမ်း(ဒနွတ်ရှကိုဒီ)မြို့ကို(၁၀)နာရီလောက် ရောက်ကြသည်။

ဒနွတ်ရှကိုဒီ၌ ပါတ်စ်-ဘုတ်စ် လက်မှတ်များကို ပြကြရသည်၊ အိန္ဒိယ ကာစတန်ပုလိပ်များက ဟစ္စသ်းများကို စစ်ဆေး ရှာဖွေလ သည်။

၎င်းနေ့ (၁)နာရီ လောက် ဒနွတ်ရှကိုဒီမှ မီးရထားဖြင့် ဆက်လက်ပြန်လာကြရာ လဆုတ် (၄)ရက်နေ့၊ ဒီဇင်ဘာလ (၂၁) ရက်နေ့နံနက် (၈)နာရီလောက် မဒရပ်စ်မြို့ကို ပြန်ရောက်ကြသည်။

မဒရပ်စ်မြို့မှာ မဟာဗောဓိ ဆိုရှယ်နီကျေးငှားတိုက်၌ ခေတ္တ တည်းခိုကြသည်၊ ကိုလံဘိုမြို့မှ မဒရပ်စ်မြို့အရောက် မီးရထားလက် မှတ်တဆက်ဟည်းခံ၍ဖြစ်ရာ တတိယတန်း တဲယောက်လျှင် (၂၅) လောက်ပေးရသည်။

မဒရပ်စ်မြို့မှ ကာလဂဟွားမြို့သို့ (၁၀၃၂) မိုင်

နတ္တောင်လဆုတ် (၄)ရက်နေ့ည (၀)နာရီ (၄၅) မိနစ် အချိန် မဒရပ်စ်မှ မီးရထားဖြင့် ကာလကတ္တားဘက်ကို ပြန်လာကြရာလဆုတ် (၆)ရက်နေ့၊ဒီဇင်္ဘာ(၂၃)ရက်နေ့ နေ့လည် နာရီပြန်တချက်လောက်မှာ ကာလကတ္တားမြို့ကို ပြန်ရောက်ကြသည်၊ မီးရထားခ(၂၀)ကျပ် ကျသည်။

ဟောင်းရား ဘုဟာကြီးမှ ။ ။ စစ်တကောင်းဗုဒ္ဓဘာသာ ကျောင်းကို ပြန်လာကြရာ ကားကြီးတစီး (၂၀) ကျပ် ပေးရလေသည်။ တက္ကစီကားဖြင့် သွားလိုလျှင် တစီး ၃°/ လောက် ပေးရသည်။

သဘော်လက်မှတ် ။ ။ ရောက်လျှင်ရောက်ခြင်း သဘော်လက်မှတ် ဘုတ်လုပ်ကြသော်လည်း သဘော်လက်မှတ် အဆင်မပြေသောကြောင့် နတ္တောင်လဆုတ် (၉) ရက်နေ့ ၁၉၅၆-ခု ဒီဇင်္ဘာ (၂၆) ရက်နေ့ ထွက်သောသဘော်ကို မလိုက်ကြရပဲ ၁၃၁၀-ခုနှစ် ကာလကတ္တား· စစ်တခကောင်းကျောင်းမှာပင် တည်းခိုကြ၍ တပ္ပိတ္တဲလဆန်း (၅)ရက်နေ့၊ ဖေဖေါ်ဝါရီလ (၄) ရက်နေ့ထွက်မည့် သဘော်ပတ်ရောက်အောင် စောင့်ဆိုင်းနေကြရာ (၃)ရက်လောက် ကြာသည်။

ကာလကတ္တားမြို့မှ ရန်ကုန်မြို့သို့ (၇၀၇) မိုင်

၁၃၁၀ ခုနှစ်၊ တပ္ပိတ္တဲလဆန်း (၅)ရက်၊ ၁၉၅၇ ခုနှစ်၊ဖေဖော်ဝါရီလ (၄)ရက် တနင်းလာနေ့ နံနက်(၅)နာရီလောက်တွင်ကာလကတ္တားမြို့ တည်းခိုရာဘင်္ဂါလီ ဗုဒ္ဓဘာသာစစ်တကောင်း ကျောင်းမှ မော်တော်ကားဖြင့် စတင်ထွက်ခွဲကြရာ (၆) နာရီလောက် (၂၂) နံပါတ်ဆန်ကိုလာ သဘော်ဆိပ်သို့ ရောက်ကြသည်၊ ကားခ· ၂၀ိ· ပေးရသည်။

ဂင်းညနေ(၂)နာရီခွဲလောက်တွင်သင်္ဘောဖြင့်ကာလကတ္တားမှ စတင်၍ထွက်ခွာခဲ့ကြရာ (၅)နာရီလောက်တွင် ရပ်နားမ်ရေစောင့်ကြရသည်၊ ဂင်း(၅)ရက်နေ့ည (၁၂)နာရီလောက် စတင်ထွက်ခဲ့ကြပြန်ရာ လဆန်း (၆)ရက်နေ့ (၂) နာရီလောက် ပင်လယ်ဝရောက်၍ ပိုင်းလေ့များ လဲလှယ်ကြလေသည်။

ဂင်း (၇)ရက်နေ့ နံနက်မှာ ပင်လယ်တည်းကပင် နေထွက်လာသည်ကို တွေ့ရ၍ ရေများနက်ပြာရောင် ဖြစ်နေသည်ကိုလည်း တွေ့ရလေသည်။

ဂင်းလဆန်း (၈) ရက်နေ့ နံနက် (၁၀)နာရီ လောက်မှာ ရန်ကုန်မြစ်ဝသို့ ရောက်ကြ၍ ပိုင်းလေ့ကို စောင့်ဆိုင်း နေကြရကာ နေ့လည် (၂) နာရီလောက်မှ ပိုင်းလေ့ လဲလှယ်ကာ ရန်ကုန် မြစ်တွင်းသို့ ဝင်ခဲ့ကြရသည်။

ဂင်းနေ့ညနေ (၅)နာရီလောက်မှာ ရန်ကုန်သို့ချက်ခြင်းမဝင်နိုင်ကြသေးပဲ တည်င် ဘီ အိုစီ ဆိပ်ကမ်းမှာကျောက်ချ၍ ညအိပ်ကြရသည်။

ဂင်း ၁၃၁၈-နှစ် တပို့တွဲလဆန်း (၉) ရက် (၈-၂-၅၇)နေ့ နံနက် (၇) နာရီလောက်မှာ စတင်ထွက်၍ (၇) နာရီခွဲလောက်မှာ ရန်ကုန်မြို့ ပန်းဆိုးဟန်း ဘောတံတား ဆိပ်ကမ်းသို့ ရောက်ကြသည်။

ဂင်းဆိပ်ကမ်းဌ ပစ္စည်းများကိုချ၍ အစစ်အဆေးခံကြကာ မော်တော်ကားဖြင့် ပြန်လာခဲ့ကြရာ(၉)နာရီလောက်မှာ ကျောင်းသို့ ချောမောရှင်ပြ ပြန်ရောက်ကြလေသည်။ ။

မှတ်ချက်ထူး။

က။ ၁၃၁၈-ခုနှစ် တန်ဆောင်မုန်း လဆန်း ၇-ရက်နေ့ (၉-၁၁-၅၆)နေ့ ညနေ ၅-နာရီအချိန် မြန်မာပြည်မှ အိန္ဒိယသီဟိုဠ်သို့ ဘုရားဖူးရန် စတင်ထွက်ကြရာ။

၁။ ၁၃၁၈ ခုနှစ် တပို့တွဲလဆန်း ၉·ရက်နေ့ (၈-၂-၅۷) နေ့ နံနက် ၇·နာရီခွဲ အချိန်မှာ ရန်ကုန်သို့ ပြန်ရောက်ကြသည်။

ဗုဒ္ဓဇယန္တီပွဲတော်အတွင်း ဘုရားဖူးသွားရာ၌ ကြုံခဲ့သော စေတီတော်များ အား ရှိခိုး ဆုတောင်း

မြန်မာ - ကျေး လက်ဝေးများ

နံပါတ်(၁)။ မဟာဗောဓိ စေတီတော်ရှိခိုး

ဗောဓိမဏ္ဍိုင်ပလ္လင်ထက် ငါးမာရ်ချေဖျက်ဒို့မြတ်စွာ
တရားဥဿုံသီထင်ရှား သဗ္ဗညုတ္တိဉာဏ်များရခဲ့ဒါ
သောင်းထိုက်ဝေနေ နတ်ဗြဟ္မာတသင်း ခယဝပ်စင်း
ဦးညွှတ်ရာ။
ဗောဓိခေါ်ငြား စေတီအား ညွှတ်တွား ပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်လွတ်ကင်း၊ အောင်မြင်ခြင်း၊
သတင်းဖြိုးဝေဆာ။ ။

နံပါတ်(၂)။ မိဂဒါဝုန် ဝမ္မစကြာစေတီတော် ရှိခိုး

မိဂဒါဝုန် တောမြိုင်တွင်း၊ သုံးလူ့သော်ရှင်နှင်း ဒို့မြတ်စွာ
တရားဦးခေါ် ဓမ္မစက်၊ ပဉ္စဝဂ်ကို ဟောမိန့်ခါ။
ဆယ်ရှစ်ကုဋေ နတ်ဗြဟ္မာအား၊ မဂ်ဖိုလ်တရား ချီးမြှင့်ရာ။
စကြာခေါ်လပ် စေတီမြတ်၊ တုပ်ဝပ်ပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၃)။ ကုသိနာရုံရှေသာလျောင်းဘုရားရှိခိုး

သက်တော်ရှစ်ဆယ်ပြည့်ထင်ရှား၊ ဝါဇလေးဆယ့်ငါး
ရသည့်ခါ။

ကုသိနာရုံမည်ထင်ရှား၊ အင်ကြင်းစုံကြား ဓာတုမြိုင်မှာ။
နိဗ္ဗာန်ရှေပြည်အေးရစ်နန်း၊ ကြွရောက်စံမြန်း ဒုံမြတ်စွာ။
ဇီဝိန်ချုပ်ပြောင်း ပုံသာလျောင်း၊ ခညောင်းပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၄)။ မဟာပရိနိဗ္ဗာနစေတီတော်ရှိခိုး

ပရိနိဗ္ဗာန်စံရာရပ်ဌ၊ မလ္လာမင်းမြတ် ပေါင်းမျှားစွာ
ဝေစုရလာ ခါတ်ဟော်မျှား၊ ပေါင်းစုလေးစား ဌာပနာ။
နောက်သားနောင်လာ ကောင်းမွန်ရေးကို၊
စိတ်ကြံမျှော်တွေး စဉ်ခါ။
ကိုးကွယ်တည်ထား၊ စေတီအား၊ ညွှတ်တွား ပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၅)။ လုမ္မနီလိုဏ်ဂူတော် ဘုရားရှိခိုး

သောင်းတိုက်ဝေနေ နတ်ဗြဟ္မာတသင်း၊တောင်းပန်
ဝပ်စင်း ခံယူကာ။
လူ့ပြည်ရပ်ဌာန်လောင်းတော်မြတ်၊သန္ဓေမှိုက်ပ်တည်နေရှာ။
အင်ကြင်းလုမ္မနီဥယျာဉ်တွင်းဌ၊ ဖွားမြင်သန့်ရှင်း မိမာယာ။
လောင်းတော်ရည်မှန်း လိုဏ်ဂူနန်း၊ ရှင်လန်းပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၆)။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရှိခိုး

ငါးကုဋေကျော်အရိယာထွဋ်၊ ရှေပြည်သာဝတ်ဇေတဝန်မှာ။
နှစ်ဆယ့်ငါးဝါ သုံးလူမင်း၊ မှီခိုကပ်ချဉ်းနေထိုင်ကာ။
သောင်းတိုက်ဝေနေ ဗိုလ်ချေမျှား ၊ဟောဖော်မြှက်ကြား
မြတ်ဓမ္မာ။
ဂုဏ်တော်တင့်ဆန်း စိတ်ရည်မှန်း၊ ရှင်လန်း ဦးညွှတ်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၇)။ သက်ဿနဂိုရ်ဘုရားရှိခိုး

ရေမီးအစုံ တန်ခိုးတော်မျှား၊ တိတ္ထိတို့အား ပြသခါ။
တာဝတိံသာနတ်ပြည်နန်း၊ ကြွရောက်စံမြန်း သုံးလတာ။
ပတ္တမြားရွှေဌေစောင်းတန်းမျှားနှင့်၊ သက်သ်တောင်တံခါး
ဆင်းသက်ရှာ။
ဂုဏ်တော်မှန်းထား ကျေးကျော်ဆင်အား၊ညွှတ်ဘွားပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၈)။ ရာဇဂြိုဟ်ပြည် ဘုရားရှိခိုး

ငါးလုံးတောင်ရံ လှည့်ကာပတ်၊ရာဇဂြိုဟ်မြတ်ပြည်တော်မှာ။
ဝေဠုဝန်ခေါ်ကျောင်းတော်မြတ်၊ပျော်စံကိန်းဝပ်ဒုံမြတ်စွာ။
ပေါ်ခိုင်းစုညီညာ သံဃါယနာအစ၊ရှင်မဟာကဿပ တင်ခဲ့ရာ။
ဂုဏ်ပေါင်းတင့်ဆန်း စိတ်ရည်မှန်း၊ ရှင်လန်း ပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၉)။ နာလန္ဒတက္ကသိုလ် ဘုရားရှိခိုး

လက်ဝဲလက်ျာသာဝကများ၊ သန့်စင်မွေးဖွား ရပ်ဌာနာ။
ဆရာတထောင်တပြည့်သား၊ တသောင်းကျော်များ
နေထိုင်ရာ။
နှစ်မိုင်ပတ်လည် ကြီးကျယ်လှ၊ တက္ကသိုလ်ပနာလန္ဒာ။
ကြီးကျယ်ခမ်းနား ဂုဏ်ထူးများ၊ မှန်းထားဦးညွှတ်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၁၀)။ ပါဋ္ဌနား ဘုရားရှိခိုး

ရေတွင်းရေကန်ကျောင်းတော်များ၊စေတီရုပ်ပွါးအဖြာဖြာ၊
ရှစ်သောင်းလေးထောင်လွန်တင့်ဆန်း၊ဆောက်လုပ်လှုဒါန်း
အသောကာ။
တတိယခေါ် သံဂါယနာပ၊ တင်ရာဌာန ပါဋ္ဌနာ။
လုံစုံရည်စူး စိတ်ကြည်နူး၊ ရှင်မြှုံးပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၁၁)။ ဝေသာလီပြည် ဘုရားရှိခိုး

မင်းပေါင်း ခုနှစ်ထောင်ကျော် စုံးစံကြ၊ ဝေသာလီပ
ပြည်ဌာနာ။
ဝါသိကာရုံ စေတီတဝ၊ ကူဋာဂါရ ကျောင်းတော်သာ။
ဒုတိယခေါ် သံဂါယနာပ၊ ရှင်မဟာယသ တင်ခဲ့ရာ။
စိတ်ကရည်မှန်း ဂုဏ်တော်ဆန်း၊ ရှင်လန်းပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၁၂)။ စံချီဘုရားရှိခိုး

လက်ဝဲလက္ခာ သာဝကတို့၊ ရိုးတော်ခါတ်ပ ကိန်းဝပ်ရာ။
ဝေဒိဿကခေါ် တောင်ထိပ်ဖျား၊ ပြုလုပ်တည်ထား
ကြီးကျယ်စွာ။
စံချီခေါ်တွင် စေတီမြတ်ကို၊ ရှိသေတုပ်ဝပ် လေးစားခါ။
ဂုဏ်တော်အထူး စိတ်ရည်စူး၊ ကြည်နူးပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၁၃)။ အဂျန္တာလိုဏ်ဂူ ဘုရားရှိခိုး

ရဟန္တာသခင် ထေရ်ရှင်အပေါင်းတို့၊ ပျော်ရွှင်ခညောင်း
ကိန်းဝပ်ရာ။
နှစ်ဆယ့်ခြောက်ဖြာ လိုဏ်ဂူများ၊ ကြီးကျယ်ခမ်းနား
အဂျန္တာ။
ခြူးပန်းခြူးနွယ် ပန်းချီကား၊ ဆင်းတုရုပ်ပွား အဖြာဖြာ။
ဂုဏ်တော်ရည်စူး စိတ်ကြည်နူး၊ ရှင်မြူးပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၁၄)။ ဒေလီသတိပဋ္ဌာန်ဟောရာကျောက်တိုင်ရှိခိုး

ကုရုခေါ်ဆို ဒေလီပ၊ မြို့မြတ်ဌာန လွန်သာယာ။
သတိပဋ္ဌာန် ဓမ္မစက်တရား၊ ဟောခေါ်မြှက်ကြား
စောမြတ်စွာ။
မြင့်မားကြီးကျယ် ကျောက်တိုင်မြတ်၊ စိုက်ထူသတ်မှတ်
ဤနေရာ။

ဂုဏ်ဘောဝရည်စူး စိတ်ကြည်နူး၊ ရှင်မြတ်ပူဇော်ပါ။'
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၁၅)။ လက္ခနောင်း အာဂရာဘုံဘေမဒရပ်စ် ကာလကတ္တားဖွဲ့ ကဗျာ

လက္ခနောင်း အာဂရာကျောက်ဂူများ၊ ကြီးကျယ်ထင်ရှား
နန်းတော်ရာ။
ဘုံဘေခေါ်တွင် မြို့တော်မြတ်နှင့်၊ မဒရပ်စ်မြို့ မကျန်ပါ။
ဆောက်ဦးကြီးကျယ် လွန်ဆန်းပြား၊ ကာလကတ္တား
မြို့တော်သာ။
လှည့်လှည့်ရှင်လန်း အခန်းခန်း၊ ဖြတ်သန်း စုံလင်စွာ။
မလွတ်တန်းသာပ ကြည့်ရှုကြ၊ ဧ၀ံဒုအဖြာဖြာ။

နံပါတ်(၁၆)။ ကိုလံဘိုမြို့ ဘုရားရှိခိုး

ယိုးဒယားခေါ်ကျောင်းတော်ဘဝ၊ဣသိပတနအသောကာ။
ရုပ်ပွားဖြာဖြာ ရှေသာလျောင်း၊ ဇာတ်ထုပ်ဇာတ်ပေါင်း
ပန်းချီပါ။
ဝိသုဒ္ဓါရုံ မကုဋ္ဌာရာမ၊ ကျောင်းတော်ဌာန စုံလင်စွာ။
လုံးစုံရည်စူး စိတ်ကြည်နူး၊ ရှင်မြတ်ပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၁၇)။ ကလျာဏီသိမ်ရိပ်သာ ဘုရားရှိခိုး

ကလျာဏီခေါ် မြစ်တော်တွင်း၊ သုံးလူသေဌာနင်းရေသန့်ဒါ။
ကမ်းခြေတောင်ရုံ သိမ်တော်ထူး၊ စေတီထွဋ်မှူးဗေဒိပါ။

ယောဂီပျော်ရာ ရိပ်သာစခန်း၊ သွားရောက်ဖြတ်သန်း
စုံလင်စွာ။
ဂုဏ်ပေါင်းရည်စူး စိတ်ကြည်နူး၊ ညွှတ်ဦး အဖြာဖြာ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၁၈)။ ကန္ဒီမြို့ စွယ်တော်မြတ်ဘုရားရှိခိုး

ဗုဒ္ဓရှင်တော် နိဗ္ဗာန်ကြွ၊ အသမ္ဘိန္နဝင်အပါ။
အောက်လက်ဝဲခေါ် စွယ်တော်ခဝတ်၊ ပျော်စံကိန်းဝပ်
တည်နေရာ။
ကန္ဒီခေါ်ဆို မြို့တော်ထူး၊ စိမ်းညိုပွင့်ဖူးစုံလင်စွာ။
သွားရောက်ကြည်နူး စိတ်ရည်စူး၊ ညွှတ်ဦး ပန်ဆင်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၁၉)။ စေတီပါဒတောင် စက်တော်ရာဘုရားရှိခိုး

စမ်းချောင်းရေတံခွန် စီးသွယ်ကျ၊ စေတီပါဒ ခေါ်သည်။
ငါးမိုင်ကျော်ပင် မြင့်မောက်မား၊ တောင်တော်ထိပ်ဖျား
တိုက်ခန်းသာ။
ဗုဒ္ဓရှင်တော်ကြွလာလျက်၊ ခြေတော်ရှေစက်ချခဲ့ရာ။
မှန်းဆကြည်နူး စိတ်ရည်စူး၊ ရှင်မြတ်ပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၂၀)။ အနုရာဓဗောဓိပင်နှင့် စေတီမျှားရှိခိုး

သယ်မိတ္တာဗောဓိမြတ်၊ ပျော်စံကိန်းဝပ်တည်နေရာ။
မဟာစေတီဇောတဝန်၊ ထူပါရာမ မည်သည်။

အဘယတလိမရိစ၊ လံကာဗ္ဗသဏရအဖြာဖြာ။
မှန်းဆရည်စူး စိတ်ရှင်မြူး၊ ကြည်နူးပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန် ကင်းရှင်း၊ အောင်မြင်ခြင်း၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၂၁)။ မဟိန္ဒလေ့တောင် ဘုရားရှိခိုး

မြန်းကြွရောက်လာ မဟိန္ဒနှင့်၊ ဝိယတိဿမင်းရာဇာ။
အစဦးစွာတွေ့ဆုံကြ၊ အမှတ်ထွေလမည်သည်ဘာ။
ဥဏ္ဏလုံခေါ် မေ့ရှင်ဝေတာ်၊ ပျော်စံကိန်းဝပ်တည်နေရာ။
မဟိန္ဒလေ့တွင်ဆန်းတောင်စခန်း၊ ရှင်လန်းပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၂၂)။ ပေါလုနရုဝ ဘုရားရှိခိုး

မင်းပေါင်းများစွာ ပျော်စံကြ၊ ပေါလုနရုဝမြို့တော်မှာ။
စေတီဆူဆူမဟာတော်တိုက်နှင့်၊ လွန်စွာသိုက်မြိုက်
ကျောင်းဝိဟာ။
ဆင်းတုဖြာဖြာ ရှင်သာလျောင်း၊ ပန်းချီရုပ်ပေါင်း
များပြားစွာ။
လုံးစုံရည်စူး စိတ်ကြည်နူး၊ ရှင်မြူးပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၂၃)။ ဆိုဂိရိုးယား တောင်ဖွဲ့ကဗျာ

မေ့ဖခင်ကို အသေခွင်းရ၊ ဘုရင်မင်းမြတ်ပြုလုပ်ခါ။
တောင်ထိပ်ဖျားမှာ နန်းအိမ်ဆောက်၊ မာန်ရှိန်တောက်၍
နေတိုင်ရှာ။

ကဿပခေါ် မင်းရာဇ၊ ဆယ့်ရှစ်နှစ်မျှ စိုးစံရာ။
နန်းတော်မြို့ဝန်း ဥယျာဉ်ခန်း၊ လွန်ဆန်းကျယ်လှဒါ။
ဆိုဂိရိုးယားခေါ်ကြ တောင်ဌာန၊ စေ့ဌကြည့်ရှုရာ။ ။

နံပါတ်(၂၄)။ ဒမ္မုလတောင်လိုဏ်ဂူဘုရားရှိခိုး

ဒမ္မုလခေါ် တောင်ထိပ်နန်း၊လိုဏ်ဂူတင့်ဆန်း အဖြာဖြာ။
ရဟန္တာရှင်ငါးရာအပေါင်းတို့၊ကိန်းဝပ်ခညောင်းပျော်စံရာ။
ခြူးပန်းခြူးနွယ် ပန်းချီကား၊ ဆင်းတုရုပ်ပွားရေကန်သာ။
စိတ်ကရည်စူး အထူးထူး၊ ရှင်မြူးပူဇော်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းရှင်း၊ အောင်မြင်ခြင်း၊
သတင်းဖြိုးဝေဆာ။ ။

နံပါတ်(၂၅)။ အာလောကလိုဏ်ဂူတော်ဘုရားရှိခိုး

မလယခေါ် ရပ်ဌာန၊ အာလောကဟု မည်တွင်သာ။
စတုတ္ထခေါ် သံဂါယနာမြတ်၊ တင်ကာသတ်မှတ် ပြုပြင်ခါ။
ပေထက်အုက္ခရာရှေးကျော်အစ၊ ရေးတော်မူကြထေရ်မဟာ။
လိုဏ်ဂူတော်နန်း အခန်းခန်း၊ ရည်မှန်းပူဇော်ပါ။ ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

နံပါတ်(၂၆)။ မဟိယင်္ဂဏနှင့်နာဂဒီပဘုရားရှိခိုး

ဆံတော်မျှားစွာ ဂိုဝါခါတ်၊ ပျော်စံကိန်းဝပ် တည်နေရာ။
မဟိယင်္ဂဏခေါ် စေတီမြတ်၊ ဖန်ခါထပ်ထပ် ဖူးမျှော်ပါ။
ပဏ္ဍာမြားပလွင် ရာဇာရတန၊ တည်ရာဌာနသွားရောက်ခါ။
နာဂမည်ငြား ကျွန်းရပ်ခြား၊ ကူးသွားဖူးမြင်ပါ။
ဤကောင်းမှုကြောင့်၊ ဘေးရန်ကင်းပ၊ အောင်မြင်ရ၊
သုခဖြိုးဝေဆာ။ ။

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကုမာရဘုန်း၊ ရန်ကုန်

အရှင် ပညာဇောတ
သာသနာ့မဏ္ဍိုင်၊ ပဲခူးမြို့။

သစ္စာမလ္လိုင် ပိဋကတ်စာအုပ်ဆိုင်
အမှတ် ၂၂ ရွှေတိဂုံဘုရားကြီးစေး၊
ဒဂုံစာတိုက်၊ ရန်ကုန်မြို့။